
# ဘာသာစကားပေါင်းစုံပညာရေး

# LEARN-CHOOSE-USE

# ဆရာသင်ထောက်ကူကရိယာ

ဆရာများ၏ လုပ်ငန်းခွင်အရည်အသွေး တိုးမြှင့်နိုင်ရန်ရည်ရွယ်၍ ဘာသာစကားစုံ
စာသင်ခန်းများတွင် ရွေးချယ်စရာများဖြင့် ဆရာများအား ပံ့ပိုးပေးသော နည်းတစ်ခု




TeacherFOCUS
Learn-Choose-Use
စီးရီးရဲ့ ဒုတိယအတွဲ
ဖြစ်ပါသည်။

Teacher FOCUS

ined
the inclusive education foundation

## တည်းဖြတ်

Tin Zar
Greg Tyrosvoutis

**PHOTO CREDITS**

Lawi Chan
Naing Win



## အချက်အလက်နှင့် ပြန်လည်ထုတ်ဝေမှု မူပိုင်ခွင့်

© The Inclusive Education Foundation (InEd) and TeacherFOCUS 2023

www.inedfoundation.org

Creative Commons Attribution-NonCommercial-ShareAlike 4.0 International License (CC BY-NC-SA 4.0)

ဤစာအုပ်ပါအကြောင်းအရာများကို အသုံးပြုလျှင် အသုံးပြုသူသည် CC BY-NC-SA 4.0 တွင်ဖော်ပြထားသည့် အသုံးပြုမှုနှင့် ဖြန့်ဝေခြင်းဆိုင်ရာလိုက်နာရမည့်စည်းကမ်းများကို လက်ခံထားပြီးဖြစ်သည်ဟု မှတ်ယူသည်။

အသုံးပြုမှု လိုင်စင် အပြည့်အစုံကို အောက်ပါလင့်တွင် ရယူနိုင်သည်။
https://creativecommons.org/licenses/by-nc-sa/4.0/

## အညွှန်းအဖြစ်အသုံးပြုရန် အကြံပြုချက်

Zar, T. & Tyrosvoutis, G. (2023). The multilingual education learn-choose-use teacher toolkit. First Edition. The Inclusive Education Foundation and TeacherFOCUS. Mae Sot, Thailand.

# အမှာစကား

သင်ကြားရေးသည် စိန်ခေါ်မှုများကြုံတွေ့ရချိန်တွင် စဉ်ဆက်မပြတ် တီထွင်ဖန်တီးမှုများဖြင့် ပြည့်နှက်နေသော အလုပ်အကိုင်တစ်ခုဖြစ်သည်။ ထိရောက်မှုရှိသော သင်ကြားရေးသည် နေ့စဉ်ပြန်လည်သုံးသပ်ခြင်း၊ နေ့စဉ် သင်ယူလေ့လာခြင်း၊ နေ့စဉ်ပြောင်းလဲမှုများနှင့် နေ့စဉ် တိုးတက်ခြင်း တို့၏ ရလဒ်တစ်ခုဖြစ်သည်။ အရှေ့တောင်အာရှနှင့် အထူးသဖြင့် ထိုင်း-မြန်မာနယ်စပ် တစ်လျှောက်တွင် မတူကွဲပြားသည့် ပညာရေးဦးဆောင်သူများက ကြီးကြပ် ဆောင်ရွက်သော အမျိုးမျိုးသောနည်းလမ်းများမှတစ်ဆင့် ပညာရေးကိုထောက်ပံ့ကူညီပေးသည်။ ပညာရေးမှတစ်ဆင့် တိုင်းရင်းသားဘာသာစကားများ၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုများကို မြှင့်တင်ခြင်းသည် အင်အားကြီး လူမျိုး/အုပ်စုများကို တွန်းကန်ရပ်တည်နိုင်စေသည့် အလွန်အရေးပါသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံအခြေအနေတွင် မြန်မာဘာသာစကား နှင့် အင်္ဂလိပ်ဘာသာစကားကဲ့သို့သော ဘာသာစကားများ၏ အရေးအရာရောက်မှုသည် ပညာရေးစနစ်များ တွင်ရှိသော အင်အားကြီးမှု၏ ပြယုဒ်တစ်ခုဖြစ်သည်။ ၎င်းနှင့်အခြား အကြောင်းအရင်းများအတွက် မိခင်ဘာသာစကားအခြေပြု ဘာသာစကာမျိုးစုံ သုံး ပညာရေးစနစ် နှင့်ပတ်သတ်၍ ထောက်ခံမှုများ ရလာအောင် ဆောင်ရွက်ခြင်းသည် အားလုံးပါဝင်နိုင်သောပညာရေး မြှင့်တင်ရာတွင် ဆက်လက်ပြီးဦးစားပေး ဆောင်ရွက်ရမည့်နေရာတွင်ရှိနေသည်။ အသုံးပြုမှု နည်းပါးသော ဘာသာစကားသုံးသည့် ရပ်ရွာဝန်းကျင်များမှ ဘေးထုတ်ဖယ်ကျဉ်ခံရဆုံးကလေး အချို့အတွက် အရည်အသွေးမြင့်ပြီး တန်းတူညီမျှသော၊ ဒေသအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိသော ပညာရေးပံ့ပိုးမှုများတွင် ခံနိုင်ရည်ရှိပြီး ဘာသာစကားအမျိုးမျိုးတတ်သော ဆရာ/မများ သည် ဆက်လက်၍ ဗိုလ်စွဲ ထားပါသည်။ TeacherFOCUS စတင်တည်ထောင်ချိန်ကတည်းက ကျွန်ုပ်တို့အဖွဲ့မှ အတူတူ အလုပ်လုပ်ခွင့်ရခဲ့သည့် ဘာသာစကားမျိုးစုံသုံးစာသင်ခန်းများ တွင် သင်ကြားပေးလျက် ရှိသော ဝါသနာကြီးသော၊ ပြောင်းလဲမှုမရှိသော၊ စေတနာကြီးသော ဆရာ/မများအတွက် ရည်ရွယ်ကာ ဤစာအုပ်ကိုဖန်တီးခဲ့ပါသည်။

**Dr. Susan Malone of SIL International** အား သူမ၏စာတမ်းဖြစ်သော *Activities for early grades of Mother Tongue (L1)-based Multilingual Education Programs (2010)*ကို ဤစာအုပ် ရေးသား ထုတ်လုပ်ရာတွင် မှီငြမ်းအသုံးပြုခွင့်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ သူမ၏စာတမ်းသည် ဘာသာစကားမျိုးစုံအသုံးပြုသည့် နေရာများတွင် အလုပ်လုပ်နေသော ဆရာ/မများအတွက် အရေးပါပြီး အကျိုးရှိသလို လိုအပ်လျက်လည်းရှိပါသည်။ သူမ၏စာတမ်းနှင့် အားဖြည့်ကူညီမှု အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ပါ အခန်းများကို ဘာသာပြန်ခြင်းနှင့် ပုံစံချမှတ်ခြင်းများအား ပံ့ပိုးကူညီပေးသော **ပန်းအိဖြူနှင့် သီသီနွယ်**ကို ကျေးဇူးတင်ပါသည်။ **နွဲ့နွဲ့**ကိုလည်း စာအုပ်ပါ အခန်းများအား စစ်ဆေးဖတ်ရှုပေးသည့်အတွက် ကျေးဇူးတင်ပါသည်။
ရွှေ့ပြောင်းစာသင်ကျောင်းများနှင့် ဤစာအုပ်ထုတ်လုပ်ခြင်းအတွက် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ပေးသော **Child’s Dream Thailand Foundation** ကိုလည်း ကျေးဇူးတင်ပါသည်။

# မာတိကာ


သင်ယူ- ရွေးချယ်- အသုံးပြုနည်းလမ်း ၄

ဆရာသင်တန်းအပေါ် ကျွန်ုပ်တို့၏အဓိကယုံကြည်ချက်များ ၅

မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံသုံး ပညာရေး၏အကျိုးကျေးဇူးများ ၆

ထိရောက်မှုရှိသော MLE ပရိုဂရမ်များ၏ အစိတ်အပိုင်းများ ၈

ဘာသာစကားပေါင်းစုံအသုံးပြုသင်ယူရေးကိုမြင့်တင်နိုင်သော သင်ကြားမှုနည်းလမ်းများ ၉

ဝေါဟာရ၊ အဓိပ္ပါယ်အထူးပြု၍ မိခင်ဘာသာစကား၊ အပြောစွမ်းရည်မြင့်တင် သင်ကြားခြင်းနည်းလမ်းများ ၁၃

ဝေါဟာရ အဓိပ္ပါယ် နှင့် တိကျမှုကိုအထူးပြု၍မိခင်ဘာသာစကား အကြိုအရေး၊ အဖတ်စွမ်းရည် မြင့်တင်သင်ကြားခြင်း နည်းလမ်းများ ၁၇

ဝေါဟာရ၊ အဓိပ္ပါယ်နှင့် တိကျမှုကိုအထူးပြု၍ မိခင်ဘာသာစကား အရေး၊အဖတ် စွမ်းရည် မြင့်တင်သင်ကြားခြင်းနည်းလမ်းများ ၂၁

ဒုတိယဘာသာစကား အပြောစွမ်းရည်မြင့်တင်ခြင်းနည်းလမ်းများ ၂၅

ဒုတိယဘာသာစကား အရေး၊အဖတ် မိတ်ဆက်သင်ကြားခြင်းနည်းလမ်းများ ၂၉

ဘာသာရပ်အခြေပြု MLE သင်ကြားမှုနည်းလမ်းများ ၃၃

ကိုးကားချက်များ ၄၆

The Inclusive Education Foundation ၏ဘာသာစကားမျိုးစုံသုံးပညာရေးဆိုင်ရာ အခြားသောအရင်းအမြစ်များ ၅၀

# ဝေါဟာရများ

| | |
|---|---|
| **MT or L1** | ပထမဘာသာစကား(သို့)အိမ်သုံးဘာသာစကားအဖြစ်ရည်ညွှန်းကြသောမိခင်ဘာသာစကားကို အဓိပ္ပာယ်သတ်မှတ်ရာတွင် သင်ယူလေ့လာသူတစ်ယောက်က က)ပထမဆုံး လေ့လာသော ဘာသာစကား၊ ခ) အသိအမှတ်ပြုထားခြင်း၊ ဂ)ရင်းနှီးကျွမ်းဝင်မှုအရှိဆုံး (သို့မဟုတ်) ဃ) အများဆုံးအသုံးပြုခြင်းတို့ ဖြစ်သည် (UNESCO, 2003) |
| **L2** | ပုံမှန်အားဖြင့်ကျယ်ပြန့်မှုရှိသောဆက်သွယ် ဆက်ဆံရေးသုံးဘာသာစကားဖြစ်သည့် ဒုတိယ ဘာသာစကား |
| **L3** | များသောအားဖြင့် အင်္ဂလိပ်ဘာသာစကားကဲ့သို့ နိုင်ငံတစ်ကာသုံးဘာသာစကားဖြစ်သည့် တတိယဘာသာစကား |
| **LoI or MoI** | စာသင်ကြားရေးအတွက် အဓိကအသုံးပြုသော ညွှန်ကြားပြသရေးသုံးဘာသာစကား |
| **MTB** | မိခင်ဘာသာစကားအခြေပြု L1 သည်စာသင်ချိန်အတွင်းညွှန်ကြားပြသရေးသုံး ဘာသာစကား ဖြစ်သည်။ |
| **MLE** | ဘာသာစကားမျိုးစုံသုံးပညာရေးတွင် ကလေးများသည်တစ်ချိန်တည်းတွင် ဘာသာစကားမျိုးစုံ သုံး၍ သင်ယူလေ့လာကြသည်။ |
| **MTB-MLE** | မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံသုံးပညာရေးတွင် ပညာရေးသည် သင်ယူလေ့လာသူများ၏ ပထမဘာသာစကားဖြင့်အစပြုပြီး နောက်မှ တစ်ဖြည်းဖြည်း ဒုတိယဘာသာစကားကို မိတ်ဆက်ပေးသည်။ |





# သင်ယူ ရွေးချယ် အသုံးပြုနည်းလမ်း

သင်ကြားရေးသည် အထူးလိုအပ်သောအတတ်ပညာ၊ အလုပ်အကိုင်တစ်ခုဖြစ်သည်။ ထိုအချက်သည် ဆရာအသစ်များ နှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်နေသော ဆရာ/မများအတွက် အထူးသဖြင့်မှန်ကန်ပါသည်။ ကျောင်းသားများစွာကို စီမံ ကွပ်ကဲရခြင်း၊ သင်ကြားရေးအရင်းအမြစ်များ ပြင်ဆင်ရခြင်းနှင့် သင်ကြားရေးပြင်ပ တာဝန်များကို ဆောင်ရွက်ရခြင်း တို့ကြောင့် ဆရာ/မများတွင် ပြန်လည်စဉ်းစားသုံးသပ်ရန်နှင့် လုပ်ငန်းခွင်အရည်အသွေးတိုးတက်ရန်အတွက် အချိန်လုံလောက်မှု မရှိပါ။ သင်ယူ-ရွေးချယ်-အသုံးပြု(LCU)နည်းလမ်းကို ဆရာ/မများအတွက် နေ့စဉ်သင်ကြားရေး တွင် အထောက်အကူဖြစ်စေရန် ဆရာ/မများနှင့်အတူ အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။ သင်ကြားရေးနည်းလမ်းများ၊ စာသင်ခန်းတွင်း လုပ်ဆောင်မှု အစီအစဉ်များကြွယ်ဝနိုင်ရန်, ဆရာများကို နည်းလမ်းများဖြင့် ထိရောက်မှုရှိရှိ မိတ်ဆက်ပေးနိုင်ရန် ၎င်းတို့၏သင်ခန်းစာနှင့် ကိုယ်ပိုင်သင်ကြားမှုပုံစံဖြင့်ကိုက်ညီသော သင်ကြား နည်းလမ်းများ ကိုရွေးချယ်နိုင်ရန် ပံ့ပိုးပေးမည့် ရည်ရွယ်ချက်ဖြင့် (LCU) နည်းလမ်းကိုဖန်တီးထားခြင်းဖြစ်သည်။ လုပ်ဆောင်ရမည့်ပုံစံမှာရိုးရှင်းပါသည်။

## ၁. သင်ယူပါ။

အကောင်းဆုံးသင်ကြားရေးနည်းလမ်းဆိုသည်မှာ တစ်ခုတည်းရှိမည် မဟုတ်ကြောင်း ယုံကြည်သည်။ ကျောင်းသား တစ်ယောက်ချင်းစီ၏ သင်ယူလေ့လာမှုပုံစံ အနည်းငယ်ကွာခြား သကဲ့သို့ ဆရာ/မတစ်ဦးချင်းစီ သည်လည်း သင်ကြားရေးတွင် ကိုယ်ပိုင်သင်ကြားမှု ပုံစံများ ပေါင်းထည့်ထားကြမည် ဖြစ်သည်။ သင်တန်းကာလတွင် ဆရာ/မအရည်အသွေး တိုးတက်စေရန် အသုံးပြုနိုင်သောသင်ကြားရေး တစ်ခုခုကို အမျိုးမျိုး ကို ဆရာ/မများက သင်ယူကြသည်။ သရုပ်ပြခြင်းဖြင့် နည်းလမ်း ဆရာ/မတစ်ဦးချင်းစီ၏ စာသင်ခန်းအတွင်း အသုံးပြုနိုင်မည့် လေ့ကျင့်ခန်း အစီအစဉ်များနှင့် နည်းလမ်းများ ဆိုင်ရာ toolbox ကို တိုးချဲ့ရန် ရည်ရွယ်ပါသည်။

## ၂. ရွေးချယ်ပါ

အရည်အသွေးတစ်ခုခု (ဥပမာ- အတန်းစီမံခန့်ခွဲခြင်း (သို့) ဝေဖန်တွေးခေါ်မှု ကိုတိုးတက်စေနိုင်သည့် လေ့ကျင့်ခန်းများနှင့် မိတ်ဆက်ပေးခြင်း)ကိုထိရောက်မှုရှိစွာသရုပ်ပြနိုင်သော မတူညီသော နည်းလမ်းများကို လေ့လာသင်ယူပြီးလျှင် ဆရာ/မတစ်ဦးချင်းစီကို ၎င်းတို့အတန်းများတွင် အသုံးပြုမည့် နည်းလမ်းအသစ်တစ်ခုကို ရွေးချယ်ခိုင်းပါသည်။ သင်တန်းတွင် ဆရာ/မများကို ၎င်းတို့နောက်သင်မည့်သင်ခန်းစာများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ပြင်ဆင်နိုင်ရန် အချိန်ပေးပါသည်။

## ၃. အသုံးပြုပါ

သင်တန်းတွင် ဆရာ/မများသည် ၎င်းတို့၏ သင်ကြားရေး နည်းလမ်းအသစ်ကို အခြားဆရာ/မများနှင့်အတူ လေ့ကျင့် အသုံးပြုနိုင်ရန် အချိန်ပေးပါသည်။ သင်တန်းပြီးဆုံးသွားသည့် အခါ ဆရာ/မများ၏ သင်ကြားမှုကို ကြည့်ရှုခံရပြီး တစ်ဦးချင်းအလိုက်တိုးတက်မှုအခြေအနေကိုဝေဖန်အကြံပြုချက် များ ပေးခံရပါသည်။ ကျွန်ုပ်တို့အတွေ့အကြုံအရ ဆရာ/မများ သည် ၎င်းတို့အသုံးပြုမည့် သင်ကြားရေးနည်းလမ်းများ ကို ကိုယ်တိုင်ရွေးချယ်ခွင့်ရလျှင် ထိုနည်းလမ်းများကို ၎င်းတို့၏ နေ့စဉ်သင်ကြားရေးတွင် ထည့်သွင်းအသုံးပြု နိုင်ချေ ပိုများပါသည်။

## ဆရာ/မများသည် ၎င်းတို့၏ ကျောင်းများတွင်လည်း သင်ယူ-ရွေးချယ်-အသုံးပြုနည်းလမ်းကို လုပ်ဆောင်နိုင်သည်။

ဆရာ/မများသည် သင်ကြားရေးကို သီးခြားလုပ်ဆောင် လေ့ရှိသော ကြောင့် ဆရာ/မများကို လုပ်ငန်းခွင် အရည်အသွေး တိုးတက်အောင် လုပ်ဆောင်ရာတွင် အတတ်နိုင်ဆုံး အဖွဲ့လိုက်လုပ်ဆောင်ရန် အကြံပြု လို ပါသည်။ ဆရာ/မများသည်တစ်ဦးထံမှတစ်ဦးလည်း အပြန်အလှန် သင်ယူနိုင်ပါသည်။ ဆရာ/မများ၏ toolbox ကို တိုးချဲ့ရန် လုပ်ဖော် ကိုင်ဖက် များနှင့်အတူ LCU နည်းလမ်းကို အသုံးပြုခြင်း က အကောင်းဆုံး ဖြစ်သည်။ ယခုနည်းလမ်းများ ကို ဆရာ/မအချို့မှ သုံးစွဲခဲ့ဖူးပြီးဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ အသုံးပြုခဲ့ဖူးသော သူများထံမှ ပြန်လည်သင်ယူခြင်းက အကောင်းဆုံး နည်းလမ်း တစ်ခု ဖြစ်သည်။

# ဆရာသင်တန်းအပေါ် ကျွန်ုပ်တို့၏ အဓိကယုံကြည်ချက်များ

The Inclusive Education Foundation (InEd)ကို ခိုင်မာသောပူးပေါင်းလုပ်ဆောင်မှုနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုပေါ်မူတည်၍ တည်ထောင်ထားသည်။ စစ်မှန်သော အရည်အသွေးမြှင့်တင်မှုနှင့်တိုးတက်မှုဆိုသည်မှာ လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သင်ယူမှုဆိုသည်မှာ ဆရာ/မတစ်ယောက်ဖြစ်တည်ခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဆရာ/မများ အမြဲမပျက် သင်ယူနေရန်၊ တိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ရန် ကျွန်ုပ်တို့အနေဖြင့် စိန်ခေါ်လိုက်ပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ချက်အချို့ကို အောက်တွင်ဖော်ပြထားသည်။

**အကောင်းဆုံးဆရာသင်တန်းများသည် စာသင်ခန်းထဲတွင်ဖြစ်ပေါ်လေ့ရှိသည်။** အတတ်နိုင်ဆုံး ကျွန်ုပ်တို့၏ သင်တန်းများကို စာသင်ခန်းများနှင့် ဆရာ/မများ၏ လုပ်ငန်းခွင်နေရာများတွင်သာ ပြုလုပ်လေ့ရှိသည်။ တူညီသော သင်ကြားရေးဆိုင်ရာအရင်းအမြစ်များ၊ ဖတ်စာအုပ်များ၊ နေရာများ ကို အသုံးပြုလေ့ရှိသည်။ ဆရာ/မများသည် သင်ကြားရေးနည်းသစ်များကို ၎င်းတို့သင်ကြားရေးနေရာများတွင် လေ့လာခွင့်၊ လေ့ကျင့်ခွင့်ရလျှင် ၎င်းနည်းလမ်းများကို အသုံးချနိုင်ချေပိုများသည်။

**အကောင်းဆုံးသင်ကြားရေးနည်းလမ်းသည်တစ်နည်းထဲရှိသည်မဟုတ်ပါ။** ဆရာ/မများသည် ကျောင်းသားများနှင့် ၎င်းတို့ကိုယ်တိုင်အတွက် ထိရောက်ပြီးအလုပ်ဖြစ်မည့် နည်းလမ်းများကို ရွေးချယ်ရန် လိုအပ်သည်။ ဆရာ/မတစ်ယောက်ချင်းစီတွင် ထူးခြားသော အားသာချက်များနှင့် အရည်အချင်းများရှိကြသည်။ ဆရာ/မတစ်ဦးချင်းစီအတွက် ၎င်းတို့၏အကောင်းဆုံးပုံစံဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးချင်ပါသည်။

**သင်ယူမှုဆိုသည်မှာရပ်တန့်သွားသည်မရှိပါ။** ဆရာ/မများသည်မည်မျှပင်အတွေ့အကြုံရင့်ကျက်နေပါစေ တိုးတက်အောင်လုပ်ရန်လိုနေသေးသည့်နေရာများရှိနေနိုင်ပါသည်။ဆရာ/မများသည်မှန်ကန်သောချဉ်းကပ်နည်းများဖြင့် လေ့လာဖို့၊ တိုးတက်ဖို့ စိတ်အားထက်သန်မှုများရှိလာနိုင်သည်ဟု ယုံကြည်ပါသည်။

**ဆရာ/မများသည် အခြားဆရာ/မများထံမှအကောင်းဆုံးသင်ယူနိုင်သည်။** ကျွန်ုပ်တို့က ဆရာ/မများအား တတ်နိုင်သမျှ အချင်းချင်းပံ့ပိုးပေးရန် ကြိုးစားအားပေးလေ့ရှိသည်။ အရွယ်ရောက်ပြီးသူများသည် အခြားသူများအား သင်ကြားပေးခြင်းဖြင့် အကောင်းဆုံးသင်ယူနိုင်သည်။ ထို့ကြောင့် ဆရာ/မအချင်းချင်း နမူနာပြသပြီး လေ့လာသုံးသပ်နိုင်ရန် ကျွန်ုပ်တို့သည် ဆရာ/မများကို အကောင်းဆုံး ကြိုးစား ပံ့ပိုးပေး ပါသည်။

**စစ်မှန်သောတိုးတက်မှုတိုင်းသည်အချိန်ယူရပြီးတာဝန်ခံမှုရှိရန်လည်းလိုအပ်သည်။** တစ်ကြိမ်တည်းပေးသော သင်တန်းများသည် ထိရောက်မှုမရှိနိုင်ပါ။ နောက်ဆက်တွဲလေ့လာကြည့်ရှုမှုများဖြင့် အားကောင်းသော အရည်အသွေးမြှင့်တင်မှုစနစ်တစ်ခုဖြစ်အောင် ကျွန်ုပ်တို့အနေဖြင့် ကြိုးစားတည်ဆောက် လေ့ရှိသည်။ ဆရာ/မများသည် တစ်စုံတစ်ဦးမှ အလေးထား၍ နောက်ဆက်တွဲလာရောက် ကြည့်ရှုခြင်းကိုသိလျှင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်လေ့ရှိသည်။

**ဆရာ/မများ၏အောင်မြင်မှုကို ဂုဏ်ပြုပေးရန်လိုအပ်သည်။** အပြုသဘောဆောင်သော အားဖြည့်ပံ့ပိုးမှုများသည် တိုးတက်မှု၏ အခြေခံဖြစ်ပြီး ယုံကြည်မှုကိုလည်း တည်ဆောက်ပေးသည်။ ဆရာ/မများ၏ ကောင်းမွန်သော လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့သည် ရည်ရွယ်ချက်ရှိရှိဖြင့် အချိန်ပေး၍ ဂုဏ်ပြုပေးစေချင်သည်။

**ထိရောက်မှုအရှိဆုံး ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိသည့် သင်ကြားရေးနည်းလမ်းများသည် ဆရာ/မများ ထံမှလာလေ့ရှိသည်။** ဆရာ/မများသည် ဘာသာစကားအစုံသုံးသော၊ အရွယ်မတူညီသော၊ အရင်းအမြစ်နည်းပါးသော စာသင်ခန်းများအတွက် စိန်ခေါ်မှုများ ကို နေ့စဉ်နှင့်အမျှ တို့ယ်ပိုင်ဖြေရှင်းနည်းများ ကိုရှာဖွေကြသည့် မပင်ပန်းနိုင်သော ပညာရှင်များဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အကောင်းဆုံး ပံ့ပိုးပေးနိုင်သည့် အရာသည် ကလေးများအားလုံး အရည်အသွေးမီပညာရေးသင်ယူနိုင်ခွင့်ရရှိစေရန် ဆရာ/မများ အသုံးပြုသော သင်ကြားရေးနည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်အသိအမှတ်ပြုခြင်း ဖြစ်သည်။.

# မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံသုံး ပညာရေး၏ အကျိုးကျေးဇူးများ

UNESCO၏ ၂၀၁၉ ခုနှစ် ကမ္ဘာလုံးဆိုင်ရာပညာရေးစောင့်ကြည့်လေ့လာရေး အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ခန့်မှန်းခြေ ၄၀% (လူဦးရေ သန်း ၂၀၀၀ ကျော်) တွင် ၎င်းတို့စကားပြောသော နားလည်သော ဘာသာစကားဖြင့် သင်ကြားသည့် ပညာရေးကို သင်ယူခွင့်မရှိပါ။ နိုင်ငံသုံးဘာသာစကား (သို့) အင်္ဂလိပ်ဘာသာစကားကို ငယ်စဉ်ကတည်းက ထိတွေ့မှုရှိခြင်းသည် ပိုမိုမြန်ဆန်စွာဖြင့် စာပေတတ်မြောက်ခြင်းနှင့် ဘာသာစကားကျွမ်းကျင်ခြင်းတို့ကို ဦးတည်သည်ဟူသော အယူအဆသည် ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသော မှားယွင်းသည့်အယူအဆတစ်ခုသာဖြစ်သည်။ ထိုအယူအဆကြောင့် လူအသုံးနည်းသော တိုင်းရင်းသားဘာသာစကားများကို ဦးစားပေးမှုမှာ နေရာအနှံ့အပြား၌ လျော့နည်းလာခဲ့ကြသည်။ IOM (၂၀၂၀)ခန့်မှန်းချက်အရ နိုင်ငံတကာမှ ရွှေ့ပြောင်းနေထိုင်သူ ၂၈၁ သန်းကျော် (ကမ္ဘာ့လူဦးရေ၏ ၃.၆ ရာခိုင်နှုန်း) ရှိသော ရွှေ့ပြောင်းမှုသည် ပညာရေးပံ့ပိုးမှုများပေါ်တွင် အရေးပါသော သက်ရောက်မှုများရှိသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဌာနေတိုင်းရင်းသား လူသုံးနည်းသည့်ဘာသာစကားများ အသုံးပြုသော ရပ်ရွာများသည် ၎င်းတို့၏ ယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် အမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန် အခက်အခဲများတွေ့ကြုံလျက်ရှိကြသည်။ ဤအကြောင်းကိစ္စသည် လူအားလုံးပါဝင်နိုင်သော သာတူညီမျှရှိသော အရည်အသွေးမီပညာရေးရရှိစေခြင်းကို ရည်ရွယ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များထဲမှ အချက် ၄ ကို အထူးသဖြင့် လူသုံးနည်းသော ဘာသာစကားသုံးသည့် ရပ်ရွာများတွင် မည်ကဲ့သို့ အောင်မြင်အောင်လုပ်ဆောင်နိုင်မည်လဲဆိုသည့်အပေါ် သက်ရောက်မှုရှိပါသည်။

ဗဟုသုတကြွယ်ဝရန်လေ့လာနိုင်ခြင်း၊ သင်ယူလေ့လာမှုအစီအစဉ်ဆွဲနိုင်ခြင်း၊ ကျောင်းသင်ခန်းစာများတွင် ပူးပေါင်းပါဝင်နိုင်ခြင်း၊ စာဖတ်ခြင်းစွမ်းရည်ကို တိုးတက်စေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနှင့် လေးစားမှုတိုးပွားခြင်း၊ ဉာဏ်ပညာစွမ်းရည်ကောင်းမွန်လာခြင်းနှင့် ကျား/မရေးရာတန်းတူညီမျှမှုကိုမြှင့်တင်ခြင်း အစရှိသည်တို့အပါအဝင် ကောင်းကျိုးများစွာကို ကျောင်းသားများ၏ မိခင်ဘာသာစကားအားအသုံးပြုခြင်းမှ ဖန်တီးပေးပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ကျောင်းသားများသည် ၎င်းတို့နှင့် ရင်းနှီးမှုမရှိသော ဘာသာစကားကို သင်ကြားရေးတွင် အသုံးပြုသော အတန်းများ၌ ကျောင်းတက်ရသောအခါ ပညာသင်ယူရေးရလဒ်များသည် များစွာ ဆိုးရွားနိုင်ပါသည်။ ထိုအကြောင်းအရာကို တောင်အာဖရိက၊ ကန်ညာ၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့အပါအဝင် နိုင်ငံတော်တော်များများ၌ လေ့လာတွေ့ရှိရပါသည်။ မူလတန်းကျောင်းများတွင် မိခင်ဘာသာစကားကိုအသုံးမပြုနိုင်ခြင်းက ကျောင်းပညာရေးကို သင်ယူနိုင်ရန် အခက်အခဲရှိသော ဝေလံခေါင်သီသည့်ဒေသများမှ ကလေးများကို ပို၍ဘေးထုတ်ဖယ်ကျဉ်ခံရမည့် ကွာဟချက်ကို ဖြစ်စေသည်။ ထိုကွာဟချက်သည် ဒေသအခြေအနေနှင့်ကိုက်ညီမှုမရှိပဲ သင့်လျော်ခြင်းမရှိသည့်ဘာသာစကားများ၊ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေးနည်းစနစ်များကို အသုံးပြုခြင်းမှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။ လူနည်းစုသုံးဘာသာစကား ပြောသည့် လူအုပ်စုများနှင့် ဦးစားပေးခံရခြင်းမရှိသည့် လူမှုဝန်းကျင်မှ ကလေးများသည် ထိုအခြေအနေများတွင် ပို၍ ကျောင်းထွက်နိုင်သည်။





အောက်ပါအချက်အလက်များအပါအဝင် ကျောင်းသားများ၏မိခင်ဘာသာစကားအသုံးပြုခြင်းဖြင့် ရနိုင်သော အကျိုးကျေးဇူးများကို ထောက်ခံနိုင်သော သက်သေသာဓကများ အလုံအလောက် ရှိပါသည်။

**ပညာရေးတွင်ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်း။** ။မိခင်ဘာသာစကားဖြင့် ပညာသင်ယူခွင့် ရှိသောကလေးများ သည် ပညာရေးတွင် အထူးသဖြင့် အစောပိုင်း ကာလ ပညာရေး တွင် ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်သည်ကို သုတေသနများက သက်သေပြထားပါသည်။ ကလေးများကသင်ကြားရေးသုံးဘာသာစကားကို နားလည်သည့်အခါ ၎င်းတို့ကို သင်ကြားပေးသည့် အတွေးအခေါ်များကို ပိုမိုလွယ်ကူစွာနားလည်နိုင်ပြီး ပညာသင်ယူ ရာတွင် ပိုမိုကောင်းမွန်သော ရလဒ်များကို ရရှိစေသည် (Ball & Ellis, 2019; Adesope & Nesbit, 2013; Gove & Cvelich, 2011)။

**တွေးခေါ်နိုင်သည့်ဉာဏ်စွမ်းရည်ဖွံ့ဖြိုးစေခြင်း။** ။မိခင်ဘာသာစကားဖြင့် ပညာသင်ယူ နိုင်ခြင်း က ပြဿနာဖြေရှင်းနိုင်ခြင်း၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်ခြင်းနှင့်ဖန်တီးနိုင်မှုစွမ်းရည်တို့အပါအဝင် ကလေးများ၏ တွေးခေါ်နိုင်သည့် ဉာဏ်စွမ်းရည်ကို ဖွံ့ဖြိုးလာစေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ပညာရေးနှင့် လူမှုရေးတွင် အောင်မြင်မှုရရှိရန်အတွက် အရေးကြီးသော ၎င်းတို့၏မှတ်ဉာဏ်နှင့် အာရုံစူးစိုက်နိုင်ချိန်တို့ကိုလည်း တိုးတက်စေသည် (Nicoladis, 2018; Cummins, (2017)။

**ယဉ်ကျေးမှုကိုမြင့်တင်ခြင်း။** ။မိခင်ဘာသာစကားဖြင့် ပညာသင်ယူခွင့်ရှိသော ကလေးများတွင် ၎င်းတို့၏ ယဉ်ကျေးမှုကို အသိအမှတ်ပြုသည့်ခံစားချက်ပိုရှိပြီး ၎င်းတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ ကို ပိုတန်ဖိုးထား၊ အလေးထားတတ်ကြသည်။ ထို့မှတစ်ဆင့် မိမိကိုယ်ကို လေးစားမှုရှိလာပြီး မတူကွဲပြားမှုနှင့် အားလုံးပါဝင်နိုင်ခြင်းကို ပိုမိုအလေးထား လာစေပါသည်။ (Garcia & Wei, 2014; Cummins, 2009)။

**ဆက်သွယ်ဆက်ဆံရေးစွမ်းရည် တိုးတက်စေခြင်း။** ။ ကလေးများသည် မိခင်ဘာသာစကားသုံး ၍ သင်ယူလေ့လာခြင်းဖြင့် ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာလူထုများကို ထိရောက်မှုရှိစွာ ဆက်သွယ်ဆက်ဆံနိုင်သည်။ ထို့မှတစ်ဆင့် အားကောင်းသော ဆက်ဆံရေးများကို တည်ဆောက် နိုင်ပြီး ယဉ်ကျေးမှုစံနှုန်းများနှင့် တန်ဖိုးများကို ပိုနားလည်လာနိုင်မည်ဖြစ်သည်(Khul, 2010)။

**ဘာသာစကားအသစ်များလေ့လာရာတွင် ပိုမိုအောင်မြင်ခြင်း။** ။ကလေးများသည် မိခင်ဘာသာစကားကို အသုံးပြု၍ သင်ယူလေ့လာသောအခါ ၎င်းတို့တွင် ဘာသာစကား အသစ်များ ကို ထပ်မံလေ့လာရန်အတွက် ခိုင်မာသောအခြေခံရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘာသာစကားဖွဲ့စည်းတည်ဆောက်ပုံနှင့် အတွေးအခေါ်များကို နားလည်ထားပြီး ဖြစ်ကာ နောင်တွင် အခြားဘာသာစကားများကို ထပ်မံလေ့လာရန်ပိုမိုလွယ်ကူသည် (Byram & Wagner, 2018; Thomas & Collier, 2017)။

**ကျောင်းသားများပူးပေါင်းပါဝင်ခြင်းကို မြင့်တက်စေခြင်းနှင့် ကျောင်းထွက်နှုန်းလျော့ချခြင်း။** ။ယေဘုယျအားဖြင့် ကလေးများသည် ၎င်းတို့ အနားလည်ဆုံးဘာသာစကားကိုအသုံးပြုသော စာသင်ခန်းများတွင် ကျောင်းသင်ခန်းစာများ၌ ပိုမိုပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ အထူးသဖြင့် L1 ဖြင့်သင်ယူနိုင်ခြင်းသည် မိန်းကလေးများနှင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေး သည်။ လူနည်းစုသုံးဘာသာစကားပြောသည့်လူမှုဝန်းကျင်မှလာသော ကလေးများ သည် ၎င်းတို့၏ မိခင်ဘာသာစကားကို စာသင်ခန်းအတွင်း အသုံးပြု လျှင် ကျောင်းထွက်နှုန်း လျော့ကျသွားမည်ဖြစ်သည် (Trudell, 2005; Laitin, Ramachandran & Walter, 2015; Lewis & Lockheed, 2012)။

**မိဘများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း ။** ။ကလေးများ ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူနိုင်ရန်အတွက်ဆိုလျှင် မိဘများသည် တက်ကြွစွာ ပူးပေါင်းပါဝင်ရန်လိုသော အဓိကတာဝန်ရှိသူများ ဖြစ်သည်။ L1 ကို ဆက်သွယ် ဆက်ဆံရေးအတွက် အသုံးပြုခြင်းဖြင့် မိဘများ ပါဝင်ပတ်သတ်ခြင်းကို အဟန့်အတားဖြစ်စေနိုင်သည့် အတားအဆီးများကို ပျောက်ပျက်စေသည် Ball, 2010; World Bank, 2005)။

# ထိရောက်မှုရှိသော MLE ပရိုဂရမ်များ၏ အစိတ်အပိုင်းများ

ထိရောက်မှုရှိသော MTB and MLE ပရိုဂရမ်များသည် ဒေသန္တရယဉ်ကျေးမှုများနှင့် နိုင်ငံ၏ယဉ်ကျေးမှုကို နားလည်သော၊ ဘာသာစကားအမျိုးမျိုးပြောနိုင်သော တတ်ကျွမ်းသော သင်ယူလေ့လာသူများကို မွေးထုတ်ပေးရန် ရည်ရွယ်သည်။ သို့သော် ထိုပရိုဂရမ်များ၏ အောင်မြင်မှုကို နိုင်ငံသုံးဘာသာစကား (သို့) အင်္ဂလိပ်ဘာသာစကားများ သုံးသည့် ကျောင်းသားများ၏ ပညာရေးဆိုင်ရာစွမ်းရည်ဖြင့် တိုင်းတာကြသည် (Malone, 2016)။ ကျယ်ပြန့်သော ပရိုဂရမ်များသည် ဘာသာစကားအမျိုးမျိုးကို ကလေးများ၏ပညာရေးလမ်းကြောင်း တစ်လျှောက်တွင် သင်ကြားရေး၌ အသုံးပြုကြသည့်အပြင် စာပေတတ်မြောက်ရေးအတွက် ဘာသာစကားများကို ဘာသာရပ်အဖြစ် သင်ကြားကြသည်။ အသက်အရွယ်၊ အတွေ့အကြုံနှင့် ကြိုးစားအားထုတ်ချင်စိတ်တို့အပေါ် မူတည်၍ လူနည်းစုတိုင်းရင်းသား သင်ယူလေ့လာသူများ သည် ၎င်းတို့မိခင်ဘာသာစကားမှ နိုင်ငံသုံးဘာသာစကားသို့ ကူးပြောင်းရန် အချိန်ကာလ အားဖြင့် ငါးနှစ်မှ ခုနစ်နှစ် အချိန်ယူသင့်ကြောင်း သုတေသနများက အကြံပြုထားပါသည် (Cummins, 2000; Hakuta, Butler, & Witt, 2000; Thomas & Collier, 2002)။

ဆန့်ကျင်ဘက်အနေဖြင့် သင်ကြားရေးသုံးဘာသာစကားကိုအသုံးပြု၍ ဆရာ/မများနှင့် ထိရောက်စွာ ဆက်ဆံပြောဆိုမှု မလုပ်နိုင်သော လူသုံးနည်းသောဘာသာစကားသုံးသည့်လူမှုဝန်းကျင်များမှ ကလေးများသည် ကျောင်းထွက်နှုန်း ပိုမြင့်ပြီး ပညာရေး ရလဒ်ကောင်းများလည်း မရရှိကြပါ (Ball, 2011)။ သုတေသနလုပ်ငန်းကြီးများနှင့် ဖြစ်ရပ်မှန် လေ့လာခြင်းများကဲ့သို့သော သုတေသနများက နိုင်ငံသုံးဘာသာစကားကို မလေ့လာခင် MTB ပညာရေးဖြင့် အစပျိုးသော ကြားခံအပြောင်းအလဲဆောင်ရွက်ပေးသည့်ပရိုဂရမ်များ၏ အပြုသဘောဆောင်သော ပညာရေး ရလဒ် များကို တစ်ပြေးညီပြသပြီးဖြစ်သည်။ ဥပမာများတွင် Chumbow (2013), Kosonen and Young (2009), Taylor & Coetzee (2013), and UNESCO (2006, 2007a, 2008)တို့ ပါဝင်သည်။

ဘာသာစကားမျိုးစုံသုံးသော ဒေသများမှ ပညာသင်ကြားပေးသူများသည် အထူးသဖြင့်ဘာသာစကားမျိုးစုံ ဖြင့်ရနိုင်သော သင်ထောက်ကူ ပစ္စည်းများရှားပါးသော နေရာများတွင် အရည်အချင်းများတိတိကျကျလိုအပ်ပါသည်။ ဘာသာစကားအမျိုးမျိုးအသုံးပြုရသော အခြေအနေများ အတွက် ဆရာ/မများ၏ အဆင်သင့်ဖြစ်မှုကို ပြသသော စံနှုန်းများကို ပံ့ပိုးကူညီပေးရန် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်း တာဝန်ထမ်းဆောင်နေသော ဆရာသင်တန်းသည် MTB-MLEကို ဦးစားပေးသင့်သည်။ Ndoye (2003)၏ အာဖရိကမှ ဘာသာစကားဆိုင်ရာမူဝါဒ သုံးသပ်မှုတွင် ကျယ်ပြန့်သော ဘာသာစကားဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု နည်းဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် MLE ကိုဦးတည်သော ဆရာသင်တန်းများ အတွက် ထောက်ခံအားပေးခဲ့သည်။ Droop and Verhoeven (2003)မှ MTB-MLE စာသင်ခန်းများ အတွက် သင်ကြားရေးနည်းလမ်း နှစ်ခုကို အဆိုပြုခဲ့သည်။ ပထမနည်းလမ်းက ကျောင်းသားများ၏ လက်ရှိရှိနေသော L1 ဘာသာစကားစွမ်းရည်နှင့် အသိပညာကို အတွေးအခေါ်အသစ်များနှင့် စိတ်ကူးအကြံဉာဏ်အသစ်များနှင့် ချိတ်ဆက်ရာ တွင် အသုံးပြုခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ ပစ်မှတ်ထားသော ဘာသာစကားကို တစ်ဖြည်းဖြည်း မကူးပြောင်းခင် ကျောင်းသားများ၏ L1ဖြင့် ၎င်းတို့၏ အပြော၊ အရေးနှင့် အဆင့်မြင့်တွေးခေါ်နိုင်မှုစွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ခြင်းဖြစ်သည်။ ဆရာ/မများသည်လည်း ဘာသာစကားတစ်မျိုးနှင့်တစ်မျိုးကြား ပြောင်းလဲ အသုံးပြုခြင်းနှင့် ကုဒ်များပြောင်းလဲအသုံးပြုခြင်းတို့ကို ခွင့်ပြုပေးသင့်သည်။ ထိုသို့ခွင့်ပြုခြင်းဖြင့် ကျောင်းသားများ သည် ၎င်းတို့အသုံးပြုရန် ယုံကြည်မှုရှိသော ဘာသာစကားများကို ပေါင်းစည်းနိုင်စေခြင်းနှင့် သင်ကြားရေးတွင် အဆင့်မြင့်အတွေးအခေါ်များနှင့် ပြဿနာဖြေရှင်းခြင်းစွမ်းရည်များကို ပေါင်းစပ်နိုင်ခြင်းတို့ကို ဖြစ်စေပါသည်။

ထိရောက်မှုရှိသော MLEပရိုဂရမ်၏ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခုသည် ဆရာ/မများကို ပြင်ဆင်ပေးခြင်း နှင့် စဉ်ဆက်မပြတ် ပံ့ပိုးကူညီခြင်းဖြစ်သည်။ ကွဲပြားခြားနားသော ဒေသအခြေအနေများတွင် မိခင်ဘာသာစကား အခြေပြု ဘာသာစကားမျိုးစုံသုံး ပညာရေးကို အထောက်ကူပြုရန် ဆရာ/မများမှ ဤစာအုပ်ကိုအသုံးပြုနိုင်အောင် ဖန်တီးထားပါသည်။ စာအုပ်ထဲတွင်ပါဝင်သည့် နည်းဗျူဟာများနှင့် သင်ကြားရေးနည်းစနစ်များကို လက်တွေ့ကျကျဖြင့် လွယ်သူစွာအသုံးပြုနိုင်ကာ ကြိမ်ဖန်များစွာလည်းပြန်လည်အသုံးပြုနိုင်အောင် စီစဉ် ထားပါသည်။ သင်ယူ-ရွေးချယ်-အသုံးပြု စက်ဝန်းကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် သင်နှင့် သင့်ကျောင်းသားများအတွက် အလုပ်အဖြစ်ဆုံး လေ့ကျင့်ခန်းများကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

# ဘာသာစကားပေါင်းစုံအသုံးပြုသင်ယူရေးကိုမြင့်တင်နိုင်သောသင်ကြားမှုနည်းလမ်းများ

**ဘာသာစကားပေါင်းစုံပညာရေး ဆရာများတတ်ကျွမ်းမှုစံနှုန်း**

**က (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာ၏ လူမှုရေး၊ဘာသာစကား၊ယဉ်ကျေးမှုကွဲပြားခြားနားခြင်းများကိုနားလည် သဘောပေါက် ကြောင်းပြသသည်။**

ဘာသာစကားကွဲပြားသောအတန်းမျိုးတွင် အရည်အသွေးပြည့်မီသောသင်ယူမှုဖြစ်စေရန် ဆရာအနေဖြင့် ဘာသာစကားပေါင်းစုံပညာရေး ကို မြင့်တင်ပေးသော နည်းလမ်းများနှင့်အကျွမ်းတဝင်ရှိရန်လွန်စွာအရေးကြီးပါသည်။ ကျောင်းသားများ၏ မိခင်ဘာသာစကား ကိုသင်ကြားရေးတွင် ရည်ရွယ်ချက်ရှိရှိထည့်သွင်းအသုံးပြုခြင်းသည် ကျောင်းသားများ အကြောင်းအရာအသစ်များကို အခြားဘာသာစကားဖြင့် သင်ယူသော အခါ ယုံကြည်မှုပိုမိုရရှိနိုင်သည်။ မိခင်ဘာသာစကားအခြေပြုပညာရေး အသုံးပြုခြင်းဖြင့် ကျောင်းသားများ၏ဘာသာစကားများ၊ နောက်ခံယဉ်ကျေးမှု အမွေအနှစ် ၊ရိုးရာဓလေ့များကို တန်ဖိုးထားသောစာသင်ခန်းမျိုးကို ဖန်တီး ပေးသည်။ မိခင်ဘာသာစကား အခြေပြုဘာသာစကားပေါင်းစုံ ပညာရေး (MTB-MLE)ကိုမြင့်တင်ပေးသော စာသင်ခန်းမျိုးတွင်သင်ယူရသော ကျောင်းသားများအနေဖြင့်လည်း ၎င်းတို့၏ စိတ်ကူးအမြင်များကို ယုံကြည်ချက်ရှိရှိဖော်ထုတ်ပြသနိုင်ပြီး ဘာသာစကားမျိုးစုံကျွမ်းကျင်သော သူများဖြစ်လာနိုင်သည်။ ဆရာများအနေဖြင့်ယခု ဘာသာစကားပေါင်းစုံ ပညာရေးနည်းလမ်းများကိုအသုံးပြု၍သင်ကြားရေးတွင် ကျောင်းသားအားလုံး ပါဝင်လာအောင်လုပ်ဆောင်နိုင်သည်။

## သင်ကြားမှုနည်းလမ်းများ

မည်သည့် ဘာသာရပ်သင်ကြားမှုမျိုးတွင်မဆို ကျောင်းသားများ၏ မိခင်ဘာသာစကားမဟုတ်သော ဒုတိယဘာသာစကားများအသုံးပြု၍ သင်ကြားရေးတွင်အောက်ပါနည်းလမ်းများကိုထည့်သွင်းအသုံးပြုနိုင်ပါသည်။ အချို့သော နည်းလမ်းများသည် Susan Malone (2010)ခုနှစ်တွင် ရေးသားထားသည့် လှုပ်ရှားမှုများကိုမှီငြမ်းရေးသားထားခြင်းဖြစ်သည်။

### ဦးစွာမိခင်ဘာသာစကားအသုံးပြု၍ ဆွေးနွေးခြင်း

ခေါင်းစဉ်အသစ်တစ်ခုကိုမစခင်ကျောင်းသားများအားခေါင်းစဉ်နှင့် ပတ်သက်ပြီး၎င်းတို့သိထားသောအရာများကို မိခင်ဘာသာစကား အသုံးပြု၍ဝေမျှခိုင်းပါ။ထိုနည်းဖြင့်ကျောင်းသားများသိထားသော အရာနှင့် ရှင်းပြနိုင်သောအရာများကို ဆရာမှ ခွဲခြားသိမြင်နိုင်မည်။ မကြာခဏဆိုသလိုကျောင်းသားများမှခေါင်းစဉ်နှင့်ပတ်သက်ပြီးနား လည်မှုတစ်ခုရှိပြီးဖြစ်သည်။ ၎င်းတို့အတွက်လိုအပ်သည်မှာ ဝေါဟာရစကားလုံး အသစ်များကို သင်ကြားမှု ဘာသာစကား (ဒုတိယဘာသာစကား) ဖြင့် သင်ယူရန်သာ လိုအပ်နေခြင်း ဖြစ်နိုင်သည်။အကယ်၍အကြောင်းအရာကအသစ်ဖြစ်နေလျှင် ကျောင်းသားများ ပိုမိုနားလည်ရန်အကြောင်းအရာကို မိခင်ဘာ သာစကားအသုံးပြု၍အရင်ရှင်းပြသင့်သည်။

### လိုက်လံမေးမြန်းလေ့ကျင့်ခန်း

- ကျောင်းသားများသင်ယူခဲ့ရသောသင်ခန်းစာနှင့်ပတ်သက်သော ရုပ်ပုံများ၊ စကားလုံးအသစ်များဖြင့် ဝေါဟာရကဒ်များ ပြုလုပ်ပါ။
- ကျောင်းသားတစ်ဦးလျှင်ကဒ်တစ်ခုစီပေးပါ။
- ကျောင်းသားများအားအတန်းထဲတွင်လှည့်လည်သွားခိုင်းပြီး ၎င်းတို့ကိုင်ထားသောကဒ်ထဲရှိ စကားလုံး (သို့)ပုံနှင့်ပတ်သက်ပြီး အချင်းချင်းမေးခွန်းများမေးခိုင်းပါ။
- အတွဲတစ်တွဲတွင် ၎င်းတို့ကိုင်ထားသောကဒ်များထဲရှိ အရာများကို မှန်ကန်စွာခန့်မှန်းပြီးပြီဆိုလျှင် ကဒ်ချင်းလဲခိုင်းပါ။
- ထို့နောက်ကျောင်းသားများမှအခြားတစ်ယောက်ပြောင်းပြီး မေးခွန်းများမေးကာ လှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင် နိုင်ပါသည်။

**ဥပမာ။** ။ စတုတ္ထတန်း အင်္ဂလိပ်စာ

ကဒ်ပြားများပေါ်မှ စကားလုံး။ ။ bottle, ruler, pen

**ဥပမာ။** ။ ကျောင်းသားများအချင်းချင်းမေးနိုင်သော မေးခွန်း။

'ကဒ်ထဲကပုံကဘယ်နေရာမှာအသုံးပြုတာလဲ။'

'အဲ့ဒီအရာကနင်တို့အိမ်ကမီးဖိုချောင်မှာရှိသလား။'

## နားထောင်ရေးမှတ်ခြင်း

- စာပိုဒ်တစ်ခုကို သင်ကြားမှုဘာသာစကား (ဒုတိယဘာသာစကား) အသုံးပြု၍ဖြည်းဖြည်းခြင်း နှင့် ၂ ခေါက် ၃ခေါက်ဖတ်ပြပါ။ ဖတ်ပြနေစဉ်တစ်လျှောက် စာပိုဒ်တစ်ပိုဒ်ပြောင်းတိုင်း ခဏရပ်ပြီးကျောင်းသားများကို အဓိကအချက်များချရေးနိုင်ရန်အချိန်ပေးပါ။
- အဓိကအချက်များရေးသားသောအခါကျောင်းသားများကို ၎င်းတို့မိခင်ဘာသာစကားအသုံးပြုရန်နှင့် ကိုယ်ပိုင်စကားလုံးများသုံးရန်အားပေးပါ။
- စာပိုဒ်ကိုဖတ်ရင်းဆရာမှကျောင်းသားများ၏မှတ်စုကို ဖတ်ရန်အတန်းထဲတွင်လှည့်လည်သွားလာပါ။ ဖတ်ပြီးလျှင် ကျောင်းသားတစ်ယောက်၊ နှစ်ယောက်အား၎င်းတို့ ရေးထားသော အဓိကအချက်များမှ တစ်ချက်၊နှစ်ချက်ကို မျှဝေခိုင်းပါ။
- ကျောင်းသားများမှမှတ်စုများရေးပြီးသောအခါ စာပိုဒ်ကို ပြန်လည်ဆွေးနွေးပါ။ ဘယ်စကားလုံး၊ အကြောင်းအရာက နားလည်ရန်ခက်ခဲသလဲအစရှိသဖြင့်၎င်းတို့နှင့်အတူ ပြန်လည်ပြောဆိုဆွေးနွေးပါ။
- ကျောင်းသားများစာပိုဒ်ပါ အကြောင်းအရာကိုသေချာစွာ နားလည်ကြောင်းသိနိုင်ရန် နောက်ဆုံးအကြိမ်အနေဖြင့် အဓိကအချက်များကို မိခင်ဘာသာစကားအသုံးပြု၍ ရှင်းပြ၊ ဆွေးနွေးပါ။

## အမှားများရည်ရွယ်ချက်ရှိရှိထည့်သွင်း ရေးသားခြင်း

- သင်ထားသောခေါင်းစဉ်နှင့်ပတ်သက်ချိတ်ဆက်သော စာတစ်ကြောင်း (သို့) စာတစ်ပိုဒ်ကိုရေးသားခိုင်းပါ။ အကြောင်းမှာကျောင်းသားများမှ ထိုစာထဲတွင် အမှားများထည့်သွင်းရေးသားရမည်ဖြစ်သည်။
- အမှားဆိုတာသင်ယူမှုဖြစ်စဉ်၏ပုံမှန်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းအသိပေးပါ။
- ထို့နောက်ကျောင်းသားများမှ ၎င်းတို့၏စာကြောင်းများကို အတန်းရှေ့တွင်ထွက်၍ကျောက်သင်ပုန်းပေါ်တွင်ရေးခိုင်းခြင်း၊ (သို့)ပြောခိုင်းပါ။ အခြားကျောင်းသားများမှ သေချာနားထောင်ကာ ထိုစာပိုဒ်များထဲမှ အမှားများနှင့် ထိုအမှားများ၏ပြင်ဆင်ချက်များကိုချရေးရမည်ဖြစ်သည်။
- ကျောင်းသားများသောအတန်းများအတွက် ယခုလှုပ်ရှားမှုကို ကျောင်းသား ၃ယောက်၊ ၄ယောက် ပါသောအဖွဲ့ငယ်များဖြင့် လုပ်ဆောင်နိုင်ပါသည်။

**ဥပမာ။** ။ အောက်ပါစာကြောင်းထဲမှအမှားရှာပါ။
"ကျောင်းမှာရှိတဲ့ကလေးတွေဆီအမေနှင့်အတူသွားရောက်လည်ပတ်ခဲ့သည်။ သူက သူတို့ တနေ့ကိုဟင်းသီးဟင်းရွက် ၄ မျိုး စားသင့်ကြောင်း သူတို့ ပြောလိုက်တယ်။"

## စာအမြန်ရေးခြင်း

- ကျောင်းသားများအားခေါင်းစဉ်တစ်ခုပေးပါ။ ပေးထားသောခေါင်းစဉ်နှင့်ပတ်သက်ပြီး ကျောင်းသားများမှရေးနိုင်သလောက်ရေးရန် အချိန် ၅ မိနစ်ပေးပါ။
- ကျောင်းသားများမှ မိခင်ဘာသာစကား (သို့) မြန်မာဘာသာကိုအသုံးပြု၍ရေးရမည်ဖြစ်သည်။
- ဖြစ်နိုင်လျှင် သဒ္ဒါနှင့် စာလုံးပေါင်းမှန်ကန်စွာ၊ စာကြောင်းအပြည့်အစုံရေးရမည်ဟုသတိပေးပါ။ ကျောင်းသားများမှအမှားများလည်း ရေးလာနိုင်သည် သို့သော်လည်း အမှားဆိုသည်မှာ သင်ယူမှုအစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။
- အချိန်ပြည့်ပြီဆိုလျှင် ကျောင်းသားများမှ ၎င်းတို့၏စာရွက်များကို အတွဲနှင့် လဲလှယ်ခိုင်းပါ။ ထို့နောက်အပြန်အလှန်ရေးထားသည်များကို စစ်ဆေး၊အမှားပြင်ခိုင်းပါ။
- အပြန်အလှန်စစ်ဆေးပြီးလျှင် မိမိ၏အတွဲဖော်ရေးသားထားသည့်ထူးခြားသည့်အချက်များကို မျှဝေခိုင်းပါ။

## အကယ်၍ ထို့နောက်

အကျိုးနှင့်နောက်ဆက်တွဲအကြောင်းကိုသင်ယူနေသောအခါ ယခုလုပ်ရှားမှုကိုအသုံးပြုနိုင်ပါသည်။

- ကျောင်းသား ၁) မှ မိခင်ဘာသာစကားကိုအသုံးပြု၍ အကယ်၍နှင့်အစပြုသော စာကြောင်းတစ်ကြောင်းကို ပြောရမည်။
- ကျောင်းသား ၂) မှ သင်ကြားမှုဘာသာစကားကိုအသုံးပြု၍ နောက်ဆက်တွဲဖြစ်ရပ် စာကြောင်းတစ်ကြောင်းကို ပြောဆိုရမည်။
- ထို့နောက်ကျောင်းသားများကို ပထမတွင် အသုံးပြုပြောသွားသော ဘာသာစကားများပြောင်းလဲ၍ ယခင်စာကြောင်းများကို ပြန်လည်ပြောဆိုခိုင်းပါ။

**ဥပမာ**။ ။ သတ္တမတန်း မြန်မာစာ (သဒ္ဒါ)

ကျောင်းသား ၁) 'မောင်မောင်ဖျားလျှင်' ဟု မွန်ဘာသာဖြင့်ပြောမည်။

ကျောင်းသား ၂) 'သူကျောင်းသို့မသွားနိုင်ပါ။' ဟုမြန်မာဘာသာဖြင့်ပြန်လည်ပြောမည်။

## ပုံပြင်ကိုပြီးမြောက်အောင်ရေးပါ။

- ကျောင်းသား ၃ ယောက်၊ ၄ယောက်ပါသောအဖွဲ့များဖွဲ့ပါ။
- ပုံပြင်တစ်ပုဒ်မှ စာကိုယ် စာပိုဒ်တစ်ပိုဒ်ကို တစ်ဖွဲ့စီကိုပေးပါ။၎င်းတို့၏စာပိုဒ်အတွက် ကျောင်းသားများ ကို နိဂုံးနှင့် နိဒါန်းကို ဖန်တီးရေးသားခိုင်းပါ။
- ထိုသို့ရေးသားနေစဉ် ကျောင်းသားများအား မိခင်ဘာသာစကား အသုံးပြု၍ဆွေးနွေးခွင့်ပြုပါ။
- ထို့နောက် ၎င်းတို့ရေးထားသောစာပိုဒ်များကို အခြား အဖွဲ့များနှင့် လဲလှယ် ခိုင်းပါ။ အဖွဲ့လိုက် အခြားအဖွဲ့ရေးသားထားသည်များကို စစ်ဆေးအကြံပြုချက်များပေးခိုင်းပါ။
- ထိုသို့စစ်ဆေးအကြံပြုပြီးလျှင် အဖွဲ့လိုက် ၎င်းတို့ရေးသားထားသည်များကို အတန်းရှေ့တွင် လာရောက် ဝေမျှခိုင်းပါ။

## နှုတ်ရေးပန်းချီ

- သင်ခန်းစာနှင့်ကိုက်ညီသော ရုပ်ပုံများ၊ မြင်ကွင်းပုံရိပ်များကို ပြင်ဆင်ပါ။ (ဥပမာ။ မြေပုံ၊ လမ်းတစ်လမ်းပုံ၊ မီးဖိုချောင်တစ်ခုပုံ- သင့်အနေဖြင့်ပုံမဆွဲချင်လျှင် ပုံများကို အွန်လိုင်း (သို့) သတင်းစာများထဲမှရှာဖွေရယူနိုင်သည်။)
- ကျောင်းသားတစ်ဦးကို ပုံတစ်ပုံပေးပြီး၊ အတွဲဖော်ရှာခိုင်းပါ။
- ကျောင်းသားများအတွဲလိုက် တစ်ဦးမှပုံကိုကိုင်ကာ ၎င်း၏အဖော်ကို ပုံမပြဘဲ၊ ပုံထဲတွင်ပါသော တွေ့မြင်ရသော အရာများကိုဖော်ပြပြောဆိုခိုင်းပါ။ ကျောင်းသားများမှ ထိုသို့ဖော်ပြပြောဆိုနေချိန်တွင် သင်ကြားမှု ဘာသာစကား (ဒုတိယဘာသာစကား) ကိုတတ်နိုင်သလောက်အသုံးပြုရမည်ဖြစ်သည်။
- ပုံဆွဲသူသည် ၎င်း၏အဖော်မှပြောပြသော ပုံပါအကြောင်းအရာများကို အကောင်းဆုံးကြိုးစားဆွဲသားရမည်ဖြစ်သည်။
- နောက်ပုံတစ်ပုံကို အသုံးပြုကာ ကျောင်းသားများအတွဲလိုက် ၎င်းတို့၏တာဝန်များကိုလဲလှယ်ရမည်ဖြစ်သည်။ (ပထမအချိန်တွင် ပုံဆွဲခဲ့သူသည် ယခုအခါ ရှင်းပြသူအဖြစ်ရှိပြီး ကျန်တစ်ယောက်မှာ ပုံဆွဲရမည့်အလှည့်ဖြစ်သည်။)
- ထိုသို့ဖြင့် နှစ်ဦးစလုံးပြီးလျှင် ၎င်းတို့ဆွဲထားသောပုံများနှင့် မူလပုံကိုနှိုင်းယှဉ်ခိုင်းပါ။
- ထို့နောက် အတွဲဖော်ပြောင်းကာ လုပ်ရှာမှုကိုဆက်လက်လုပ်ဆောင်ပါ။

## အခန်းပတ်လည်၊နံရံပေါ်မှစာများ

အောက်ပါနည်းလမ်းကို အဖွဲ့ငယ်များဖြင့်ပြုလုပ်နိုင်ပါသည်။

- ဒုတိယဘာသာစကားဖြင့်ရေးထားသောအကြောင်းအရာခေါင်းစဉ်တစ်ခုမှ စာပိုဒ် ၃ပိုဒ် (သို့) ၅ ပိုဒ် ကိုရွေးထုတ်ပါ။ ထိုစာပိုဒ်တစ်ပိုဒ်စီအတွက် မေးခွန်း ၂ ခု မှ ၄ ခုအထိ ပြင်ဆင်ထားပါ။
- ထိုစာပိုဒ်များကို စာသင်ခန်းနံရံများပေါ်တွင်ကပ်ထားပါ။
- စာပိုဒ်များအတွက်မေးခွန်းများကို စာရွက်အပိုင်းများပေါ်တွင်ရေးပြီး ရေနောက်ကာ အဖွဲ့များအား ဝေပေးပါ။
- မေးခွန်းကိုဖြေဆိုရန် ကျောင်းသားများမှ စာသင်ခန်းအနှံ့လှည့်လည်သွားပြီး စာပိုဒ်များကိုဖတ်ရမည်ဖြစ်သည်။ ကျောင်းသားများမှ မေးခွန်းများကိုဖြေရာတွင် သင်ကြားမှုဘာသာစကား (ဒုတိယဘာသာစကား)ကိုအသုံးပြု၍ဖြေရမည်ဖြစ်သည်။ သို့သော်မေးခွန်းများအတွက် အဖြေစဉ်းစားရာတွင် အဖွဲ့လိုက် မိခင်ဘာသာစကားကိုအသုံးပြု ဆွေးနွေးနိုင်သည်။
- ကျောင်းသားများမှ မည့်သည့်စာပိုဒ် ၊မည့်သည့်စာကြောင်းမှအဖြေရကြောင်းကိုလည်း ရေးမှတ်ထားရမည်ဖြစ်သည်။
- ထို့နောက် အဖွဲ့လိုက်အဖြေများရရှိပြီးလျှင် အခြားအဖွဲ့များနှင့် ၎င်းတို့ရထားသောအဖြေများကိုဆွေးနွေးနိုင်ပါသည်။ အဖြေရရှိခဲ့သောစာပိုဒ်၊ စာကြောင်းတူမတူအပြန်အလှန်တိုက်ကြည့်နိုင်သည်။
- လုပ်ရှားမှုကိုအဆုံးသတ်ရန် ဆရာမှ ကျောင်းသားအချို့ကို ၎င်းတို့၏အဖြေများကို မိခင်ဘာသာစကား အသုံးပြု ၍ မျှဝေ ရှင်းပြခိုင်းပါ။

## ပုံပြင်ကိုပြန်ပြောခြင်း

မိခင်ဘာသာစကားအသုံးပြု၍ ကျောင်းသားများစိတ်ဝင်စားစေမည့်ပုံပြင်တစ်ပုဒ်ကို ဖတ်ပြပါ။ (သို့) ပြောပါ။ ထို့နောက် ကျောင်းသားများအား ထိုပုံပြင်ကို ၎င်းတို့ကိုယ်ပိုင် စကားလုံးများအသုံးပြု၍ သင်ကြားမှုဘာသာစကား (ဒုတိယဘာသာ စကား)ကိုအသုံးပြု၍ပြန်ပြောခိုင်းပါ။ အခက်အခဲဖြစ်နေလျှင် မေးခွန်းများမေးခြင်းဖြင့် ကူညီပေးပါ။ (ဥပမာ- ဘာကြောင့်အဲ့လိုဖြစ်သွားတာလဲ။ အဲ့ဒါမတိုင်ခင်ဘာဖြစ်သေးလဲ။ ပြီးတော့ရောဘာဆက်ဖြစ်လဲ။ အစရှိသဖြင့်) ကျောင်းသားများ လွန်စွာအခက်အခဲဖြစ်နေသည်ကိုမြင်လျှင် မိခင်ဘာသာစကားအသုံးပြု၍ ရှင်းပြခွင့်ပေးပါ။ ၎င်းတို့ ရင်းနှီးပြီးသား ပုံပြင်များကိုအသုံးပြုခြင်းဖြင့် ကျောင်းသားများမှ ဒုတိယဘာသာစကားတွင် ယုံကြည်မှုရှိလာမည်ဖြစ်သည်။

## မေးခွန်းထုတ်ပါ။

ဆရာမှစာတစ်ပိုဒ်ကိုဖတ်ပြီးနောက် ထိုစာပိုဒ်နှင့်ပတ်သက်သောအဖြေစာကြောင်းတစ်ကြောင်းကို အတန်းအားဝေမျှပါ။
ထိုစာကြောင်းနှင့်ကိုက်ညီသော မေးခွန်းကိုကျောင်းသားများအားထုတ်ခိုင်းပါ။

1. မေးခွန်းများထုတ်သောအခါ ကျောင်းသားများအား ၎င်းတို့၏ မိခင်ဘာသာစကားအသုံးပြု၍ဆွေးနွေးပါစေ။
2. သင်၏အဖြေစာကြောင်းပေါ်မူတည်၍ ကျောင်းသားများအား အဖွင့်နှင့် အပိတ်မေးခွန်းများရေးခိုင်းပါ။
3. ထို့နောက် ကျောင်းသားများအား မေးခွန်းများကို ဒုတိယဘာသာစကား ဖြင့်ရေးခိုင်းပါ။ အကူအညီလိုသော ကျောင်းသားများကို ဆရာမှလှည့်လည်ကူညီနိုင်သည်။
4. ကျောင်းသားများဖန်တီးရေးသားထားသောမေးခွန်းများကိုအုပ်စုထဲတွင်ဝေမျှခိုင်းပါ။

**ဥပမာ** အဖြေစာကြောင်း။ ။ဇီးကွက်မှသမင်လှည့်စားနေသည်ကိုသိခဲ့သည်။

**ဥပမာ** မေးခွန်း။ ။ ဘာကြောင့်ဇီးကွက်က မြေပြင်ပေါ်မှာအစား သစ်ပင်ပေါ်မှာဘဲနေခဲ့တာလဲ။

# ဝေါဟာရ၊ အဓိပ္ပါယ်အထူးပြု၍
# မိခင်ဘာသာစကား၊အပြောစွမ်းရည်မြင့်တင် သင်ကြားခြင်းနည်းလမ်းများ

ခ (၁) အားလုံးပါဝင်နိုင်သောသင်ယူမှု၊ ကျောင်းသားအခြေပြုနည်းလမ်းများသုံး၍ တတ်ကြွစွာသင်ယူခြင်းကိုမြင့်တင့်နိုင်စွမ်းရှိကြောင်းပြသသည်။

ဘာသာစကားများ ကွဲပြား ခြားနားသော စာသင်ခန်းတစ်ခုတွင် အရည်အသွေးမီသောသင်ယူမှုဖြစ်ရန် ဘာသာစကားမျိုးစုံပညာရေး (MLE) ကို မြင့်တင်ပေးသော ဆရာတစ်ဦး၏ သင်ကြားမှု နည်းလမ်းဗဟုသုတများသည် အင်မတန်အရေးကြီးသည်။ သင်ယူမှု လုပ်ငန်းစဉ်တွင် ကျောင်းသားများ၏ မိခင်ဘာသာစကား ကို ရည်ရွယ်ချက်ရှိရှိထည့်သွင်း အသုံးပြုခြင်းဖြင့် အကြောင်းအရာများကို အခြား ဘာသာစကားဖြင့် သင်ယူသောအခါ ၎င်းတို့အနေဖြင့် ပိုမိုယုံကြည်မှုရှိလာသည်။ ယခုအပိုင်းတွင် စာပိုဒ်များကိုအသုံးပြု၍ အဓိပ္ပါယ်၊ဝေါဟာရနားလည်မှုကို အထူးပြုခြင်းဖြင့် ကျောင်းသားများ၏ မိခင်ဘာသာစကားအပြောစွမ်းရည်ကို မြင့်တင်ပေးသည်။ အဖွဲ့လိုက်၊ အတန်းလိုက် လှုပ်ရှားမှု နည်းလမ်းများ ပါဝင်သည်။

## အဖွဲ့ငယ်များဖြင့်လုပ်ဆောင်နိုင်သော လှုပ်ရှားမှုနည်းလမ်းများ

### အဖွဲ့လိုက် ပုံပြင်ပြောခြင်း

အပတ်စဉ် သင်ခန်းစာ အကြောင်းအရာ (သို့) လက်ရှိ အဖြစ်အပျက် တစ်ခုခု၊ ပုံပြင်တစ်ပုဒ်၊ ရုပ်ပုံတစ်ခုခု အကြောင်း ပြောဆိုရန် ကျောင်းသားများကို အားပေးပါ။

- ကျောင်းသားများကို အဖွဲ့များခွဲပါ။
- အဖွဲ့တစ်ခုချင်းစီမှ အကြောင်းအရာခေါင်းစဉ်နှင့် ပတ်သက်သော ဇာတ်လမ်း ပုံပြင်တစ်ခုကို ဖန်တီးခိုင်းပါ။
- ဟာသပုံပြင်လည်း ဖြစ်နိုင်သလို၊ စွန့်စားမှုဖြစ်ရပ် တစ်ခုလည်း ဖြစ်နိုင်သည်။ အဖွဲ့မှ ရွေးချယ်ထားသော အကြောင်းအရာနှင့် ပတ်သက်မှုရှိရမည်။

**ဥပမာ။ ။** အကြောင်းအရာမှာ အစားအစာဖြစ်လျှင် ဈေးတွင် စားစရာ သွားဝယ်ရင်း လမ်းပျောက်သွားသည့် ကောင်လေးနှင့် ကောင်မလေးနှစ်ဦးအကြောင်း ပုံပြင်တစ်ပုဒ်။

- ကျောင်းသားများမှ ပုံပြင် ကို ရုပ်ပုံဆွဲ၍လည်း ဖော်ပြနိုင်သည်။
- ကျောင်းသားများ ပုံပြင်၊ဇာတ်လမ်းများကိုပြောပြပြီးနောက် လူတိုင်းမြင်နိုင်ရန် ပုံပြင်နှင့်ပတ်သက်သော

ဆွဲထားသော ပုံများကို နံရံပေါ်တွင်ကပ်ထားပါစေ။



### သီချင်း၊ ကကွက်၊ ကဗျာ ဖန်တီးပါ။

- လက်ရှိဖြစ်ပျက်နေသော ဖြစ်ရပ် (သို့) သင်ကြားနေသော ခေါင်းစဉ်နှင့် ပတ်သက်သော ပုံပြင်တစ်ပုဒ်ကိုပြောပြပါ (သို့) ဖတ်ပါ၊ (သို့) ဆွေးနွေးပါ။
- ထိုခေါင်းစဉ်နှင့်ပတ်သက်သော သီချင်းတစ်ပုဒ်ကို အဖွဲ့လိုက် ရေးစပ်ပါ။
- တစ်ဖွဲ့ချင်းစီမှ ၎င်းတို့ ရေးစပ်ထားသော သီချင်းများကို အတန်းရှေ့တွင် ဆိုပြရမည် ဖြစ်သည်။
- ကျောင်းသားများမှ ၎င်းတို့ဆိုပြခဲ့သောသီချင်းနှင့်ပတ်သက်ပြီး ဘာကြောင့်လဲ၊ ဘယ်သူလဲ အစရှိသော မေးခွန်းများ မေးနိုင် သည်။
- ကျောင်းသားများမှ သီချင်းများ ကို ကကွက်များနှင့်လည်း ကပြ၊ သီဆိုနိုင်သည်။
- ထို့နောက် အကောင်းဆုံးသီချင်းကို ရွေးချယ် မဲပေးနိုင်သည်။

သီချင်းဖန်တီးရေးသားခြင်းအပြင် ကဗျာများရေးသားခြင်းဖြင့် လည်း ယခု နည်းလမ်းကို ပြောင်းလဲလုပ်ဆောင် နိုင်သည်။ ကျောင်းသားများ မှ ကဗျာ၏အဓိပ္ပါယ်ကို နားလည်စေနိုင်ရန် အထောက်အကူ ပြုသော မေးခွန်းများလည်း မေးနိုင်သည်။ အဖွဲ့လိုက် ကဗျာများကို အတန်းရှေ့တွင် ထွက်၍ ရွတ်ဆိုနိုင်သည်။



### ညွှန်ပြခြင်းဂိမ်း

အတန်းမစမီ ရုပ်ပုံကားချပ်ကြီးတစ်ခုကို သင်ပုန်းပေါ်တွင် ကပ်ထားပါ။ အတန်းကိုအဖွဲ့ ၂ ဖွဲ့ခွဲပါ။ အဖွဲ့လိုက် တန်းစီ၍ နှစ်တန်း တန်းကာ သင်ပုန်းသို့မျက်နှာမူရပ်နေပါ။ သင်းပုန်းပေါ်မှ ရုပ်ပုံဆီသွားပြီး ထောက်ပြနိုင်ရန် အဖွဲ့ (၁)မှ ပထမကျောင်းသား ကို ဆရာမှ လမ်းညွှန်ချက်ပေးပါ။

**ဥပမာ။ ။**" ပုံဆီသွားပြီး အိမ်အထက်တွင် နားနေသောအမည်းရောင် ငှက်ကိုညွှန်ပြပါ"။ အကယ်၍ ဤအဖွဲ့ (၁) ကျောင်းသားမှ မှန်ကန်စွာ ညွှန်ပြနိုင်လျှင် ၎င်း ၏အဖွဲ့မှ အမှတ်ရမည် ဖြစ်ပြီး၊ ထိုကျောင်းသား မှ နေရာတွင် ပြန်ထိုင်နိုင်သည်။

- အကယ်၍ အဖွဲ့ (၁)ကျောင်းသားမှ မှန်ကန်စွာ မညွှန်ပြနိုင်လျှင် အဖွဲ့ (၂)မှ ကျောင်းသားကဖြေဆိုရန် အခွင့်အရေး ရမည်။ ကစားနည်းကို အောက်ပါအတိုင်းပြောင်းလဲနိုင်သည်။ အဖွဲ့(၁) မှ ကျောင်းသားက ညွှန်ကြားချက်ပေးပြီး အဖွဲ့ (၂) မှကျောင်းသားကရုပ်ပုံတွင်ထောက်ပြရမည်။

**ဥပမာ။ ။** " အိမ်အောက်တွင် စပါးထောင်းနေတဲ့ အမျိုးသမီးကို ညွှန်ပြပါ။"

- ထိုအခါ အဖွဲ့ (၂) မှကျောင်းသားတစ်ဦး က ညွှန်ပြရမည်။
- ထို အဖွဲ့ (၂) မှ ကျောင်းသားက မှန်လျှင် အမှတ်ရမည်ဖြစ်ပြီး၊ အဖွဲ့ (၁) သို့ ပြန်လည် ညွှန်ကြားချက်ပေးနိုင်သည်။
- အကယ်၍အဖွဲ့ (၂)ကျောင်းသားက မှားခဲ့လျှင် အဖွဲ့ (၁)မှသာ အမှတ် ၁မှတ် ရပြီး အဖွဲ့ (၂) သို့ ညွှန်ကြားချက် တစ်ကြိမ် ထပ်မံပေးနိုင်သည်။

မှတ်ချက်။ ။အသင်း ၂ သင်း အတွက်ရုပ်ပုံကားချပ်ကြီးတစ်ခုပေး၍ ယခုကစားနည်းကို အဖွဲ့ ၂ဖွဲ့၊ ၄ဖွဲ့၊ (သို့) ၆ဖွဲ့ စသဖြင့် အဖွဲ့များ ဖွဲ့ကာ ကစားနိုင်သည်။

## ရုပ်ပုံများမှ ဇာတ်လမ်းများ

- ကျောင်းသားများကို စိတ်ဝင်စားဖွယ် ရုပ်ပုံများပြပါ။
- အဖွဲ့တစ်ဖွဲ့ချင်းစီကိုပုံနှင့်ပတ်သက်သောကိုယ်ပိုင် ဇာတ်လမ်းများ ဖန်တီးရန် တိုက်တွန်းပါ။
- ထို့နောက်အဖွဲ့လိုက် ၎င်းတို့ ဖန်တီးထားသည့် ပုံပြင်များကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ မျှဝေပါစေ။



## ပုံပြင်၏ ဇာတ်သိမ်းပိုင်း/အဆုံးသတ်ကို ပြောင်းလဲခြင်း

- ကလေးများနှင့်အကျွမ်းတဝင်ဖြစ်ပြီး စိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဥ်ဖြင့်ပုံပြင်တစ်ပုဒ် ဖတ်ပြပါ (သို့) ပြောပြပါ။
- ကလေးများ အတူတကွ (သို့) အဖွဲ့လိုက် ဇာတ်လမ်း၏ အဆုံးသတ်ကို ပြောင်းလဲရန် စဉ်းစားရမည် ဖြစ်သည်။
- အဖွဲ့လိုက် ဇာတ်လမ်းအဆုံးသတ်နှင့် ပတ်သက်သော ၎င်းတို့၏ စိတ်ကူးများ ကို အတန်းရှေ့တွင် ပြောဆိုရမည်။ (သို့) ကျောင်းသားများမှ ဇာတ်လမ်းထဲရှိ ဇာတ်ကောင်၏ စရိုက်လက္ခဏာ၊ ဇာတ်လမ်း ဇာတ်အိမ်၊ အဖြစ်အပျက်များ ကို ပြောင်းလဲနိုင်သည်။



## ပြဇာတ် ဖန်တီးခြင်း

- တစ်နေ့တာ၏အဓိကသင်ခန်းစာအကြောင်းအရာ(သို့) ခေါင်းစဉ်ပေါ်တွင် မူတည်၍ အဖွဲ့တစ်ဖွဲ့စီအား သီးခြား ခေါင်းစဉ်များ ပေးပါ။
- အဖွဲ့တစ်ဖွဲ့စီသည် မိမိရရှိသော ခေါင်းစဉ်အတွက် ၃-၄ မိနစ်စာ ပြဇာတ် ပြင်ဆင်ပြီး၊ အတန်းရှေ့တွင် သရုပ်ဖော် ပြသရမည် ဖြစ်သည်။
- အခြားကျောင်းသားများမှ ပြဇာတ်ထဲမှ သရုပ်ဖော်ပြသွားသော ပုံပြင်၊ဇာတ်လမ်းကို ပြန်လည် ပြောဆိုရမည်ဖြစ်သည်။



## ဘာလုပ်နေလဲဆိုတာ ခန့်မှန်းပါ။

- အတန်းကိုအဖွဲ့များဖွဲ့ပါ။
- တစ်ဖွဲ့စီကိုလှူပ်ရှားမှု လုပ်ဆောင်စရာများပေးပါ။ (တစ်ဖွဲ့ လုပ်ဆောင်ရမည့် အရာကို အခြားတစ်ဖွဲ့မှ မသိပါစေနှင့်။)
- အဖွဲ့များမှ ဆရာပေးလိုက်သော လုပ်ဆောင်ချက်ကို သရုပ်ဖော်ပြ ရမည်ဖြစ်သည်၊ နှုတ်ဖြင့်ပြောဆို၍မရပါ။
- အခြားကျောင်းသားများက အတန်းရှေ့တွင် သရုပ်ပြနေသော အဖွဲ့၏ သရုပ်ပြမှုအပေါ်တွင် ခန့်မှန်းရမည်ဖြစ်သည်။
- ကျောင်းသားများကိုပြင်ဆင်ချိန် ၁၀ မိနစ်ပေးပါ။
- ထို့နောက် တစ်ဖွဲ့စီအလှည့်ကျ အတန်းရှေ့ထွက်၍
- သရုပ်ပြရမည်။
- ကျောင်းသားများ သရုပ်ပြမှုအတွက် ပြင်ဆင်ရာတွင် ၎င်းတို့၏ဖန်တီးတွေးခေါ်မှုများအသုံးပြုခြင်း အပေါ် ချီးမွမ်းပြောဆိုပါ။



## ခံစားချက်ကို ခန့်မှန်းပါ။


လူတစ်ဦး ၏မျက်နှာကိုကြည့်ခြင်းအားဖြင့် ထိုသူ၏ခံစားချက်ကို ပြောနိုင်၊မပြောနိုင် ကျောင်းသားများအား မေးမြန်းကြည့်ပါ။ ကျောင်းသားများမှ ပြောနိုင်သည်ဟုဆိုလျှင်၊ “သူဘာတွေခံစားနေရတယ် ဆိုတာကို ဘယ်လိုကြောင့် ပြောနိုင်ရတာလဲ။ ဘာကိုတွေ့မြင်ရလို့လဲ။”

- သင်၏စိတ်ခံစားမှုကို ကျောင်းသားများအား ခန့်မှန်း စေလိုကြောင်း ပြောပါ။ သင့်မျက်နှာကိုကြည့်၍သာ ပြောရမည်ဖြစ်သည်။
- သင်ကဝါကျတစ်ကြောင်းကို ပြောပါ။

**ဥပမာ။** ။ “ဆရာမ နာမည်က ဒေါ်မြနှင်း” ကျောင်းသားများမှ သင့်အသံကိုသာ နားထောင်ပြီး၊ မျက်နှာအမူအရာကိုကြည့်ကာ ထိုစာကြောင်းကို ပြောသောအခါသင့်ရဲ့ ခံစားချက်မည်သို့ရှိသည်ကို ပြောရမည် ဖြစ်သည်။

- စာကြောင်းများကိုပြောရာတွင် ပထမအကြိမ်တွင် ပျော်ပျော်ရွှင်ရွှင်၊ ဒုတိယအကြိမ်တွင် ဝမ်းနည်းစွာ၊ တတိယအကြိမ်တွင် ဒေါသဖြင့်၊ စတုတ္ထအကြိမ်တွင် စိုးရိမ်ပူပန်သောပုံစံဖြင့်ပြောပါ။
- တစ်ကြိမ်စီတွင် သင့်ခံစားချက်မည်သို့ရှိသည်ကို ကျောင်းသားများကို မေးကြည့်ပါ။
- ထိုစာကြောင်းများကို မတူညီသော ခံစားချက် အလိုက် ထပ်မံပြောဆို၍ ခံစားချက်များကို မှန်းဆခိုင်းပါ။

ထို့နောက် အဖွဲ့တစ်ဖွဲ့ချင်းစီမှ ကျောင်းသားတစ်ဦးစီက စာကြောင်းတစ်ကြောင်းစီကိုပြောဆိုပြီး ၎င်းတို့အဖွဲ့ထဲမှ ကျန်ရှိနေသော ကျောင်းသားများ မှ ထိုကျောင်းသား၏စိတ်ခံစားချက်ကို ခန့်မှန်းပါစေ။



## အတန်းတစ်တန်းလုံး အတူတကွ လုပ်ဆောင်နိုင်သော လှုပ်ရှားမှု နည်းလမ်းများ

### ငါတို့ဘာမြင်လဲ။

ဒီကစားနည်းမှာ ကျောင်းသားတစ်တွဲက အတန်းထဲတွင် ရှိသော အရာတစ်ခုခုကို ကြည့်မှတ်ထားပြီး၊ အခြားကျောင်းသားများက ၎င်းတို့မှတ်ထားသောအရာကို ခန့်မှန်းပြောဆိုရမည်။

- ဆရာမှ နမူနာစတင်လုပ်ဆောင်ပြနိုင်သည်။ ဆရာမှ အတန်းထဲရှိအရာဝတ္ထုပစ္စည်းတစ်ခုခုကို မှတ်သားပါ။ (ထင်ရှားသောအရာဖြစ်ရမည် ဥပမာ- ဆရာ့စားပွဲ၊ ကျောင်းသူတစ်ယောက်၏ အနီရောင်ဝတ်စုံ၊ ပန်းတစ်ပွင့်)
- ထို့နောက် ကျောင်းသားများအား " ဆရာ ပစ္စည်းတစ်ခု မြင်ထားတယ်၊ အဲ့ဒါဘာလို့ထင်သလဲ" ဟုမေးပါ။
- ကျောင်းသားများမှ အဖြေကိုခန့်မှန်းရာတွင် ဟုတ်သည်၊ မဟုတ်ပါ အစရှိသောမေးခွန်းများ မေးမြန်း၍ ခန့်မှန်းနိုင်သည်။

**ဥပမာ။ ။** "အစိမ်းရောင်ရှိတဲ့အရာလား၊ လူလား၊ သက်ရှိလား၊ ဝတ်ဆင်လို့ရလား၊ စားလို့ရလား၊ လက် ထက်သေးလား၊" အစရှိသဖြင့်

- မေးလာသောမေးခွန်းများအပေါ် အဖြေများကိုရှင်းရှင်းလင်းလင်းဖြေပါ။
- ဆရာ မြင်သောအရာကို ကျောင်းသားများခန့်မှန်းရာတွင် အညွှန်းအချက်အလက်များကို အသုံးပြုရန် အားပေးပါ။
- ကျောင်းသားများမှ ကစားနည်းကို နားလည်ပြီဆိုလျှင်၊ အတန်းထဲမှ ကျောင်းသားတစ်တွဲကို ဖိတ်ခေါ်၍ စာသင်ခန်းထဲရှိ (သို့) စာသင်ခန်းပြင်ပရှိ အရာဝတ္ထုပစ္စည်းတစ်ခုခုကို မှတ်သားခိုင်းပါ။
- ထို့နောက် ၎င်းတို့မှတ်သားထားသောအရာကို ဆရာ့အား တိုးတိုး ပြောခိုင်းပါ။
- အခြားကျောင်းသားများမှ ထိုကျောင်းသားနှစ်ယောက်၏ စိတ်ထဲတွင်မှတ်သားထားသောအရာကို ခန့်မှန်းရမည်ဖြစ်သည်။
- ကျောင်းသားများခက်ခဲနေသည်ကိုသတိထားမိလျှင် အညွှန်းပေးနိုင်သည်။
- ထိုသို့ ၃-၄ ခု နမူနာလုပ်ဆောင်ခြင်းဖြင့် ကလေးများ ကစားနည်းကို သိကျွမ်းသွားမည်ဖြစ်သည်။ ထို့နောက် မှတ်သားနိုင်ရန် ပစ္စည်းများပိုမိုထပ်မံဖြည့်စွက်နိုင်သည်။

### သတင်းအချက်အလက်များအစီရင်ခံခြင်း

လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်းရှိ ဖြစ်ပျက်နေသည့် အကြောင်းအရာများကို နေ့စဉ်(သို့) အပတ်စဉ်တိုင်း မတူညီသော အဖွဲ့မှ တာဝန်ယူတင်ပြရမည်ဖြစ်သည်။
တာဝန်ကျသည့်တင်ပြသူများကို အချိန် ၅ မိနစ် (သို့) ၁၀ မိနစ် ပေးပြီး အခြားကျောင်းသားများအား သတင်း၊ အချက်အလက်များကို ဝေမျှတင်ပြခွင့် ပေးပါ။

**ဥပမာ။ ။** မီးသတင်း၊ ခရီးသွားခြင်းအတွေ့အကြုံ၊ လက်ဆောင် တစ်ခုခု အကြောင်း၊ မတော်တဆထိခိုက်ခံရမှုတစ်ခုအကြောင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု (သို့) အားကစားအခမ်းအနား တစ်ခုခု အကြောင်း၊ ညီ၊ ညီမအသစ်ကလေးအကြောင်း။

### လက်ဆင့်ကမ်းပုံပြင်ပြောခြင်း

- ယခုအပတ်အတွင်း သင်ကြားထားသော သင်ခန်းစာနှင့် သက်ဆိုင်သည့် အကြောင်းအရာကို ရွေးချယ်ပါ။
- ကျောင်းသားများကို သင်နှင့်အတူ စက်ဝိုင်းပုံသဏ္ဍာန် ဝိုင်းဖွဲ့ရပ်ပါ။
- ဇာတ်ကောင်နာမည်ဆုံးဖြတ်ပါ။ **ဥပမာ။ ။** ဇာတ်ကောင်နာမည် မောင်စပ်စု။
- ဆရာမှ ဇာတ်ကောင်နေရာမှနေ၍ ပထမ စာကြောင်းဖြင့် ဇာတ်လမ်းကိုစတင်ပါ။

**ဥပမာ။ ။** "မောင်စပ်စုက ခရမ်းချဉ်သီးသုံးလုံးကို သူ့ရဲ့ပါးစပ်ထဲ တစ်ပြိုင်နက်တည်းထည့်ခဲ့တယ်။"

- ထို့နောက် ဆရာမှဘောလုံးကိုကျောင်းသားတစ်ဦးဆီသို့ ပစ်ပေးပါ။ ထိုကျောင်းသားတစ်ဦးမှ ဇာတ်လမ်း၏ နောက်စာကြောင်းတစ်ခုဖြင့် ပုံပြင်ကို ဆက်ပြောရပါမည်။

**ဥပမာ။ ။** "အဲ့ဒီနောက် ဆင်နှစ်ကောင် သူ့ဆီပြေးလာတာကို မြင်ခဲ့တယ်။"

- ထိုကျောင်းသားမှ နောက်တစ်ယောက်ကို ဘောလုံးပစ်ပေးကာ ကျောင်းသားများမှ ပုံပြင်ကို ဆက်၍ပြောသွားရမည်ဖြစ်သည်။"

**မှတ်ချက်။ ။** အရောင်များ၊ နံပါတ်များ၊ တည်နေရာစကားလုံးများ၊ သဒ္ဒါများ (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်ကာလ) စသည့် အသုံးအနှုန်းများကို ကျောင်းသားများ အသုံးပြုတတ်စေရန် ထည့်သွင်း အသုံးပြုရာတွင် လက်ဆင့်ကမ်းပုံပြောတမ်း (Relay Stories) ကို အသုံးပြုနိုင်သည်။

## ဘယ်လို နှင့် ဘာကြောင့် မေးခွန်းများ (အဆင့်မြင့် မေးခွန်းများ)

- ကလေးများနှင့်ရင်းနှီးကျွမ်းဝင်ပြီးသား၊ စိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဉ်တစ်ခုအကြောင်း ပုံပြင်ကိုဖတ်ပြပါ (သို့မဟုတ်) ပြောပြပါ။
- ထို့နောက်ပုံပြင်နှင့်ပတ်သက်ပြီး ဘာကြောင့်လဲ၊ ဘယ်လိုလဲ စတဲ့မေးခွန်းများမေးပါ။

**ဥပမာ။ ။** “ ဘာကြောင့်သူမ ဒီလိုလုပ်လိုက်တယ်ထင်သလဲ” (သို့) “ ဒီလိုဖြစ်မယ်ဆိုတာ သူဘယ်လိုသိသလဲ” (ဤမေးခွန်းများသည် ကျောင်းသားများအတွက် စကားလုံးတစ်လုံး၊ နှစ်လုံးမျှမကဘဲ ပိုမိုရှည်လျားသော ဖြေဆိုချက်များ ပေးရန်လိုအပ်သည်။)

- သင့်အနေဖြင့် အကဲဖြတ်မေးခွန်းများကိုလည်း မေးနိုင်သည်။ “အဖွားကအဲဒီလိုလုပ်သင့်တယ်လို့ထင်သလား။ ဘာကြောင့်ထင်သလဲ၊ ဘာကြောင့်မထင်ဘူးလဲ။”

## ပုံပြင်ထဲက ဖြစ်စဉ်များ

- ကလေးများနှင့်အကျွမ်းတဝင်ဖြစ်ပြီး စိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဉ်ဖြင့် ပုံပြင်တစ်ပုဒ် ကိုပြောပြပါ (သို့) ဖတ်ပြပါ။
- ထို့နောက် ပုံပြင်ထဲရှိမတူညီသည့် ဖြစ်ရပ်များကို ဖော်ပြသော ရုပ်ပုံများကို ကျောင်းသားများအား တစ်ဦးလျှင် တစ်ပုံစီ ဝေပေးပါ။
- ကျောင်းသားများမှ ရရှိထားသောရုပ်ပုံအလိုက် ပုံပြင်၏ ဖြစ်ရပ်များကို ကိုင်ကာ အစဉ်လိုက် တန်းစီရမည်ဖြစ်သည်။
- ပုံပြင်၏ဖြစ်ရပ်များအား မှန်ကန်စွာ စီပြနိုင်ရန်အတွက် ဆရာမှ ကျောင်းသားများ အချင်းချင်း ကူညီ လုပ်ဆောင်ရန် အားပေး ပြောဆိုရမည်။
- ရုပ်ပုံမရသော ကျောင်းသားများမှ တန်းစီထားသော ရုပ်ပုံများကို ကြည့်ကာ ပုံပြင်၏ဖြစ်စဉ်များကို ပြောပြရမည် ဖြစ်သည်။

## သရုပ်ဖော်ပုံပြင်

ကျောင်းသားများအား “ပုံပြင်တစ်ပုဒ်ဖတ်ပြမယ်၊ ဒုတိယအကြိမ်ဖတ်တဲ့အခါ ဒီဇာတ်လမ်းကို သရုပ်ဖော်ဖို့ ကူညီသရုပ်ဆောင် ပေးမယ့် ကျောင်းသားတွေ လိုမယ်” ဟုပြောပါ။

- ကျောင်းသားများ အကျွမ်းတဝင်ဖြစ်ပြီး စိတ်ဝင်စားမည့် အကြောင်းအရာ ပါသော ပုံပြင် ကို ရွေးပြီးဖတ်ပါ။
- ဖတ်ပြပြီးသွားသောအခါ၊ ပုံပြင်၏ ဇာတ်ကောင်အသီးသီးနေရာတွင် သရုပ်ဖော်ရန် ကူညီ သရုပ်ဆောင် ပေးမည့် သူများကို ရွေးပါ။
- သရုပ်ဆောင်မည့်သူများသည် စကားပြောစရာမလိုကြောင်းနှင့် ဖတ်ပြတာကိုပဲနားထောင် ပြီး သရုပ်ဖော်ရမည် ဖြစ်ကြောင်းကို သေချာရှင်းပြပါ။
- ပုံပြင်ကို နောက်တစ်ကြိမ်ဖတ်ပြသည်နှင့် ကျောင်းသားများမှ သရုပ်ဖော်ပါစေ။
- သရုပ်ဖော်ခြင်း ပြီးသည်နှင့် အသိအမှတ်ပြုကာ ချီးမွမ်းပေးပါ။

အကယ်၍ ကလေးများက ထပ်ပြီး သရုပ်ဆောင်ချင်လျှင် ပုံပြင်ကိုထပ်မံဖတ်ပြပါ။





# ဝေါဟာရ အဓိပ္ပါယ် နှင့် တိကျမှုကိုအထူးပြု၍မိခင်ဘာသာစကား အကြို အရေး၊အဖတ်စွမ်းရည် မြင့်တင်သင်ကြားခြင်း နည်းလမ်းများ

**ခ (၁) အားလုံးပါဝင်နိုင်သောသင်ယူမှု၊ ကျောင်းသားအခြေပြုနည်းလမ်းများသုံး၍ တတ်ကြွစွာသင်ယူခြင်းကိုမြင့်တင့်နိုင်စွမ်းရှိကြောင်းပြသသည်။**

ဘာသာစကားသင်ကြားရေးတွင် ကျွမ်းကျင်သောဆရာများသည် အမှားများကို မကြာခဏ၊ တသတ်မတ်တည်းကျကျ ပြင်ဆင်ပေးခြင်းဖြင့် ကျောင်းသားများ၏ ဘာသာစကားအသုံးအနှုန်း (သဒ္ဒါ၊ အသံထွက်၊ စာလုံးပေါင်းသတ်ပုံ) တိကျမှန်ကန်မှုရှိအောင်လုပ်ဆောင်သည်။ ကျောင်းသားများအနေဖြင့်လည်း ၎င်းတို့၏ကိုယ်ပိုင် အရေးအသားများကို ပြန်လည်ဆန်းစစ်ခွင့်နှင့် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခွင့် ရှိသင့်သည်။ ဆရာအနေဖြင့်လည်း ကျောင်းသားများ၏ စိတ်ကူးများဝေမျှရန်၊ အကြောင်းအရာအပေါ်တုံ့ပြန်ရန်နှင့် ချဲ့ထွင်ရန် အားပေးသင့် သည်။ ကျောင်းသားများမှ အဓိပ္ပါယ်ကိုဖတ်ပြီး၊ ၎င်းတို့အချင်းချင်း မူရင်း စိတ်ကူးများကို အပြန်အလှန်ပြောဆိုဆွေးနွေးရန်လည်း အားပေးဖို့ လိုအပ်ပါသည်။ ယခုအပိုင်းတွင် အကြို အရေး၊ အဖတ်စွမ်းရည်များကို မိတ်ဆက်ပေးခြင်းဖြင့် ကျောင်းသားများ၏ မိခင်ဘာသာစကားစွမ်းရည် မြင့်တင်ပေးသည်။

## အဖွဲ့ငယ်များဖြင့်လုပ်ဆောင်နိုင်သော လှုပ်ရှားမှုနည်းလမ်းများ

### ပုံပြင်ဇာတ်လမ်းရေးသားခြင်း(အမြန်ရေးသားနည်း)

- အပတ်စဉ်ဆောင်ပုဒ်နှင့် ဆက်စပ်သော ယေဘူယျခေါင်းစဉ် ကို ကျောင်းသားများအား ပြောပြပါ။
- ကျောင်းသားများမှ ထိုခေါင်းစဉ်နှင့် ပတ်သက်ပြီး ကိုယ်ပိုင်ဇာတ်လမ်း ဖန်တီးရမည်။ ကျောင်းသားများမှ ပုံတစ်ပုံနှင့် အစချီပြီး ဇာတ်လမ်းကိုမည်သည့် နည်းလမ်းဖြင့် မဆိုရေးနိုင်သည်။ (ဤသည်ကို"အမြန်ရေးသားနည်း”ဟုခေါ်သည်။)
- ကျောင်းသားများအနေဖြင့် အက္ခရာအလုံးတိုင်း မှန်၊မမှန်ကို စိတ်မပူသင့်ကြောင်းနှင့် ၎င်းတို့၏ ကိုယ်ပိုင်အတွေးအခေါ်များနှင့် စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာ ဖန်တီး၊ ရေးသားရမည်ကို အလေးပေးပြောပါ။
- ထို့နောက် ၎င်းတို့ရေးထားသော ဇာတ်လမ်းကို အတွဲလိုက် (သို့) အဖွဲ့ဝင်အချင်းချင်း မျှဝေနိုင်ပါသည်။

တစ်ပတ်တစ်ခါ ကျောင်းသားများ၏ ပုံပြင်များကို စာသင်ခန်းနံရံများပေါ်ကပ်ထားပြီး ကျောင်းသားများအား အခြားသူများ၏ ပုံပြင်များကို လေ့လာရန် အားပေးပါ။ ကျောင်းသားများ၏ လုပ်ဆောင်မှုများ အတွက် ရည်ရွယ်ချက်ရှိရှိ ချီးမွမ်းပေးပါ။

### မြေပြင်ပေါ်တွင်ပုံဆွဲခြင်း

- ကျောင်းသားများကို အဖွဲ့များခွဲပါ။ ပြီးလျှင် ၎င်းတို့အား အပြင်ဘက်သို့ခေါ်ဆောင်သွားပါ။
- ကျောင်းသားများသည် မြေပြင်ပေါ်တွင် ရုပ်ပုံများဖန်တီးရန် တုတ်များကို အသုံးပြုနိုင်သည်။ ရုပ်ပုံများကို အလှဆင်ရန် (အရွက်များ၊ ကျောက်ခဲများ၊ အခွံများ) ကိုလည်း အသုံးပြုနိုင်သည်။
- ထို့နောက် အဖွဲ့ဝင်ကျောင်းသားများက ၎င်းတို့၏ ပုံနှင့် ပတ်သက်၍ ရှင်းပြရမည်ဖြစ်ပြီး အခြားကျောင်းသား များ က အဖွဲ့ တစ်ခုစီအလိုက် လှည့်လည် ကြည့်ရှုရမည်။
- ရုပ်ပုံများနှင့် ပတ်သက်၍ မေးခွန်းများအမေး၊အဖြေ ပြုလုပ်နိုင်ရန် ကျောင်းသားများကို အားပေးပါ။

### စကားလုံးအရေအတွက်အလိုက် လက်ခုပ်တီးခြင်း

- ကျောင်းသားများကို အဖွဲ့များခွဲပါ။
- ဆရာမှ ပထမအဖွဲ့ကို စကားလုံးလေးလုံးပါသော ဝါကျတစ်ကြောင်း ပြောပါ။
- ၎င်းတို့မှ ဝါကျတွင်စကားလုံးမည်မျှရှိသည်ကို မှတ်သားထား ပြီး စကားလုံးတစ်ခုချင်းစီအတွက် လက်ခုပ် ၁ ချက် တီးရ မည်။ (စကားလုံးလေးလုံးပါသောဝါကျဆိုလျှင်၄ချက်တီးရန်)
- ပထမအဖွဲ့မှ မှန်ကန်စွာ လက်ခုပ်တီးနိုင်လျှင် ထိုအသင်းအတွက် အမှတ်ကို ကျောက်သင်ပုန်းပေါ်တွင် ရေးမှတ်ထားပါ။
- ထို့နောက် ဒုတိယအဖွဲ့အား စကားလုံး ၃လုံး (၄လုံး သို့ ၅လုံး) ပါသော ဝါကျတစ်ကြောင်း ကိုပြောပြပါ။
- ဒုတိယအဖွဲ့မှ စကားလုံး မည်မျှပါသည်ကို မှတ်သားထားပြီး လက်ခုပ်တီးရမည်။ မှန်ကန်စွာ တီးနိုင်လျှင် ဤအဖွဲ့မှ အမှတ်ရမည်ဖြစ်သည်။
- တစ်ဖွဲ့ချင်းစီအတွက် ၅ကြိမ်ပြုလုပ်ပါ။

အများဆုံးမှန်ကန်စွာ လက်ခုပ်တီးနိုင်သောအဖွဲ့သည် အနိုင်ရရှိ မည်ဖြစ်သည်။

### ကဒ်များယှဉ်တွဲခြင်း

ယခုနည်းလမ်းကို ရုပ်ပုံကဒ်ကိုအခြားပုံစံတူရုပ်ပုံကဒ် (သို့) စကားလုံးကဒ် (သို့) စကားလုံး၏ ပထမအက္ခရာပါသောကဒ် အစရှိသဖြင့် ကဒ်များ ယှဉ်တွဲရာတွင်အသုံးပြုနိုင်သည်။

**ဥပမာ။** ။ရုပ်ပုံကဒ်များယှဉ်တွဲခြင်း

- အဖွဲ့တစ်ဖွဲ့စီကို ရုပ်ပုံကဒ်အစုံ ၂၀ ပေးပါ။ (စုစုပေါင်း၄၀ ကဒ်)
- ကဒ်များကို ရောနှောပြီး ကြမ်းပြင်ပေါ်တွင်ချထားရမည်။
- အဖွဲ့တစ်ဖွဲ့စီမှ ကျောင်းသားများက ရုပ်ပုံတူကဒ်နှစ်ခုကို အလှည့်ကျ ရွေးချယ် ရမည်။

**ဥပမာ။** ။ရုပ်ပုံကဒ်များကို စကားလုံးကဒ်များနှင့် ယှဉ်တွဲခြင်း

- တစ်ဖွဲ့လျှင် ရုပ်ပုံပါသောကဒ်များနှင့် ထိုကဒ်များနှင့် သက်ဆိုင်ရာ စကားလုံးပါသော ကဒ်များ ပေးပါ။
- တစ်ဖွဲ့ချင်းစီမှ ကျောင်းသားများက အလှည့်ကျ စကားလုံးကဒ်နှင့် ရုပ်ပုံကဒ်များကိုတွဲရမည် ဖြစ်သည်။

## အပိုင်း (၃) ပိုင်းပါသော ရုပ်ပြပုံပြင်

- ပုံ ၃ ပုံဆွဲရန် ကျောင်းသားများကိုပြောပါ။ ပုံပြင်၏အစကို ဖော်ပြသည့် ပုံတစ်ခု၊ ပုံပြင်၏အလယ်ကို ဖော်ပြသည့်ပုံ တစ်ခုနှင့် ပုံပြင်၏အဆုံး ကိုဖော်ပြသည့်ပုံတစ်ခုကို ကျောင်းသားများက ဆွဲပြရမည်ဖြစ်သည်။

**ဥပမာ။** ။(၁)သစ်ပင်တစ်ပင်ကိုချိန်ပြီး မြှားပစ်နေသည့် ကောင်လေးတစ်ယောက်၏ ပုံ၊

(၂) နကျယ်ကောင်များ၏ အသိုက်ကို မြှားထိမှန်သွားသည့် ပုံနှင့်

(၃) နကျယ်ကောင်များ အနားမှ ထွက်ပြေးသွားသော ကောင်လေး၏ပုံ။

- ကျောင်းသားများက ၎င်းတို့၏ပုံများကို အတွဲလိုက်(သို့) အဖွဲ့ဝင်အချင်းချင်းကိုပြပြီး ပုံပြင်၏ဇာတ်လမ်းကို ပြောပြရမည်။

ယခုလုပ်ဆောင်မှုကို အဖွဲ့လိုက်လုပ်ဆောင်လျှင် အဖွဲ့များထဲမှ ကျောင်းသားတစ်ယောက်စီက ပုံပြင်ဖြစ်ရပ်၏ အစိတ်အပိုင်း တစ်ခုစီကို ဆွဲရမည်။ ဇာတ်လမ်းကို ရုပ်ပုံများဖြင့် သရုပ်ဖော် ပြရန် ကျောင်းသားများကငင်းတို့ဆွဲထားသောပုံများကိုကိုင်ကာ တန်းစီရပ်နေရပါမည်။ အခြား ကျောင်းသားများက ရုပ်ပုံများကို ကြည့်ပြီး ပုံပြင်ကို ခန့်မှန်းရပါမည်။ ပုံဆွဲထားသောအဖွဲ့သည် အခြားသူများ၏ ခန့်မှန်းချက်အပေါ် ဇာတ်လမ်းကို လိုအပ်လျှင် အမှန်ပြင်ပေးနိုင်သည်။

## အရာဝတ္ထုများကို အမျိုးအစားအလိုက် စီခြင်း

အတန်းမစမီ အမျိုးအစားခွဲရာတွင် သုံးနိုင်သော ပစ္စည်း ၃၀-၄၀ကို သင့်ပတ်ဝန်းကျင်တွင်ရှာဖွေပါ။ ဥပမာ-အစေ့၊ တုတ်၊ ကျောက်တုံး၊ ဖူးခွံ၊ အစရှိသဖြင့် ရှာပြီးစုပုံထားပါ။ ပစ္စည်းတစ်မျိုးလျှင် ၄-၅ခု နှုန်းဖြင့် ပစ္စည်း၃-၄မျိုးပါဝင်သော အပုံငယ်များပုံ ထားပါ။ တစ်ဖွဲ့ ချင်းစီကို တစ်ပုံစီဝေပေးပါ။

အမျိုးအစားခွဲရန် အဖွဲ့တစ်ဖွဲ့စီကို တစ်ပုံစီ ပေးပါ။ အဖွဲ့များမှ ဆရာ၏ညွှန်ကြား ချက်အတိုင်း အမျိုးအစားများခွဲ၍ စုရမည်။

- အရာဝတ္ထုအမျိုးအစားအလိုက်စုခြင်း။ ။ကျောက်တုံးတစ်စု၊ အစေ့တစ်စု၊ ဖူးခွံတစ်စု အစရှိသဖြင့် အမျိုးအစားတူစုခြင်း။
- အရွယ်အစားအလိုက်စုခြင်း။ ။ကြီးသောကျောက်တုံးများ၊ အစေ့များ၊ သစ်ရွက်များကတစ်စု၊ သေးသော ကျောက်တုံးများ၊ အစေ့များ၊ အရွက်များကတစ်စု အစရှိသဖြင့် အရွယ်အစား အလိုက်စုခြင်း။
- ပုံသဏ္ဌာန်အလိုက်စုခြင်း။ ။ပုံသဏ္ဌာန်တူအရွက်များ၊ အပွင့်များ၊ ပွင့်ချပ်များ အစရှိသဖြင့် တူရာတူရာစုခြင်း။
- အလျားအရှည်လိုက်စုခြင်း။ ။အရှည်အတို မတူညီသည့် တုတ်ချောင်းများကို ကျောင်းသားများအားပေးပါ။ အတိုအရှည် အလျားပေါ်မူတည်ပြီး အတိုဆုံးမှအရှည်ဆုံး (သို့) အရှည်ဆုံးမှ အတိုဆုံး အစဉ်လိုက်စီခြင်း။ အစရှိသဖြင့် နည်းလမ်းအမျိုးမျိုး ဖြင့် ကျောင်းသားများအား အရာ ဝတ္ထုများကို စီခိုင်းနိုင်သည်။

## ပုံပြင်ကို ပုံဆွဲကာ သရုပ်ဖော်ခြင်း

- ကျောင်းသားများအား ပုံပြင်တစ်ပုဒ်ဖတ်ပြပါ။ ပုံပြင်၏ ဇာတ်ဝင်ခန်းများအကြောင်း ပြောဆိုရန် ၎င်းတို့ကို အားပေးပါ။
- ထို့နောက် ကျောင်းသားများအား ဇာတ်လမ်း၏ အရေးကြီး ဆုံးအပိုင်းကို ဖော်ပြသည့် ပုံတစ်ပုံဆွဲခိုင်းပါ။
- ကျောင်းသားများအနေဖြင့် ၎င်းတို့ဆွဲထားသည့် ပုံအကြောင်းပြောပြပြီး၊ ထိုပုံသည် ဇာတ်လမ်း၏ အရေးအကြီးဆုံးအပိုင်းကို မည်သို့ ကိုယ်စားပြုသည်ကိုရှင်းပြရမည်။

## ကျောက်သင်ပုန်းပေါ်တွင် စာရေးခြင်း (တစ်ယောက်ချင်းစီ)

ပြန်လည်လေ့ကျင့်ခြင်းအနေဖြင့် ကျောင်းသားများမှ ထိုအပတ်တွင်သင်ကြားလေ့လာခဲ့သော သင်္ကေတများကို ရေးသားရမည်။

**ဥပမာ။** ။ကျောင်းသားများက ယခုအပတ်တွင် အာဆီယံနိုင်ငံများအကြောင်း လေ့လာခဲ့ရသည်ဆိုလျှင် ဤအကြောင်းအရာနှင့် ပတ်သက် သည့် စကားလုံးများကို ကျောက်သင်ပုန်း၌ ကျောင်းသားများ အားရေးခိုင်းပါ။ ထို့နောက် ကျောင်းသားများမှ အာဆီယံခေါင်းစဉ်နှင့် သက်ဆိုင် သည့်စကားလုံးများ (အာရှ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အစားအစာများ၊ ဝတ်စားဆင်ယင်ပုံများ၊ ယဉ်ကျေးမှုများ)ကို ကျောက်သင် ပုန်းတွင် ရေးကြလိမ့်မည်။

ဆရာမှ လိုအပ်သလိုလေ့လာစောင့်ကြည့်ပြီး မှန်ကန်အောင် လမ်းကြောင်းပေးနိုင်သည်။

# အတန်းတစ်တန်းလုံး အတူတကွ လုပ်ဆောင်နိုင်သော လှုပ်ရှားမှု နည်းလမ်းများ

## နားထောင်ပြီး ခန့်မှန်းကြည့်ခြင်း

- အပတ်စဉ်အလိုက် အကြောင်းအရာနှင့်သက်ဆိုင်သော ပုံပြင်တစ်ပုဒ်ကိုဖတ်ပြပါ။ ဖတ်ပြနေစဉ် မကြာခဏရပ်တန့်ပြီး "ဘာဆက်ဖြစ်မယ် ထင်သလဲ"ဟု ကလေးများ အား မေးပါ။

**ဥပမာ။** ။ သင်က ယုန်နှင့်လိပ် ပုံပြင်မှ စာကြောင်းအနည်းငယ်ဖတ်ပြပြီး ခဏရပ်ကာ "ယုန်နှင့်လိပ်က ဘာလုပ်ကြမယ် လို့ ထင်သလဲ" ဟု ကျောင်းသားများအား မေးပါ။ ကျောင်းသား များမှ ဖြေပြီးသောအခါ သင်က ဆက်ဖတ်ပြနိုင် သည်။ တဖန် "ဘာဆက်ဖြစ်မယ် ထင်သလဲ၊ ဒီအပြေး ပြိုင်ပွဲမှာ ဘယ်သူနိုင်မယ်ထင်သလဲ၊ ယုန်က အပြေးပြိုင်ရင်း လမ်းမှာ ဘာလုပ်မယ် ထင်သလဲ" အစရှိသော မေးခွန်းများ ထပ်၍ မေးမြန်းနိုင်သည်။ ထိုသို့ဖြင့် ကျောင်းသားများက သင်ဖတ်ပြသည်ကို နားထောင်ကာ အဖြေကို ခန့်မှန်းဖြေဆို ကြလိမ့်မည်။



## သံဗူးထဲက အရာများကို ခန့်မှန်းခြင်း

သံဗူးသုံးဗူးထဲသို့ မတူသောအရာများ ဖြည့်ထားပါ။ ဥပမာ။ သဲ၊ ကျောက်ခဲ၊ ဆန်။

- ကျောင်းသားများအား သံဗူးတစ်ခုချင်းစီရှိ အရာများကို ပြပြီး ဗူးတစ်ခုစီ၏ အသံကို သိနိုင်ရန် ဗူးများကို လှုပ်ပြပါ။ ကျောင်းသားများက သံဗူးတစ်ခုစီ၏ မတူညီသော အသံများကို ကြားရလိမ့်မည်။
- ထို့နောက် ကျောင်းသားများအား မျက်စိမှိတ်ခိုင်းပြီး သင်က ပထမသံဗူးတစ်ခုကိုလှုပ်ပါ။ ပြီးနောက်ဒုတိယဗူးကို လှုပ်ပါ။ ပြီးလျှင်တတိယမြောက်သံဗူးကို လှုပ်ပါ။
- ကျောင်းသားများသည် ဆရာမလှုပ်ပြသွားသည့် သံဗူး အစဉ်လိုက်အတိုင်း သံဗူးထဲရှိသည့် အရာများကို အစီအစဉ် တကျ ခန့်မှန်းပြောပြရမည်။ (ဥပမာ။ သင်က ပထမဆုံး သဲထည့်ထားသည့်ဗူးကို လှုပ်လိုက်ပါ၊ ထို့နောက် ကျောက်ခဲ ထည့်ထားသည့်ဗူး၊ ထို့နောက် ဆန် (သို့) စပါးထည့်ထားသောဗူး အစရှိသဖြင့် တစ်ခုပြီးတစ်ခုလှုပ်ပါ။)
- ထိုသို့အကြိမ်ကြိမ်ပြုလုပ်ပါ။



## ရုပ်ပုံကားချပ်အကြီး

- ကျောင်းသားများအားအပတ်စဉ်ဆောင်ပုဒ်နှင့်သက်ဆိုင် သော ပုံအကြီးတစ်ပုံကိုပြပါ။
- ရုပ်ပုံနှင့်ပတ်သက်သည့် သိထားသော အကြောင်းအရာ များကို စဉ်းစားရန် ကျောင်းသားများကိုအားပေးပါ။
- ထို့နောက်ရုပ်ပုံအကြောင်း ပြောဆိုရန် အထောက်အကူ ဖြစ်စေမည့် မေးခွန်းများကို ၎င်းတို့အားမေးပါ။

**"ဘာလဲ"မေးခွန်းများ။** ။ဒီပုံမှာပါတဲ့လူတွေက ဘယ်သူတွေလဲ၊ ဘာလုပ်နေကြတယ်လို့ထင်လဲ၊ ဒီလိုမျိုး လူတွေကို မင်းတို့သိလား။ သူတို့ဘယ်မှာ နေတယ်လို့ ထင်သလဲ။ များသောအားဖြင့် လူတွေဟာ ဘယ်လိုအချိန်တွေမှာ အဲဒီလိုလုပ်ကြသလဲ။

**"ဘယ်လို"၊ "ဘာကြောင့်" မေးခွန်းများ။** ။ အကယ်၍ ရုပ်ပုံက အိမ်တစ်လုံးဆောက်ရန်အတူတကွ လုပ်ဆောင်နေကြသော သူများအကြောင်းဆိုလျှင်။ ။လူတစ်စုက အိမ်တစ်လုံး ဆောက်နေတာကို တွေ့လျှင် သင်ဘာလုပ်မလဲ။ မိမိ ပတ်ဝန်းကျင်က လူတွေက အိမ်တစ်လုံးကို ဘယ်လိုဆောက် လုပ်ကြတယ်ဆိုတာကို ပြောပြပါလား။ အိမ်တစ်လုံး ဆောက် တဲ့ အခါ လူတွေဘာကြောင့် အတူလုပ်ကြတာလဲ။ အိမ်ဆောက် ခြင်းမှာ သင်ကြိုက်နှစ်သက်ဆုံးအပိုင်းက ဘယ်အပိုင်းလဲ။ အစရှိသောမေးခွန်းများ မေးနိုင်ပါသည်။

**စိတ်ကူးမေးခွန်း ဥပမာများ။** ။အကယ်၍သင်သည် ဤပုံတွင် ပါသော ကျောင်းသားများထဲမှ တစ်ဦးဖြစ်ခဲ့လျှင် မည်သည့် ကလေးက သင်ဖြစ်မလဲ။ သင်ဘာတွေလုပ်နေ လိမ့်မလဲ။ သင်ဘာတွေကို တွေးနေလိမ့်မလဲ။



## လက်ဆင့်ကမ်းတီးတိုးစကားဆိုခြင်း

ကျောင်းသားတစ်ဦးမှ ၎င်း၏နောက်ရှိ ကျောင်းသားတစ်ဦးသို့ အကြောင်းအရာတစ်ခုကို တီးတိုးပြောဆိုရမည်။ တဖန် ထိုနားထောင်သူမှ နောက်ကျောင်းသားတစ်ဦးထံသို့ (တစ်ဆင့်ပြီး တစ် ဆင့် နောက်ဆုံးလူအထိ) ထိုအကြောင်းအရာကို လက်ဆင့်ကမ်း ပြောရမည်။

**ယခုနည်းလမ်းကိုတစ်တန်းလုံးအနေဖြင့် ကစားရန်။** ။

- ကျောင်းသားများက တန်းစီကာ မတ်တပ်ရပ်နေရမည်။
- ကျောင်းသားတစ်ဦးသည် ရှေးဆုံး၌ရပ်နေသောသူအား အကြောင်းအရာ တစ်ခုကို တိုးတိတ်စွာ ပြောရမည်။ ရှေ့ဆုံးရှိ ကျောင်းသားမှ သူကြားလိုက်ရသည့် အရာကို နောက် တစ်ယောက်ဆီသို့တစ်ဆင့်၊ ထိုသို့ အဆင့်ဆင့် လက်ဆင့် ကမ်း၍ အကြောင်းအရာကို နောက်ဆုံးလူအထိရောက် အောင် ပြောရမည်။
- နောက်ဆုံးကျောင်းသားက သူကြားလိုက်ရသည့် အကြောင်း အရာကို တစ်တန်းလုံးကြားအောင် အော်ပြောရမည်။

**ယခုနည်းလမ်းကို အဖွဲ့လိုက် ကစားရန်။** ။

- ကျောင်းသားများအား အဖွဲ့၂ဖွဲ့ခွဲကာ တန်းစီပြီး မတ်တပ်ရပ် ခိုင်းထားပါ။ ကျောင်းသားတစ်ဦးမှ အဖွဲ့တစ်ဖွဲ့စီ၏ရှေ့ဆုံး ကျောင်းသားတစ်ယောက်စီကို မတူသည့် အကြောင်းအရာ ၂ခုကို ပြောပါ။
- အဖွဲ့တစ်ခုစီ၏နောက်ဆုံးကျောင်းသားဆီသို့ရောက်လျှင် ထိုကျောင်းသားများက၎င်းတို့ကြားခဲ့ရသည့် အကြောင်းအရာ ကို တစ်တန်းလုံးကြားအောင် အော်ပြော ရမည်။
- အနီးစပ်ဆုံး (သို့) အမှန်ကန်ဆုံးပြောနိုင်သော အဖွဲ့မှ အနိုင်ရမည်ဖြစ်သည်။




TOA



# ဝေါဟာရ အဓိပ္ပါယ် နှင့် တိကျမှုကိုအထူးပြု၍မိခင်ဘာသာစကား အရေး၊အဖတ်စွမ်းရည် မြင့်တင်သင်ကြားခြင်း နည်းလမ်းများ

**က (၅) တိကျမှုနှင့် မှန်ကန်မှုကို မည်သို့သင်ကြားရမည်ကို ဆရာမှ သိရှိ၊နားလည်ခြင်း**

**က (၆) အဓိပ္ပါယ်နှင့် ပြောဆိုဆက်သွယ်မှုကို မည်သို့သင်ကြားရမည်ကို ဆရာမှ သိရှိ၊နားလည်ခြင်း**

ကျွမ်းကျင်သောဆရာများသည် ကျောင်းသားများအား ဘာသာစကားအသစ်တွင် ကျွမ်းကျင်မှုရှိစေရန် ကူညီရာတွင် ၎င်းတို့ကိုယ်တိုင် ရေးသားထားသောစာများကိုသော်လည်းကောင်း၊ ၎င်းတို့၏ သူငယ်ချင်းများ ရေးသားထားသောစာများကို အချင်းချင်းစီစစ်စေရာတွင် စကားလုံးများကို မှန်ကန်စွာ အသံထွက်ရွတ်၊ဖတ်ရန် အားပေးပါသည်။ ဆရာများအနေဖြင့် ကျောင်းသားများအား ပေးသော အကြံပြုချက်များသည် တိကျပြီး၊ အသေးစိတ်ကျအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သင့်ပါသည်။ အမှားများကို ပုံမှန်ဟု သဘောထားပြီး ထိုအမှားများကို သင်ယူမှုအခွင့်အလမ်းအဖြစ် အသုံးပြုသော အလေ့အထသည် ဘာသာစကားသင်ယူမှု စာသင်ခန်းများအတွက် အကောင်းဆုံး စရိုက်တစ်ခုပင် ဖြစ်သည်။ ကျောင်းသားများမှ အမှားအယွင်းများလုပ်မိသည့်အခါ ဆရာ၏ပံ့ပိုးမှု၊အကူအညီဖြင့် တစ်ဖန်မှန်ကန်စွာ ပြန်လည် ဖြေဆိုနိုင်ရန် အခွင့်အရေးရရှိသင့်ပါသည်။

## အတန်းတစ်တန်းလုံး အတူတကွ လုပ်ဆောင်နိုင်သော လှုပ်ရှားမှု နည်းလမ်းများ

### ဖွက်ထားသောစကားလုံးများရှာဖွေခြင်း

- ကျောက်သင်ပုန်းပေါ်တွင် အက္ခရာအသစ် (သို့) စကားလုံး တစ်ခုကို စာလုံးအကြီးဖြင့်ရေးထားပြီး၊ ကျောင်းသားများ နှင့်အတူ ဖတ်ပါ။
- ကျောက်သင်ပုန်း တစ်ခုပေါ်တွင်အက္ခရာများကို အတန်းလိုက် ရေးချပါ။ ထိုစာတန်းတွင် အက္ခရာအသစ် (သို့) စကားလုံး အသစ်များ ကို ၂ နေရာ ၃နေရာခန့် ရောရေးထားပါ။
- ကျောင်းသားများမှ အသစ်ရောထည့်ထားသော အက္ခရာ အသစ်များ၊စကားလုံးအသစ်များကိုမြင်တိုင်း ညွှန်ပြနိုင်ရန် ပစ္စည်းတစ်ခုခုပေးထားပါ။

**ဥပမာ။** ။ကျောင်းသားများက စကားလုံး အသစ် snow (သို့) (သို့) အက္ခရာအသစ် z ကိုလေ့လာခဲ့ကြသည်ဆိုပါစို့။ သင်သည်ကျောက်သင်ပုန်းပေါ်တွင် “CARSNOWABCTERBOOKZ” ဟု ရေးထားနိုင်သည်။

**မှတ်ချက်။** ။ ကျောင်းသားများ၏ နာမည်ကဒ်ကိုကြည့်၍ ၎င်းတို့နာမည်ကဒ်ထဲတွင် အက္ခရာအသစ်များ ပါခြင်း ရှိ၊မရှိကို ကြည့်စေခြင်းဖြင့် ယခုကစားနည်းကို ကစားနိုင်သည်။

### အက္ခရာ (သို့မဟုတ်) စကားလုံးများ ယှဉ်တွဲခြင်း

- ကျောက်သင်ပုန်းပေါ်တွင် စာလုံးသစ်များ ကိုရေးပြီး ကျောင်းသားများနှင့်အတူ အကြိမ်ပေါင်းများစွာဖတ်ပါ။
- ထို့နောက် ကျောက်သင်ပုန်းပေါ်တွင် ဇယားတစ်ခုဆွဲပြီး ဘယ်ဘက်အခြမ်း၌ ကျောင်းသားများသင်ယူပြီးဖြစ်သော စကားလုံး ၆လုံး၊ ၈ လုံးခန့်ကို ရေးထည့်ပါ။
- ဇယား၏ ညာဘက်အခြမ်း၌ ထိုစကားလုံးများကို အစီအစဉ် တကျ မဟုတ်ဘဲ ရေးပါ။
- ဇယား၏ဘယ်ဘက်အခြမ်းရှိ ပထမ စကားလုံးနှင့် စတင်ပါ။ ကျောင်းသားများနှင့်အတူ ပထမစကားလုံးကိုဖတ်ကြည့်ပါ။
- ထို့နောက် ကျောင်းသားတစ်ယောက်အား အရှေ့သို့ခေါ်ကာ ဇယား၏ဘယ်ဖက်ရှိစကားလုံးနှင့်တူသောစကားလုံးကို ညာဖက်တွင်ရှာပြီး၊ ထိုစကားလုံးနှစ်ခုကို မျဉ်းကြောင်းဆွဲပြီး ဆက်ခိုင်းပါ။
- နောက်ထပ်ကျောင်းသားများကိုခေါ်ကာ အခြားစကားလုံးနှင့် တူညီသော စကားလုံးကိုမျဉ်းကြောင်းဖြင့်ဆက်ခိုင်းပါ။

ယခုနည်းလမ်းကို စကားလုံးများသင်ကြားရာတွင် သာမက၊ သရအသံများ သင်ကြားရာတွင်လည်း အထက်ပါ အတိုင်း အသုံးပြုနိုင်သည်။

### ကဗျာ၊ စကားထာ နှင့် သီချင်းများရွတ်ဆိုခြင်း

- ကျောင်းသားများမှ ကဗျာ၊ စကားထာ၊ သီချင်းများ ရေးကြရမည်။
- ၎င်းတို့ရေးထားသောအရာများကို ဆရာအားဖတ်ပြပြီး၊ ဆရာမှ ကျောက်သင်ပုန်းတွင်ရေးမည်။
- ဖြစ်နိုင်လျှင် ကဗျာ၊ စကားထာ၊ သီချင်းများအတွက် ပိုစတာများကို နံရံပေါ်တွင်ကပ်ထားနိုင်ပြီး ကျောင်းသားများ၏ ဖန်တီးမှုအပေါ်တွင် လိုအပ်သလိုဖြည့်စွက်နိုင်သည်။

ထို့နောက် ကျောင်းသားများမှ သီချင်း၊ စကားထာ၊ ကဗျာများဖြင့် ကိုယ်ပိုင်စာအုပ်ငယ်များဖန်တီးပြုလုပ်ရမည်။

## အက္ခရာများ စု၍ စကားလုံးများဖန်တီးခြင်း

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်းက ကျောင်းသားများသင်ယူခဲ့သော စကားလုံးများ အနက်မှ တစ်ခုကိုစဉ်းစားပါ။

- ထိုစကားလုံးတွင်ပါဝင်သည့် အက္ခရာများကို အစီအစဉ်တကျမဟုတ်ဘဲ ကျောက်သင်ပုန်းပေါ်တွင် ရေးချလိုက်ပါ။
- ကျောင်းသားများက အက္ခရာများကိုကြည့်ပြီး မည်သည့် စကားလုံးဖြစ်သည်ကို စဉ်းစားကြရမည်။
- ထို့နောက် ကျောင်းသားတစ်ဦးမှ စကားလုံးအမှန်ကို ကျောက်သင်ပုန်းပေါ်တွင်လာရောက်ရေးရမည်ဖြစ်သည်။
- (သို့မဟုတ်) ကျောင်းသားတစ်ယောက်ချင်းစီအား ၎င်းတို့၏ မှတ်စုစာအုပ်ထဲတွင် စကားလုံးအမှန်ကိုရေးခိုင်းပါ။

**ဥပမာ။** ။ အင်္ဂလိပ်စကားလုံး mango ဆိုပါစို့။ ကျောက်သင်ပုန်းပေါ်တွင် n g a o m ဟုအက္ခရာများကို ဖြန့်ကျက်ရေးထားနိုင်သည်။

## စကားလုံးပဟေဠိ ဖန်တီးခြင်း

- ကလေးများအကျွမ်းဝင်သောစကားလုံးကိုသင်ပုန်းပေါ်တွင် စာလုံးအကြီးဖြင့်ချရေးပါ။
- ထိုစကားလုံးမှ အက္ခရာတစ်လုံးကို ရွေးချယ်ပြီး ထိုအက္ခရာနှင့် စသောအခြားစကားလုံးကို ကလေးများ စဉ်းစားရန် ပြောပါ။
- စဉ်းစားလို့ရသည့် စကားလုံးအသစ်နှင့် မူရင်းစကားလုံးတို့တွင် တူညီသော အက္ခရာဖြင့်ချိတ်ဆက်ထားသည်ကို တွေ့မြင်နိုင်သည်။
- ထို့နောက် ဒုတိယစကားလုံးမှ အက္ခရာတစ်ခုနှင့်စသော စကားလုံးနောက်တစ်ခုကို စဉ်းစားပါစေ။
- ထို့နောက် တူညီသောအက္ခရာတစ်လုံးပါသည့် တတိယစကားလုံးကိုလည်းချရေးပါ။ စကားလုံး ၆လုံး၊ ၈လုံး အထိ ဆက်တိုက်ရေးပါ။
- ထို့နောက်ကျောင်းသားများ လုပ်ထားသော မတူညီသည့် စကားလုံးများကိုလည်း ပြောပြခိုင်းပါ။

## BINGO ဂိမ်းဖြင့် အက္ခရာ၊ စကားလုံးများ လေ့လာခြင်း

ကျောင်းသားများမှ ဗျည်းအက္ခရာ အားလုံးလေ့လာပြီးမှသာ ယခုဂိမ်းကို ကစားနိုင်မည်ဖြစ်သည်။

- အတန်း မစမီ သင်၏အတန်းထဲရှိ ကျောင်းသား တစ်ယောက်စီအတွက် ကဒ်ပြားများ ပြုလုပ်ပါ။ (၅ခုလောက် အပိုပြင်ဆင်ထားပါ)။ ကဒ်တစ်ခုစီတွင် လေးထောင့်အကွက် ၂၅ခုလုပ်ပါ (ဒေါင်လိုက် ၅ကွက် အလျား ၅ကွက်နှုန်းဖြင့်)။ လေးထောင့်အကွက်များထဲတွင် မတူညီသော ဗျည်းအက္ခရာများကို ရေးထည့်ပါ။ ထို့နောက် ကဒ်တစ်ခုစီတွင် မတူညီသော ဗျည်းအက္ခရာများ ရေးပါ။ ထိုအခါကဒ်တစ်ခုနှင့် တစ်ခုတွင် အက္ခရာများ အစီအစဉ်မတူညီဘဲရှိနေမည်။
- စက္ကူကို လေးထောင့်ပုံစံလေးများ ဖြစ်အောင်ညှပ်ပါ။ လေးထောင့်စက္ကူကွက်တစ်ခုစီပေါ်တွင် ဗျည်းအက္ခရာ တစ်ခုစီရေးပါ။ ပြီးလျှင် ထိုစာရွက်ငယ်များကို ဗူးတစ်ခုထဲတွင်ထည့်ပါ။
- ကျောင်းသားတစ်ယောက်လျှင် အမှတ်အသားပြုလုပ်နိုင်သောအရာ (ကျောက်ခဲ (သို့) အစေ့ငယ်များ) ၂၅ခု စီပေးပါ။ ထို့နောက် ကစားပွဲကို စတင်နိုင်ပါသည်။
- ဗူးကို လှုပ်ခါပြီး အထဲရှိ စက္ကူတစ်ခုကို ယူလိုက်ပါ။ ထိုစက္ကူပေါ်တွင် ပါရှိသည့် ဗျည်းအက္ခရာကို တစ်တန်းလုံးကြားအောင် အော်ပြောလိုက်ပါ။ ပြီးလျှင် စားပွဲခုံပေါ်တွင်ချထားပါ။
- ကျောင်းသားများမှ ၎င်းတို့လက်ထဲရှိ ကဒ်ထဲတွင် သင်အော်ပြောလိုက်သည့် ဗျည်းအက္ခရာ ပါမပါကို သေချာကြည့်ရမည်။ ပါခဲ့လျှင် ၎င်းတို့ကဒ်ထဲရှိ ထိုအက္ခရာပါရှိသော အကွက်ပေါ်တွင် အမှတ်အသားတစ်ခု တင်ထားရမည်။ ဤသို့ဖြင့် ပထမဆုံး အက္ခရာအတန်းတစ်တန်း (ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ၊ ထောင့်ဖြတ်ဖြစ်စေ) ဖြစ်သွားသော ကျောင်းသားမှ "ဘင်ဂို" ဟုအော်ရမည်ဖြစ်သည်။
- ဘင်ဂိုဟုအော်လိုက်သော ထိုကျောင်းသားမှ မှတ်ထားသောဗျည်းအက္ခရာများသည် သင်ပြောလိုက်သော အက္ခရာများဟုတ်၊မဟုတ် သေချာစေရန် ထိုကျောင်းသား၏ဘင်ဂိုဖြစ်သွားသော ဗျည်းအက္ခရာများကို ပြောခိုင်းပါ။ ၎င်းပြောသော အက္ခရာများနှင့် သင့်စားပွဲပေါ်တွင်တင်ထားသော ဗျည်းက္ခရာများကို ပြန်တိုက်ကြည့်ပါ။ မှန်ကန်သည်ဆိုပါက ထိုကျောင်းသားမှ အနိုင်ရမည်ဖြစ်သည်။

ယခုဂိမ်းကို သင်္ချာဂဏန်းများ၊ ကျောင်းသားများသိထားသော ဝေါဟာရစကားလုံးများကို အသုံးပြု၍လည်း ကစားနိုင်သည်။

# အဖွဲ့ငယ်များဖြင့်လုပ်ဆောင်နိုင်သော လှုပ်ရှားမှုနည်းလမ်းများ

## ပုံပြင်များကို သုံးသပ်ခြင်း

ကျောင်းသားများအား အလယ်တန်းအဆင့်ပုံပြင်များ ဖတ်ရန်ပေးပါ။ကျောင်းသားများမှ ပုံပြင်နှင့် ပတ်သက်သည့် အောက်ပါမေးခွန်းများကိုရေးသားဖြေဆိုရမည်။

1) ပုံပြင် က ဘယ်မှာဖြစ်ပျက်ခဲ့တာလဲ။ (နေရာ၊ဒေသ၊အချိန်)
2) ပုံပြင်ထဲက ဇာတ်ကောင်တွေက ဘယ်သူတွေလဲ။ (နာမည်၊ ပတ်သက်ဆက်နွယ်မှု၊ ဇာတ်ကောင်ရဲ့စရိုက်)
3) ပုံပြင်ရဲ့ အစမှာ ဘာဖြစ်ခဲ့သလဲ။
4) ပုံပြင်ရဲ့ အလယ်ပိုင်း မှာရော ဘာဖြစ်ခဲ့သလဲ။
5) ပုံပြင်ရဲ့ အဆုံးမှာ ဘာဖြစ်ခဲ့သလဲ။ ဘာကြောင့်ဒီလို ဖြစ်သွားတယ်လို့ထင်ပါသလဲ။ အဲ့ဒီအစား အခြားတစ်ခုခု ဖြစ်သွားနိုင်တယ်လို့ရောထင်ပါသလား။ ဘာကြောင့် ဒီလိုထင်သလဲ ရှင်းပြပါ။
6) ပုံပြင်ကို သင်ကြိုက်ပါသလား။ ဘာကြောင့်ကြိုက်ပါသလဲ။ ဘာကြောင့်မကြိုက်တာလဲ။

## လမ်းညွှန်ချက်၊ အဆင့်များရေးသားခြင်း

ကျောင်းသားများနှင့် အကျွမ်းတဝင်ရှိသောအလုပ် ၄-၅ မျိုးကိုစဉ်းစားပါ။ (ရေသယ်ခြင်း၊ ဈေး၌ဆန်ဝယ်ခြင်း၊ တိရိစ္ဆာန်များအား အစာကျွေးခြင်း)

- ကျောင်းသားများအား ၎င်းတို့ စိတ်အဝင်စားဆုံး (သို့) နားအလည်ဆုံး အလုပ်တစ်ခုကို ရွေးချယ်ပြီး၊ ထိုအလုပ်ကိုလုပ်ဆောင်ရန် လိုအပ်သောအဆင့်များကို ရေးခိုင်းပါ။ (ဥပမာ - ထမင်းချက်ပုံ အဆင့်ဆင့် )
- ကျောင်းသားများသည် ဤလုပ်ဆောင်မှုကို အိမ်စာအဖြစ် လုပ်ဆောင်နိုင်ပြီး လုပ်ရမည့်အဆင့်များအားလုံး ပါဝင်ခြင်း ရှိ၊မရှိကို ၎င်းတို့၏မိဘများနှင့်အတူ စစ်ဆေး လုပ်ဆောင်နိုင်သည်။
- လုပ်ဆောင်ချက်အဆင့်ဆင့်ကို လေ့ကျင့်ခန်းစာအုပ်ထဲ၌ ရေးသားပြီး၊ အတန်းထဲတွင်ဖတ်ပြရမည်။
- ထို့နောက် လုပ်ဆောင်ရမည့်လမ်းညွှန်ချက်များကို နှိုင်းယှဉ်ပြီး တူညီသောအပိုင်းများကို ဖော်ထုတ်နိုင်သည်။

## သင်ပုန်းပေါ်ရှိ စကားလုံးများကို ညွှန်ပြခြင်း

- ကျောင်းသားများကို ညီညီမျှမျှအဖွဲ့နှစ်ဖွဲ့ခွဲပါ။
- သင်ပုန်းပေါ်တွင်စကားလုံး ၆လုံး(သို့) ၈လုံးရေးပါ။
- အဖွဲ့နှစ်ဖွဲ့မှကိုယ်စားပြု နှစ်ယောက်ကို အလယ်မှာထားပြီးပေတံ(သို့) တုတ် တစ်ယောက်တစ်ချောင်းစီပေးပါ။
- ဆရာမှစကားလုံး တစ်လုံးကို ခေါ်သောအခါ ယှဉ်ပြိုင်သည့်ကျောင်းသားနှစ်ဦးသည် သင်ပုန်းသို့ပြေးပြီး ထိုစကားလုံးကိုညွှန်ပြရမည်။ စကားလုံးကို ဦးစွာ မှန်မှန်ကန်ကန် ညွှန်ပြနိုင်သည့် ကျောင်းသားနှင့် ၎င်း၏အဖွဲ့က အမှတ်ရမည်ဖြစ်သည်။ ကျောင်းသားတိုင်းပါဝင်နိုင်ရန် ထပ်ခါထပ်ခါလုပ်ဆောင်ပါ။
- ယခုကစားနည်းကို အကြိမ်ပေါင်းများစွာလုပ်ဆောင်၍ဖြစ်စေ၊ ကျောင်းသားအားလုံးပါဝင်ကစားခွင့်ရပြီးလျှင် စကားလုံးများကိုပြောင်း၍ဖြစ်စေ ထပ်ခါထပ်ခါလုပ်ဆောင်နိုင်သည်။



# တစ်ယောက်ချင်းစီ လုပ်ဆောင်နိုင်သော လှုပ်ရှားမှု နည်းလမ်းများ

## အသံတိတ်စာဖတ်ခြင်း

- အခြေခံဖတ်စာ၊ ပုံပြင်စာအုပ်များကို စာသင်ခန်း (သို့မဟုတ်) အခန်းတစ်ခု၏အလယ်ရှိ စားပွဲ (သို့မဟုတ်) ဖျာပေါ်တွင် ရှိသလောက်ပုံထားပါ။
- ထိုစာအုပ်များအနက်မှ ၎င်းတို့ နှစ်သက်ရာပုံပြင် တစ်ပုဒ်ကို ရွေးချယ်ပြီးအသံတိတ်ဖတ်ရန် ကျောင်းသားများ ကို တိုက်တွန်းပါ။
- ထို့နောက် ကျောင်းသားတစ်ယောက်ချင်းစီအား ၎င်းတို့ဖတ်ထားသော ပုံပြင်နှင့်ပတ်သက်ပြီး မေးမြန်းပါ။

## ပုံပြင်ရုပ်ပုံကားချပ်

- ကျောင်းသားများမှ ပုံတစ်ပုံဆွဲပြီး ပုံ၏အောက်တွင် စကားစုဖြင့် ဖော်ပြကာ အချင်းချင်း မျှဝေပါစေ။
- ရည်ရွယ်ချက်မှာ ၎င်းတို့၏ စိတ်ကူးများကို အရေးအသားဖြင့် ပြောဆိုဆက်သွယ်နိုင်သည်ကို သိရှိစေရန်ဖြစ်သည်။
- ကလေးများရေးထားသည့် ပုံပြင်များမှ စာလုံးပေါင်းများမှားလျှင် မပြင်ပါနှင့်။ ဖန်တီးရေးသားနိုင်မှု စွမ်းရည်ကိုမြှင့်တင်ပေးရန်သာ အာရုံစိုက်ပါ။

**မှတ်ချက်။** ။ကလေးများ၏ အတန်းအလိုက် ၎င်းတို့ရေးဆွဲထားသော ပုံများ၏အောက်တွင် စကားလုံး၊ စကားစု၊ ဝါကျ၊ စာပိုဒ် အစရှိသည်ဖြင့် ပုံပြင်ကို ဖော်ပြနိုင်သည်။

## ဆရာနှင့်အတူတကွဖတ်သော စကားလုံးများ

- ကျောင်းသားများသိသော ပုံပြင်စာအုပ်ထဲမှ စကားလုံးတစ်လုံးကို ရွေးပါ။
- ပထမဦးဆုံး ထိုစကားလုံးပါသည့် စာမျက်နှာကို ကျောင်းသားများနှင့်အတူ ဖတ်ပါ။
- ထို့နောက် ထိုစာလုံးပါသော ဝါကျကို ဖတ်ပါ။ ထိုဝါကျကို ကျောက်သင်ပုန်းပေါ်တွင် ရေးပါ။ ထိုစကားလုံးကိုမျဉ်းသားပြီး ကျောင်းသားများနှင့်အတူဖတ်ပါ။
- ထို့နောက် ဝါကျတွင် ပါရှိသည့် ထိုစကားလုံး၏အောက်၌ပင် ထိုစကားလုံးကိုပြန်ရေးပါ။ အကယ်၍ စကားလုံးထဲတွင်ပါသော အက္ခရာတစ်ခုတည်းကို အဓိကထားသင်လိုပါက ထိုအက္ခရာပါရှိသည့် စကားလုံးကို ကျောင်းသားများ အော်ဖတ်နိုင်ရန် ကူညီပါ။
- ကျောင်းသားများမှ ထိုအက္ခရာ၏အသံကို လေ့ကျင့်ပြောဆိုပြီးနောက် စကားလုံး၏ အသံထွက်ကိုလည်းပြောပါစေ။
- ၎င်းအက္ခရာများပါရှိသော (သို့) အသံထွက်တူသော အခြား စကားလုံးကို ကျောင်းသားများမှ စဉ်းစားကြရမည်။ စကားလုံးကိုဖတ်ပါ၊ ထိုစကားလုံးပါသော စာကြောင်းကို ဖတ်ပြီး၊ ကျောင်းသားများနှင့်အတူ စာမျက်နှာတစ်ခုလုံးကိုလည်း ဖတ်ပါ။

**ဥပမာ။** ။ "m" စကားလုံးဆိုပါစို့။

m

ma

mango

I ate mango





# ဒုတိယဘာသာစကား အပြောစွမ်းရည်မြင့်တင်ခြင်းနည်းလမ်းများ

ခ (၅) ကျောင်းသားများမှ  မိခင်ဘာသာစကားဖြင့် ပထမဦးစွာ အသေအချာနားလည်စေရန်နှင့် ဒုတိယဘာသာစကား တိုးတက်မှုစွမ်းရည်ကို ပြသခြင်း

ခ (၇) ညွှန်ကြားချက်ကိုမိခင်ဘာသာစကားသာမက ဒုတိယဘာသာစကားဖြင့် ကျောင်းသားများ၏ တုံ့ပြန်နိုင်စွမ်းကိုသရုပ်ပြခြင်း

ကျောင်းသားများမှ **မိခင်ဘာသာစကား (L1)** အပြောစွမ်းရည်၏ အခြေခံကျွမ်းကျင်မှုကိုပြသနိုင်ပြီဆိုလျှင် ဆရာများမှ **ဒုတိယ ဘာသာစကား (L2)** အပြောစွမ်းရည်ကို စတင်မိတ်ဆက်သင်ကြားပေးနိုင်သည်။ ဒုတိယဘာသာစကား (L2) ကို ဖြည်းဖြည်းချင်း မိတ်ဆက်သင်ကြားပေးလာသည် နှင့်အမျှ ဆရာများ အနေဖြင့် (L1) နှင့် (L2) နှစ်မျိုးစလုံးကို အသုံးပြုကာ ကျောင်းသားများ၏ စကားပြောစွမ်းရည် နှင့် နားထောင်မှုစွမ်းရည်များအပေါ် နားလည်မှုကိုဆန်းစစ်သည့်  လှုပ်ရှားမှုလုပ်ဆောင်ချက်များကို သင်ခန်းစာထဲတွင် ထည့်သွင်း အသုံးပြုနိုင်သည်။ သဘောတရားအသစ်များကို သင်ကြားရာတွင် ပထမဦးစွာ (L1) အသုံးပြု သင်ကြားခြင်းဖြင့် ကလေးများ၏ (L2) စွမ်းရည်ကို တိုးတက်စေရန် ဆရာများမှ ပံ့ပိုးပေးနိုင်သည်။ ဤသို့ဖြင့် ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းများကို (L2) ဖြင့် မဖော်ပြမီ အတွေးအခေါ်အသစ်များကို ၎င်းတို့ အတွက် အဆင်အပြေဆုံးသော ဘာသာစကားဖြင့် လုံလုံလောက်လောက် ထုတ်ဖော်ပြောဆိုနိုင်စေရန် အခွင့်အရေးပေးသည်။ ထိုသို့ဖြင့် ကျောင်းသားများမှ (L2) တစ်ခုတည်း ကို အသုံးပြု၍ သင်ယူရန် အဆင်သင့် မဖြစ်သေးချိန် သင်ယူမှုကို အထောက်အကူပြုရန် မိခင်ဘာသာစကားကိုပါ အသုံးပြုနိုင်သည်။

## အဖွဲ့အငယ်များဖြင့် လုပ်ဆောင်နိုင်သော လှုပ်ရှားမှု နည်းလမ်းများ

### ရုပ်ပုံထဲမှ ဖော်ပြချက်များ

- ကျောင်းသားများအား အဖွဲ့များခွဲပြီး အဖွဲ့တစ်ဖွဲ့စီကို ၎င်းတို့ နှင့်ရင်းနှီးမှုရှိသော အရာဝတ္ထုပစ္စည်းများ၊ လူများ နှင့် လှုပ်ရှားမှုများပါဝင်သော ပုံတစ်ပုံစီပေးပါ။
- ကျောင်းသားများသည် ပုံထဲမှ လူများ၊ အရာဝတ္ထုများ (သို့) လုပ်ဆောင်မှုများကို အလှည့်ကျ လက်ညှိုးထိုးကာ (L2) အသုံးပြု၍ ရိုးရှင်းသော စာကြောင်းများဖြင့်ဖော်ပြရမည်။
- ဖြစ်နိုင်လျှင်ကျောင်းသားများအား စာကြောင်းအပြည့်အစုံ အသုံးပြုပြောဆို ခိုင်းပါ။

**ဥပမာ။**  ။ ကျောင်းသားမှ “I see a yellow flower growing in the grass” (သို့)  “I see cows eating grass” ဟုပြောနိုင်သည်။ အခက်တွေ့နေသော ကျောင်းသားများအား ကူညီရန် စာသင်ခန်းတလျှောက် လှည့်လည်ကြည့်ရှုပါ။

### ဆက်စပ်နေသောစကားလုံးများ

- အပတ်စဉ် သင်ကြားသောခေါင်းစဉ်နှင့် ဆက်စပ်သည့် စကားလုံးကို (L2) ဖြင့် ကလေးများကို ပြောပါ။ ဤစကားလုံးနှင့် သက်ဆိုင်သော၊ ဆက်နွယ်မှု ရှိသော စဉ်းစား၍ ရသည့် စကားလုံးများအားလုံးကို ကျောင်းသားများ အား ပြောခိုင်းပါ။ ဆရာမှ ကျောက်သင်ပုန်းပေါ်တွင် လိုက်ရေးပါ။

**ဥပမာ။**  ။

ဆရာမ။ ။ “Market” ဆိုတဲ့ စကားလုံးကို ပြောလိုက်ရင် ဘယ်စကားလုံးတွေကို စဉ်းစားမိသလဲ။

ကျောင်းသားများ။ ။ Buying, selling, money, people, food, fruit, lots of people, flowers

- ယခုလုပ်ဆောင်မှုကို အဖွဲ့လိုက် ပြိုင်ပွဲအနေဖြင့် ပြုလုပ်နိုင်ပါသည်။ စကားလုံး အများဆုံး စဉ်းစားနိုင်သည့် အဖွဲ့က အနိုင်ရမည်ဖြစ်သည်။

### ခန့်မှန်းပါ

- ပထမဦးစွာ ဒီဂိမ်းကို မည်သို့ကစားရမည်ကို ကျောင်းသားများအား လုပ်ဆောင်ပြပါ။ ထို့နောက် ၎င်းတို့အား အဖွဲ့များဖွဲ့၍ ကစားပါစေ။

**လူနှင့် အရာဝတ္ထုများ။** ။စာသင်ခန်းအတွင်း လှည့်ပတ်ကြည့်ပြီး စိတ်ဝင်စားစရာကောင်းသော အရာတစ်ခုခုကိုရှာပါ။

**ဥပမာ။**  ။ အကယ်၍ ကျောင်းသူတစ်ယောက်က ပန်းရောင်ဖိနပ်စီးထားတယ်ဆိုလျှင်၊ “ ဖိနပ်အပါး” နှင့် “ပန်းရောင်” ဟူသောစကားလုံးကို သင်ယူပြီးပြီဆိုလျှင်။ “တစ်ယောက်ယောက်ကပန်းရောင်ဖိနပ်အပါးကို စီးထားတယ်၊ အဲဒါဘယ်သူပါလဲ” ဟုပြောပါ။  မည်သူဖြစ်ကြောင်းကို ခန့်မှန်းနိုင်သော ကျောင်းသားမှ နောက်ထပ်မေးခွန်းတစ်ခု မေးခွင့်ရမည်ဖြစ်သည်။

**အရောင်နှင့်အရွယ်အစား။** ။ မြင်သာထင်သာရှိသော အရောင်တစ်ခုခု (သို့) ပစ္စည်းတစ်ခု၏ အရွယ်အစားကို ပြောဆိုရန် အခန်းကို လှည့်ပတ်ကြည့်ပါ။ ထို့နောက် “အနီရောင် (သို့) အပြာရောင် (သို့) အစိမ်းရောင် ရှိသော ပစ္စည်းကို တွေ့တယ်” ဟုပြောလိုက်ပါ။ (သို့) “ဘောလုံးလောက်ကြီးတဲ့ ပစ္စည်းတစ်ခု ကိုမြင်တယ်” ဟုပြောပါ။ ပထမဆုံး ခန့်မှန်းနိုင်သည့် ကျောင်းသားမှ နောက်ထပ်မေးခွန်း တစ်ခုကိုမေးခွင့်ရမည်။

**တည်နေရာပြစကားလုံးများ။** ။ နေရာတစ်ခုတွင်ရှိနေသော အရာတစ်ခုကို တွေ့မြင်နိုင်ရန် အခန်းကိုလှည့်ပတ်ကြည့်ပြီး “ကျောက်သင်ပုန်း အထက်မှာရှိတဲ့ အရာတစ်ခုကိုမြင်တယ် [ရုပ်ပုံ] (သို့) Ana ရဲ့ဆံပင်ပေါ်က အရာတစ်ခုခုကိုမြင်တယ် [ဆံညှပ်/ကလစ်] " ဟုပြောပါ။ အခြားကျောင်းသားများက ထိုအရာကဘာလဲဆိုတာ ခန့်မှန်းရပါမယ်။ ပထမဆုံး ခန့်မှန်းနိုင်သည့် ကျောင်းသားမှ နောက်ထပ်မေးခွန်း  တစ်ခုကိုမေးခွင့်ရမည်။

## ညွှန်ကြားချက်များအတိုင်းဆက်တိုက်လုပ်ဆောင်ခြင်း

- ကလေးများအားလုံး နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော လှုပ်ရှားမှုများအတွက် ညွှန်ကြားချက်များ အတိုင်း လုပ်ဆောင်ရန် နမူနာကူညီမည့်သူများကိုခေါ်ပါ။
- ပါဝင်လုပ်ဆောင်မည့် ကလေးများသည် ညွှန်ကြားချက်များ အားလုံးကို ဦးစွာ နားထောင်ပြီး ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရမည်ဖြစ်သည်။

**ဥပမာ။** ။

(၁) Please go to the chalkboard

(၂) Pick up the eraser

(၃) Erase all the writing on the chalkboard

(၄) Put down the eraser

(၅) Go back to your seat

(၆) Sit down.

(၇) Thank you!

အရာဝတ္ထုပစ္စည်းများကို အသုံးပြု၍လည်း လမ်းညွှန်ချက်များပေးနိုင်သည်။

**ဥပမာ။** ။pick up the mango; put down the mango; pick up 2 bananas; give me a banana; pick up the big stone; put down the big stone; show me a leaf; show me 2 leaves, အစရှိသဖြင့်။

- လုပ်ဆောင်မှုများအားလုံး မှန်ကန်ပါက လုပ်ဆောင်သွားသည့် ကလေးများကို ချီးမွမ်းပါ။



## သရုပ်ဖော် စကားဝိုင်း

- ကျောင်းသားများ ရင်းနှီးကျွမ်းဝင်သော၊ လူ၂ ယောက် ၃ယောက်ခန့် သရုပ်ဆောင်နိုင်သော၊ ဇာတ်လမ်းတို စကားပြော သရုပ်ဖော်မှုတစ်ခုကို ဆရာနှင့် ကျောင်းသား ၂ယောက် အကူအညီဖြင့် သရုပ်ဖော်ပါ။ ပထမပိုင်းတွင် ဇာတ်လမ်းတိုဖြင့် သရုပ်ဖော်ပြီး နောက်ပိုင်းတွင် ဇာတ်လမ်း အရှည်ဖြင့် သရုပ်ဖော်နိုင်သည်။
- ထို့နောက်အုပ်စု (၂)စု သို့ (၃)စုခွဲ၍ အုပ်စုအလိုက် ကျောင်းသားများ သည် ဒိုင်ယာလော့များကို အပြောကျင့်ရမည်။
- ဆရာမှ လိုအပ်လာလျှင်ကူညီနိုင်ရန် အခန်းထဲတွင် လှည့်ပတ်ကြည့်ပါ။

**ဥပမာ။** ။

ဆရာ။ ။ Hello, Ana! How are you today?

ကျောင်းသား။ ။ Hello, teacher. I am fine, thank you. How are you?

ဆရာ။ ။ I am fine, thank you. What did you do yesterday after school?

ကျောင်းသား။ ။ Yesterday I went to the market.

ဆရာ။ ။ Where are you going now? ကျောင်းသား။ ။ I am going to get water.

ဆရာ။ ။ Okay. Have a good day!

ကျောင်းသား။ ။ Thank you. You too!




## အပြန်အလှန်မေးသော မေးခွန်းများ

- ကျောင်းသားများ ၎င်းတို့နှင့်ပတ်သက်သော မေးခွန်းများမေးပါ။

**ဥပမာ။** ။၎င်းတို့အသက်ဘယ်လောက်ရှိကြောင်း၊ ၎င်းတို့၏ အမေ၊ အဖေ၊ ညီအစ်ကို နှင့် မောင်နှမများ၏အမည်များ၊အစရှိသဖြင့်။ ဘယ်မှာနေကြောင်း၊ အကြိုက်ဆုံး အစားအစာက မည်သည့်အစားအစာဖြစ်ကြောင်း၊ သွားလည်ချင်သောနေရာများအကြောင်း၊ မေ့မရသော နေ့တစ်နေ့ အကြောင်း အစရှိသဖြင့်မေးပါ။

- ကျောင်းသားများနားလည်နိုင်ရန်နှင့် ဖြေဆိုနိုင်ရန် ဒုတိယဘာသာစကားဖြင့်လွယ်ကူသော စာကြောင်းများကိုအသုံးပြုပါ။
- ထို့နောက် အတွဲလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကျောင်းသားများအချင်းချင်းမေးခွန်းများအပြန်အလှန် မေးဖြေ နိုင်ရန် အတွက် အားပေးပြောဆိုပါ။
- ယခုဂိမ်းကို တစ်တန်းလုံး အတူတကွ လုပ်ဆောင်နိုင်သလို အဖွဲ့များဖွဲ့၍လည်း လုပ်ဆောင်နိုင်သည်။



## တည်နေရာကို လမ်းညွှန်ခြင်း

- တစ်စုံတစ်ယောက်အား တည်နေရာတစ်ခုသို့ လမ်းညွှန်ရာတွင် ဒုတိယဘာသာစကားကို မည်သို့အသုံးအပြုရမည်ကို ဆရာမှ ကျောင်းသားများကို သရုပ်ပြပါ။

**ဥပမာ။** ။အတန်းရှေ့သို့ လျှောက်သွားပါ။ ဘယ်ဘက်ကိုကွေ့ပြီး တံခါးဘက်သို့သွားပါ။ ဘယ်ဘက်ကိုလှည့်ပြီး ကိုယ့်နေရာကိုယ် ပြန်လျှောက်လာပြီး၊ ပြန်ထိုင်ပါ။

- ထို့နောက် အဖွဲ့ငယ်များဖွဲ့ပြီး ကျောင်းသားများအချင်းချင်း လေ့ကျင့်ပါစေ။ ကလေးများ ဘာသာစကားနှင့် ပတ်သက်ပြီး အကူညီ လိုအပ်ပါ အခြားအဖွဲ့ဝင်များမှ ကူညီရန် အားပေးပါ။

# အတန်းတစ်တန်းလုံး အတူတကွ လုပ်ဆောင်နိုင်သော လှုပ်ရှားမှု နည်းလမ်းများ

## လက်ဆင့်ကမ်းမေးခွန်းများ

- ကျောင်းသားများက စက်ဝိုင်းပုံစံဝိုင်း၍ ရပ်နေစဉ်၊ဆရာမှ စက်ဝိုင်းထဲတွင်ရပ်ပါ။
- ကျောင်းသားတစ်ဦးစီသို့ ဘောလုံးကိုပစ်ပေးလိုက်ပါ။ ထို့နောက် ဘောလုံးလက်ခံရရှိသော ကျောင်းသားကို ၎င်းနှင့်ပတ်သက်သော မေးခွန်းတစ်ခုမေးပြီး၊ ကိုယ်တိုင်ဖြေဆိုပါစေ။
- ဤနည်းအတိုင်း အခြားကျောင်းသားအများစုဆီသို့ ဘောလုံးကို ပစ်ပေးပြီး မေးနိုင်သမျှမေးပါ။
- အကယ်၍ ဖြေဆိုရန်ကျောင်းသားများမှအခက်တွေ့နေလျှင် အချင်းချင်းကူညီရန် အားပေးပြောဆိုပါ။

ဆရာမှ ကျောင်းသား (၁)သို့။ ။ What is your favourite food?

ကျောင်းသား (၁)။ ။ My favourite food is mango.

ဆရာမှ ကျောင်းသား (၂)သို့။ ။ How many sisters and brothers do you have?

ကျောင်းသား (၂)။ ။ I have 2 sisters and 1 brother.

## ကာရံတူ စကားလုံးများ

- ကလေးများအား ဒုတိယ ဘာသာစကားဖြင့် စကားလုံးတစ်လုံးပြောပါ။ (ဤစကားလုံး နှင့် ကာရံညီသော အခြားစကားလုံး ၂လုံးနှင့်၃လုံး အထက်ရှိရမည်။) ကလေးများမှ သင်ပြောလိုက်သော စကားလုံးနှင့် ကာရံတူညီသော စကားလုံးများကို ဒုတိယဘာသာစကားဖြင့်ပြောရမည်။

**ဥပမာ။ ။**

ဆရာ။ ။ ဘယ်စကားလုံးက “rat” နှင့် ကာရံ ညီသလဲ။

ကျောင်းသားများ။ ။ pat, mat , sat, hat, fat, အစရှိသဖြင့်။

ဆရာ။ ။ “boy” နှင့် ကာရံ ညီတဲ့စကားလုံးတွေကို ပြောပြပေးနိုင်မလား။

ကျောင်းသားများ။ ။ toy, joy, coy, hoy, soy, အစရှိသဖြင့်။

## ဒုတိယဘာသာစကားဖြင့်ပြောသောပုံပြင်

- ကလေးများ၏မိခင်ဘာသာစကားဖြင့်ရေးသားထားသော၊ ၎င်းတို့သိသော ပုံပြင်တိုလေးများကို ပြောဆိုခိုင်းရန် ကူညီမည့်ကျောင်းသားများကိုခေါ်ပါ။ ပုံပြင်ကို မိခင်ဘာသာ စကားဖြင့် ပြောဆိုရန် အားလုံးကို အားပေးပါ။
- ထို့နောက် တစ်တန်းလုံးအတူတကွပူးပေါင်း၍ ထိုပုံပြင်ကို ဒုတိယဘာသာစကားသို့ ဘာသာပြန်ပါစေ။
- စကားလုံးများအပေါ်တွင် အာရုံမစိုက်စေဘဲ ပုံပြင်၏အဓိက အဓိပ္ပာယ်ကိုသာ အာရုံစိုက်ရန် တိုက်တွန်းပါ။
- ၎င်းတို့ဘာသာပြန်ထားသော ပုံပြင်ကိုသင်ပုန်းပေါ်တွင် ရေးပါ။

နောက်ပိုင်းတွင် ပုံပြင်များကို အဖွဲ့လိုက်ဘာသာပြန်စေပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဘာသာပြန်ဆိုထားသည်များ ကို နှိုင်းယှဉ်နိုင်ပါသည်။

## မတူညီသော ဝါကျများ

- ကျောင်းသားများအား မနေ့က လုပ်ခဲ့သည့်အရာ၊ ယနေ့ လုပ်သည့်အရာနှင့် မနက်ဖြန် လုပ်မည့်အရာများကို မေးပါ။
- ကျောင်းသားများက နေ့တစ်နေ့စီအတွက် ဒုတိယဘာသာစကားဖြင့် ဝါကျစာကြောင်းများ ပြုလုပ်ရမည်။

**ဥပမာ။ ။**

ဆရာမ။ ။မနေ့ကဘာလုပ်ခဲ့လဲ။ ဒီနေ့ဘာလုပ်နေသလဲ။ မနက်ဖြန်ဘာလုပ်မလဲ။

ကျောင်းသား (၁)။ ။ မနေ့ကဈေးသွားခဲ့တယ်။ ဒီနေ့ကျောင်းလာတယ်။ မနက်ဖြန် ကစားကွင်းသွားမယ်။

ကျောင်းသား (၂)။ ။ မနေ့က ဘောလုံးကန်ခဲ့တယ်။ ဒီနေ့ကျောင်းလာတယ်။ မနက်ဖြန် သူငယ်ချင်းတွေနဲ့ကစားမယ်။

## ပုံပြင်ထဲမှမေးခွန်းများ

- ဒုတိယ ဘာသာစကားဖြင့် (စာကြောင်း ၁၀ကြောင်းထက် မပိုသော) ပုံပြင်တစ်ပုဒ်ကိုဖတ်ပါ (သို့) ပြောပါ။ ထို့နောက် ပုံပြင်နှင့်ပတ်သက်ပြီး အမေး အဖြေပြုလုပ်ပါ။ ဒုတိယဘာသာစကားကိုအသုံးပြု ၍ ဖြေဆိုခိုင်းပါ။ ဒုတိယဘာသာစကားကိုအသုံးပြု၍ ဖြေဆိုရန် အခက်အခဲ ရှိလျှင် လိုအပ်သလို မိခင်ဘာသာစကားကိုအသုံးပြုနိုင်သည်။
- ကျောင်းသားများကို စက်ဝိုင်းပုံ ရပ်ခိုင်းပြီး စက်ဝိုင်းအလယ်တွင် ဆရာမှရပ်ပါ။
- ဘောလုံးတစ်လုံးကို ကျောင်းသားတစ်ဦးထံပစ်ပေးပြီး၊ "ပုံပြင်ထဲမှာပါတဲ့သူတွေကဘယ်သူတွေလဲ"ဟုမေးပါ။ ကျောင်းသားမှ ပုံပြင်ထဲတွင်ပါသောသူများ၏ အမည်များကိုဖြေဆိုပြီး ဘောလုံးကိုဆရာ့ထံပြန်ပစ်ပေးရမည်။
- ဘောလုံးကို နောက် ကျောင်းသားတစ်ဦးထံသို့ ပစ်ကာ " ပုံပြင်ကဘယ်နေရာမှာ ဖြစ်ပျက်ခဲ့တာလဲ" ဟုမေးပါ။ ကျောင်းသားမှ ယေဘုယျ (သို့) နေရာကို အသေးစိတ်ဖြေဆိုပြီးလျှင် ဆရာ့ထံ ဘောလုံးကိုပြန်ပစ်ပေးမည်။
- ကျောင်းသားအများစု ဖြေဆိုရန် အခွင့်အရေးရသည်အထိ မေးခွန်းများများမေးပါ။
- ကျောင်းသားများ စကားလုံးတစ်ခုကို အသံထွက်မှားခဲ့လျှင်လည်းမပြင်ပေးပါနှင့်။ အဓိပ္ပာယ်နှင့် ပြောဆိုဆက်သွယ်မှု အပေါ်တွင် အာရုံစိုက်ပါ။
- ကျောင်းသားတစ်ဦးမှ ဖြေဆိုရန်ခက်ခဲနေလျှင် အခြားကျောင်းသားများက ကူညီရန် အားပေးပါ။





# ဒုတိယဘာသာစကားအရေး၊အဖတ် မိတ်ဆက်သင်ကြားခြင်း နည်းလမ်းများ

**ခ(၆) ကျောင်းသားများအတွက် အပြင်ဗဟုသုတရစေနိုင်သည့် အစောပိုင်းအရွယ်ဖတ်စာအုပ်များကိုပါ အသုံးပြုခြင်း (သို့) ဖန်တီးပေးခြင်း။**

**ခ(၈) ကျောင်းသားများမှ မိခင်ဘာသာစကား နှင့် ဒုတိယဘာသာစကား နှစ်မျိုးလုံးကို အသုံးပြု၍ ဖန်တီး ရေးသားနိုင်ရန် လုပ်ဆောင်ပေးခြင်း။**

ကျောင်းသားများမှ ဒုတိယဘာသာစကား တတ်မြောက်ရေးကို အာရုံစိုက်ရန် အဆင်သင့်ဖြစ်ပြီဆိုလျှင် ကျွမ်းကျင်သောဆရာများက ကျောင်းသားများ၏ မိခင်ဘာသာစကားကို အသုံးပြု၍လိုအပ်သလိုပံ့ပိုးပေးသည်။ ဒုတိယဘာသာစကား အဖတ်စွမ်းရည် ကျွမ်းကျင်စ ပြုနေသော ကျောင်းသားများအတွက် ဆရာများသည် ရှိပြီးသား ဖတ်စာအုပ်များ (သို့) ၎င်းတို့ကိုယ်တိုင် ဖန်တီးထားသောစာအုပ်များကို အသုံးပြုသင့်သည်။ကျွမ်းကျင်စွာဖတ်သားခြင်းကိုသရုပ်ပြရန် ဆရာများမှ ကျောင်းသားများကိုဖတ်ပြနိုင်သလို၊ ၎င်းတို့နှင့်အတူတကွ လိုက်၍လည်း ဖတ်နိုင်သည်။ ကျောင်းသာများသည် ဒုတိယဘာသာစကားဖြင့် ကိုယ်တိုင်ဖတ်နိုင်ခွင့် အခွင့်အရေးကို တတ်နိုင်သမျှ ရသင့်သည်။ အတန်းတိုင်းတွင် ကျောင်းသားများ အနေဖြင့် စာဖတ်ရန် လုံလောက်သော အချိန်ရှိရန်လည်း အရေးကြီးသည်။ ဒုတိယ ဘာသာစကားဖြင့် သင်ကြားသောအတန်းများတွင် ဘာသာစကားသင်ကြားသည့် ကျွမ်းကျင်သော ဆရာများက ကျောင်းသားများအား ဥပမာမပေးဘဲ ကျောင်းသားများ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများကို အသုံးပြု၍ တီထွင်ဖန်တီးရေးသားရန် အခွင့်အရေးပေးသည်။

## တစ်ဦးချင်းစီ လုပ်ဆောင်နိုင်သော လှုပ်ရှားမှုများ

### စာလုံးပေါင်းလေ့ကျင့်ခြင်း

- အနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ် ဆရာမှ ဒုတိယ ဘာသာစကား စကားလုံးများကို ရှေ့မှတိုင်ပေး၍ ကျောင်းသားများမှ ထိုစကားလုံးများကို စာလုံးပေါင်း လေ့ကျင့် ရေးသားရမည်။
- ဆရာမှ စကားလုံး ၅လုံးမှ ၁၀လုံးခန့်အထိ ရှေ့မှတိုင်ပေးပါ။ ကျောင်းသားများမှ ထိုစကားလုံးများကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်ထဲတွင် ရေးရမည်ဖြစ်သည်။

**ဥပမာ။** ။ဆရာမှ “happy, boring, excited, pineapple, banana, cake, bread, egg” အစရှိသည့် စကားလုံးများကို ရွတ်ဆိုပေးသောအခါ ကျောင်းသားများမှ ထိုစကားလုံးများကို ၎င်းတို့၏ မှတ်စုစာအုပ်ထဲတွင် ရေးချရမည်။

- နောက်ပိုင်းတွင် ဒုတိယဘာသာစကားဖြင့် စာကြောင်း အတိုလေးများကို သင့်အနေဖြင့် တိုင်ပေးနိုင်သည်။ ဆရာ ရှေ့မှတိုင်ပေးနေစဉ် ကျောင်းသားများမှ ထိုစာကြောင်းများ ကို ဆရာ ရွတ်ဆိုပြသည့်အတိုင်း သေသေချာချာ နားထောင်ကာ ရေးမှတ်ရမည်ဖြစ်သည်။

### ဂျာနယ်ရေးသားခြင်း

- ကျောင်းသားများမှ ၎င်းတို့၏ အတွေးအခေါ်၊ အယူအဆ နှင့် လုပ်ဆောင်မှုများကို မှတ်တမ်းအဖြစ် ရေးသားရန်အတွက် ဗလာစာအုပ် တစ်အုပ်စီကို ပေးထားပါ။
- ကျောင်းသားများအား ၎င်းတို့၏ဂျာနယ်ထဲတွင် ရေးသားရန် အတွက် နေ့စဉ် အနည်းဆုံး ၁၅ မိနစ်ခန့် အချိန်ပေးပါ။
- စာလုံးပေါင်း (သို့) ပုဒ်ဖြတ်ပုဒ်ရပ်များ (သို့) ဝေါဟာရများ အမှားပါလျှင် မပြင်ပါနှင့်။
- အတတ်နိုင်ဆုံး ဒုတိယ ဘာသာစကားကိုအသုံးပြုပြီး လွတ်လပ်စွာ ရေးသားစေရန် အားပေးပါ။
- အကယ်၍ စကားလုံးရေးသားရာတွင် ၎င်းတို့အနေဖြင့် အကူအညီလိုလျှင် အချင်းချင်းကူညီပါစေ။
- ကျောင်းသားများအား အားပေးရန်နှင့် အကူအညီလိုအပ်ပါက ကူညီရန် အခန်းတစ်လျှောက်လှည့်လည်ကြည့်ရှုပါ။

### စာသင်ခန်းဝန်းကျင်ရှိ အညွှန်းများကို ဖတ်ခြင်း

- ဆရာမှစာသင်ခန်းတစ်ဝိုက်ရှိမတူညီသောအရာဝတ္ထုများတွင် ဒုတိယဘာသာစကားဖြင့် အညွှန်းများ ရေးပြီးလိုက်ကပ်ပါ။

**ဥပမာ။** ။တံခါး၊ နံရံ၊ ပြတင်းပေါက်၊ ကြမ်းပြင်၊ ရုပ်ပုံကားချပ်၊ စားပွဲ၊ ထိုင်ခုံ၊ ကျောက်သင်ပုန်း အစရှိသဖြင့်။

- လှုပ်ရှားမှုအတွက် အရာဝတ္ထု၏ အမည်ကို ဒုတိယဘာသာစကားဖြင့် (အသံထွက်မဖတ်ဘဲ) သင်ပုန်းပေါ် တွင်ရေးထားပါ။
- ကလေးတစ်ဦးကို စာသင်ခန်းထဲရှိ ထိုအရာဝတ္ထုရှိသည့်နေရာသို့သွားပြီး ဒုတိယဘာသာစကားဖြင့်ရေးထားသောအညွှန်းကို လက်ဖြင့်ထောက်ပြခိုင်းပါ။

### စကားလုံးများနှင့် စာကြောင်းများအရေးလေ့ကျင့်ခြင်း

- သင်ပုန်းပေါ်တွင် ဒုတိယ ဘာသာစကားဖြင့် ဝေါဟာရ ၅လုံးမှ ၁၀လုံးခန့် အထိ ရေးချထားပါ။ (ကျောင်းသားများ နှုတ်တိုက် သင်ပြီးသော ဝေါဟာရများသာအသုံးပြုရန်)။ ပြီးလျှင်သင်ပုန်းပေါ်မှ စကားလုံးများ/ စာကြောင်းများကို ကျောင်းသားများ၏ လေ့ကျင်းခန်းစာအုပ်ထဲသို့ ရေးချခိုင်းပါ။
- ကျောင်းသားများအား သပ်သပ်ရပ်ရပ်ရေးရန် အားပေးပါ။
- နောက်ပိုင်းတွင် ကျောင်းသားများမှ စာကြောင်းအတိုများကို ကူးရေးကြရမည်ဖြစ်သည်။

# အဖွဲ့ငယ်များဖြင့် လုပ်ဆောင်နိုင်သော လှုပ်ရှားမှုများ (၃-၅ ယောက်)

## အန်စာတုံး၊ ကဒ်ပြားများဖြင့် ကစားနည်း

- ကလေးများ သင်ယူလေ့လာပြီးဖြစ်သော ဒုတိယဘာသာစကား ဝေါဟာရများပါသည့်ကဒ်ပြားများကို အစုံလိုက်ပြင်ထားပါ။
- တစ်ဖွဲ့စီကို တစ်စုံစီပေးပါ။ (ကလေးများမှ ဝေါဟာရအများအပြား သိလာသည့်အလျောက် ဝေါဟာရကဒ်အသစ်များ ထပ်ထည့်ပေးပါ)
- ကဒ်များကို အလယ်မှာထားပြီး ကလေးများအား အဖွဲ့လိုက်ဝိုင်းဖွဲ့ကာ ကြမ်းပြင်ပေါ်တွင်ထိုင်ပါစေ။
- ပထမ ကျောင်းသူမှ အန်စာတုံးကိုယူ၍ ပစ်ရမည်။ ထိုကျောင်းသူမှ အန်စာတုံးကျသည့် နံပါတ်အလိုက် ကဒ်များကို ယူရမည်။ (အန်စာတုံးမှ နံပါတ် ၂ကျ လျှင် ၂ကဒ်ယူခွင့်ရှိသည်။)
- သူမအနေဖြင့် မှန်ကန်စွာဖတ်နိုင်သော ကဒ်များကို သိမ်းထားပြီး မဖတ်နိုင်သော ကဒ်များကို အလယ်မှာရှိသော အပုံ ထဲသို့ ပြန်ထည့်ရမည်။
- ထို့နောက် ဒုတိယကလေးမှ အန်စာတုံးပစ်ရန်အလှည့် ဖြစ်သည်။
- ထိုနည်းအတိုင်း ကဒ်များအားလုံးကုန်သည်အထိ (သို့) ဆရာမှ ကစားနည်းကို မရပ်သေးသ၍ ကစားရမည်။
- အဖွဲ့တစ်ဖွဲ့စီမှ ကဒ်အများဆုံးစုမိသော ကလေးမှ အနိုင်ရမည်။

## ဝေါဟာရကဒ်ကို လက်ဆင့်ကမ်းပေးခြင်း

- ကျောင်းသားများအား ၈ယောက် နှုန်းဖြင့် အဖွဲ့ခွဲကာ အဖွဲ့အလိုက် စက်ဝိုင်းပုံစံအတိုင်းထိုင်ခိုင်းပါ။အဖွဲ့တစ်ဖွဲ့စီကို စကားလုံးကဒ် ၂ကဒ်၊ ၃ ကဒ်စီပေးပါ။ (ကျောင်းသားများ နှုတ်တိုက်သင်ထားသော ဒုတိယဘာသာစကား ဝေါဟာရများ) ၎င်းတို့မမြင်အောင် ကဒ်များကို မှောက်လျက်ချထားပါ။
- ကျောင်းသားများမှကဒ်များကို လက်ဆင့်ကမ်းပေးနေစဉ် သီချင်းဆိုခြင်း၊ လက်ခုပ်တီးခြင်း (သို့) ဗုံတီးခြင်းပြုလုပ်ရမည်။ (ကျောင်းသားများမှ ဝေါဟာရကဒ်များကို လက်ဆင့်ကမ်းရာ တွင် ဘက်တစ်ဖက်ထဲမှ စပြီး လက်ဆင့်ကမ်း ပါစေ။)
- ဆရာမှ လက်ခုပ်တီးခြင်း (သို့) ဗုံတီးခြင်းကို ရုတ်တရက် ရပ်လိုက်သောအခါ ကဒ်များကိုင်ထားသော ကျောင်းသားအယောက်စီတိုင်းက မတ်တပ်ရပ်၍ ထိုကဒ်အား ၎င်း၏ အဖွဲ့ဝင်များကိုပြရမည်။
- ကဒ်ကိုကိုင်ထားသော ကျောင်းသား/သူ မှ၎င်းလက်ထဲရှိ ကဒ်၌ပါရှိသော စကားလုံးများကို ဖတ်ပြရမည်။ (ထိုကလေးမှ ဖတ်ပြရန် အခက်ခဲရှိနေလျှင် အခြားကဒ် ကိုင်ဆောင်ထားခြင်း မရှိသော ကျောင်းသားများမှ ကူညီနိုင်သည်။)
- ဤနည်းအတိုင်း ကြိမ်ဖန်များစွာလုပ်ဆောင်ကာ ကဒ်များကို အခြားအဖွဲ့နှင့် လဲလှယ်ကာ ကစားနိုင်သည်။



## တံတားဖြတ်ကူးခြင်း (ဒုတိယဘာသာစကား ဝေါဟာရကဒ်များ)

- အဖွဲ့ဝင် ၆ယောက်မှ ၈ယောက် ပါသော အဖွဲ့များ ဖွဲ့ပါ။
- အဖွဲ့တစ်ဖွဲ့ချင်းစီတွင် အဖွဲ့ငယ်နှစ်ခု ထပ်ဖွဲ့ပါ။ အဖွဲ့နှစ်ခုကြားတွင် မြစ်ရှိသည်ဟု ထင်မှတ်စေပြီး မျက်နှာချင်းဆိုင်ထိုင်ပါစေ။
- အဖွဲ့နှစ်ခုကြားတွင် ပြန်လည်လေ့လာထားသော ဒုတိယဘာသာစကား ဝေါဟာရများ ပါရှိသည့်ကဒ် ၄ခု ၊ ၆ခု ခန့်ကို အတန်းလိုက် မှောက်လျက် အနေအထားဖြင့် ထားပါ။ ကျောင်းသားများ မှ ထိုကဒ်များအား မြစ်တစ်ခုပေါ်မှ တံတားတစ်စင်းဟု မြင်ယောင်ရမည်။
- တံတားကို ကျောင်းသားများမှ တစ်ယောက်ချင်းစီ ကျော်ဖြတ်ရမည်။ ပထမ ကျောင်းသူသည် သူမဘက်အခြမ်းမှ ပထမကဒ်ကို ကောက်ပြီး ဖတ်ရမည်။
- အကယ်၍ စကားလုံးကို ဖတ်ပြနိုင်ပါက နောက်ထပ်တစ်ကဒ်ဆီသို့သွားကာ  ဆက်ဖတ်ရမည်။ (ကဒ်များကို မနင်းမိရန် ဂရုစိုက်ရမည်)
- သူမသည် ကဒ်အားလုံးကို ဖတ်နိုင်လျှင် အခြားသူများက လက်ခုပ်တီးရမည်။ တံတားကို လုံခြုံစွာ ဖြတ်သန်းပြီး အခြားတစ်ဖက်သို့ ရောက်ရှိသွားသောကြောင့်ဖြစ်သည်။ အကယ်၍ ကဒ်တစ်ခုကိုမှန်ကန်စွာ မဖတ်နိုင်လျှင် ထိုကဒ်နေရာရှိ တံတား၏"အပေါက်" ထဲသို့ ခုန်ချပြီး နောက်တစ်ကဒ်ကို ဆက်၍ဖတ်ရမည်။
- ကဒ်များအားလုံးကိုဖတ်ပြီး တံတားကို ဖြတ်သန်းနိုင်သောအခါ ကတ်အားလုံးကိုပြန်ရောပြီး တံတားအသစ်တစ်ခု ပြန်ဆောက်ရမည်။ ကလေးအယောက်စီတိုင်းက တံတားကို တစ်ခေါက်စီ ဖြတ်ခွင့်ရှိရမည်။ ဤကစားနည်းကို ရုပ်ပုံကားချပ်များသုံး၍ ဒုတိယ ဘာသာစကား ဆိုင်ရာ ဝေါဟာရ အသစ်များ သင်ကြားရာတွင်လည်းအသုံးပြုနိုင်သည်။

## အမျိုးအစားတူ ဇယာများပြုလုပ်ခြင်း

ပတ်ဝန်းကျင်၌တွေ့ရှိနိုင်သော အရာဝတ္ထု၊ အကြောင်းအရာများအလိုက် အဖွဲ့များသတ်မှတ်ပေးပါ။

(ဥပမာ။    ။"ဒေသအလိုက်အစားအစာများ၊ သစ်ပင်များ၊ အိမ်မွေးတိရိစ္ဆာန်များ၊ တောရိုင်းတိရိစ္ဆာန်များ၊ သယ်ယူပို့ဆောင်ရေး၊ အဆောက်အဦးများ၊ အလုပ်သမားများ၊ မိသားစုဝင်များ" အစရှိသဖြင့် အကြောင်းအရာ၊ ကဏ္ဍအလိုက်အဖွဲ့များဖွဲ့ပါစေ။

- ထို့နောက် ကျောင်းသားများအား ၎င်းတို့အဖွဲ့၏အကြောင်းအရာအပေါ်မူတည်၍ ၎င်းတို့ပတ်ဝန်းကျင်၌တွေ့ရှိရသော အရာများပါဝင်သည့် ဇယားပြုလုပ်ခိုင်းပါ။
- အဖွဲ့ဝင်များမှ ၎င်းတို့ အဖွဲ့၏ခေါင်းစဉ်အလိုက် သက်ဆိုင်ရာ အကြောင်းအရာများကို စဉ်းစားရမည်။ ၎င်းတို့မှ စဉ်းစား၍ရသော အရာများ၏ တစ်ခုချင်းစီအတွက် ပုံများဆွဲပြီး ဒုတိယဘာသာစကားဖြင့်ရေးသားဖော်ပြရမည်။
- ထို့နောက် အဖွဲ့များသည် ၎င်းတို့၏ ဇယားများကို အခြားအဖွဲ့ဝင်ကျောင်းသားများအား ပြပြီး မိမိအဖွဲ့၏ လုပ်ဆောင်မှုများကို ရှင်းပြရမည်ဖြစ်သည်။

30

**မှတ်ချက်။** ။ယခုလုပ်ဆောင်မှုကို သိပ္ပံ သင်ခန်းစာသင်ကြားရာတွင်လည်း အသုံးပြုနိုင်သည်။



# အတန်းတစ်တန်းလုံးလုပ်ဆောင်နိုင်သောလှုပ်ရှားမှုများ

## ဘယ်ကဒ်ဖြစ်မလဲခန့်မှန်းပါ

- ဒုတိယဘာသာစကားဖြင့် ဝေါဟာရကဒ်ခြောက်ခုကို ကလေးများ၏ရှေ့တွင် ထားပါ။ ထိုသို့အတူတစ်ကွထားရှိခြင်းဖြင့်ကလေးများသည် ဝေါဟာရကဒ် တစ်ခုချင်းစီ ကို အတူတကွ ဖတ်နိုင်မည်ဖြစ်သည်။
- ကလေးတစ်ဦးကိုရွေးချယ်ပြီး အခန်းထောင့်တစ်နေရာတွင် အတန်းကိုကျောပေးကာ၊ မျက်လုံးကိုအုပ်၍ ထိုင်ခိုင်းပါ။ နောက်ထပ်ကလေးတစ်ဦးကိုခေါ်ပြီး ရှေ့တွင်ချထားသော ကဒ်တစ်ခုကိုရွေးချယ်ယူစေပြီးအခန်းတစ်ခုလုံးကိုပြခိုင်းပါ။ ထို့နောက် ယူသည့်နေရာတွင်ပြန်ထားခိုင်းပါ။
- မျက်လုံးမှိတ်ထားသော ကလေးအား အတန်းအရှေ့ဘက်သို့ ပြန်လာစေပြီး ယခင်ကျောင်းသား ကောက်ယူခဲ့သည့် ကဒ်ကိုကြိုးစားပြီး ခန့်မှန်းခိုင်းပါ။
- ထိုကျောင်းသားမှ ကဒ်ကိုကောက်ယူပြီး ကဒ်ထဲရှိ စကားလုံးကိုရွတ်ကာ "Is it _____" ဟုပြောရမည်။ အခြားကျောင်းသားများမှ မှန်လျှင် "yes" မှားလျှင် "no" ဟုပြောရမည်ဖြစ်သည်။

ထိုကျောင်းသားအနေဖြင့်မှန်ကန်သောကဒ်ကိုခန့်မှန်းဖြေဆိုရန် အခွင့်အရေးသုံးကြိမ်ရှိမည်။ ထို့နောက် ကျောင်းသားတစ်ဦးမှ အတန်းအနောက်သို့ပြန်သွားပြီး မျက်စိမှိတ်ကာ ထိုင်စေခြင်းဖြင့် ကစားနည်းကိုဆက်နိုင်သည်။

## ထိုင်တမ်း ကစားနည်း

- အတန်းမစမီ ကျောင်းသားများ လက်တလော လေ့လာထားသော ဒုတိယဘာသာစကား ဝေါဟာရများပါသည့် ကဒ်များပြုလုပ်ပါ။ ထိုဝေါဟာရကဒ်များထဲမှ စကားလုံးများကို ဆရာ့အနေဖြင့်လည်း စာရင်းပြုစုကာရေးချထားပါ။
- ကျောင်းသား တစ်ယောက်ချင်းစီကို ကဒ်ပြားတစ်ခုစီပေးပါ။ ကျောင်းသားများသည် ၎င်းတို့၏ ကဒ်ပြားများကို ကိုင်ဆောင် ပြီး အခန်းပတ်ပတ်လည်တွင် ဖြည်းညင်းစွာ လျှောက်သွား ရမည်။
- သင်၏ စကားလုံးမှတ်စုစာရင်းထဲမှ စကားလုံးတစ်လုံးကို အော်လိုက်ပါ။ ထိုစကားလုံးပါသော ကဒ်ကို ကိုင်ဆောင် ထားသော ကျောင်းသားမှ ကဒ်ကို ကိုင်၍ဖတ်ပြရမည်။ ပြီးလျှင်ထိုကျောင်းသားမှ သူ့နေရာသူပြန်ထိုင်နိုင်သည်။ တစ်ဖန် တခြားကျန်နေသေးသော ကျောင်းသားများက အခန်းထဲ၌ ပတ်ပတ်လည် လမ်းလျှောက်နေရမည်။
- ဆရာက စကားလုံးတစ်လုံးကို ထပ်မံအော်နိုင်သည်။ ထိုစကားလုံးကဒ်ပြားကို ကိုင်ထားသော ကျောင်းသားသည် ၎င်းစကားလုံးကိုဖတ်ပြပြီး ထိုင်ရမည်။
- ကျောင်းသားများအားလုံး ထိုင်သည်အထိ ဆက်လက် လုပ်ဆောင်သွားရမည်။ တစ်ဖန်ကဒ်အားလုံးကိုပြန်စုပြီး မွှေနှောက်လိုက် ပြီးလျှင် ဤနည်းအတိုင်း ဆက်လက် ကစားနိုင်သည်။

## အတွေ့အကြုံများကို ဒုတိယဘာသာစကားဖြင့် ပုံပြင်ဖန်တီးခြင်း

- အတန်းမစမီ စိတ်လှုပ်ရှားစရာကောင်းသော (သို့) ရယ်စရာကောင်းသော အတွေ့အကြုံတစ်ခုကို စဉ်းစားထားပါ။
- ကျောင်းသားများအား စိတ်လှုပ်ရှားစရာကောင်းသော (သို့) ရယ်စရာကောင်းသော အတွေ့အကြုံတစ်ခုခု ရှိသလားဟုမေးပါ။ (ဥပမာ။ ။ဆိုးရွားတဲ့မုန်တိုင်းအတွေ့အကြုံ။)
- ကျောင်းသားများကို ၎င်းတို့အတွေ့အကြုံများကို မျှဝေရန် အားပေးပါ။
- ကျောင်းသားများအား ပုံပြင်ကို (မိခင်ဘာသာစကားဖြင့်)ဖန်တီးချင်သလားဟု မေးပါ။ ထိုပုံပြင်အကြောင်းအရာများ အကြောင်းကို အချင်းချင်းပြောဆိုကြရန် အချိန်ခဏပေးပါ။ ၎င်းတို့အရင်ဆုံးပြောလိုသည့် အကြောင်းအရာကို မေးပါ (မိခင်ဘာသာစကားဖြင့်)။ ထို့နောက်ဘာဆက်ဖြစ်လဲဟုမေးပါ။
- ဤသို့ဖြင့် ကျောင်းသားများမှ စာကြောင်း ၄-၅ ကြောင်းခန့်ပြောနိုင်သည်အထိ လုပ်ဆောင်ပါ။
- ပြောပြီးသောအခါ ပုံပြင်အကြောင်းအရာတစ်ခုလုံးကို မည်သည့်ကျောင်းသားမှ မှတ်မိသလဲဟုမေးပါ။ ပြီးနောက် သင့်အနေဖြင့် ကျောင်းသားများအား ထိုပုံပြင်အကြောင်းအရာကို ဒုတိယဘာသာစကားဖြင့် ပြောစေလိုကြောင်း ပြောပါ။
- ကျောင်းသားများမှ တညီတညာတည်းပြောဆိုလာသော ပထမစာကြောင်းကို သင်ပုန်းပေါ်တွင်ချရေးပါ။ ၎င်းတို့အသုံးပြုသော ဒုတိယဘာသာစကား စကားလုံးကိုပဲချရေးပါ။ သို့သော် လိုအပ်လျှင် သဒ္ဒါအမှန်ပြင်ပေးပါ။ ထိုသို့ဖြင့် ကျောင်းသားများမှ ၎င်းတို့ပြောလိုသည့် အကြောင်းအရာများကို ဝါကျစာကြောင်းအဖြစ် ဖွဲ့၍ရကြောင်းကို သိရှိလိမ့်မည်။
- ဤနည်းဖြင့်ပုံပြင်၏ အခြားစာကြောင်းများကိုလည်း ရေးချပါ။ ကျောင်းသားများအား ပုံပြင်ကို ခေါင်းစဉ် ပေးရန်မေးပါ။ ထို့နောက် ပုံပြင်၏ ခေါင်းစဉ်ကို အပေါ်ဆုံးတွင် ရေးချပြီး မျဉ်းသားပေးပါ။
- ဆရာမှ ကျောင်းသားများ၏ပုံပြင်ကို ကျောင်းသားများနှင့်အတူ ရွတ်ဆိုပါ။

## သစ်သီးခူး ကစားနည်း

- ကျောက်သင်ပုန်းပေါ်တွင် သစ်သီးပုံများကို ခြောက်ပုံ (သို့) ဆယ်ပုံခန့် ဆွဲပါ။
- သစ်သီးပုံ တစ်ပုံစီတွင် ကျောင်းသားများ မကြာသေးမီက လေ့လာထားသော အဓိကစကားလုံး တစ်လုံးစီကို ရေးပါ။
- ထိုစကားလုံးများကို မှန်ကန်စွာ ဖတ်ခြင်းဖြင့် ကျောင်းသား တစ်ဦးချင်းစီသည် သရက်သီး အလုံးရေမည်မျှ ခူး၍စားနိုင်သည်ကို သိနိုင်သည်။
- ကျောင်းသားတစ်ဦးမှ မှန်ကန်စွာ ဖတ်နိုင်တိုင်း အခြား ကျောင်းသားများက လက်ခုပ်တီးပေးရမည်။

# ဘာသာရပ်အခြေပြု MLE သင်ကြားမှုနည်းလမ်းများ

**ခ(၁). တက်ကြွသောသင်ယူမှုကို မြှင့်တင်ရန် စွမ်းရည်ကို သရုပ်ပြပါ (ပူပေါင်းပါဝင်သင်ယူမှု၊ သင်ယူသူ၊ ကျောင်းသား ဗဟိုပြုချဉ်းကပ်နည်း)**
**ခ(၄). ကျောင်းသားများအား အယူအဆအသစ်များကို သင်ယူဖို့ ၎င်းတို့သိထားသည်များကို အသုံးပြုရန် အထောက်အကူ ဖြစ်စေမည့် လုပ်ရှားမှုများနှင့်အရင်းအမြစ်များကို အသုံးပြု (သို့) ဖန်းတီးပေးပါ။**

ဘာသာစကားစုံပညာရေး (MLE) သည် ဘာသာစကားသင်ကြားသော အတန်းတစ်ခုတည်းတွင်သာ ပါဝင်ခြင်း မဟုတ်ပေ။ MLE သည် ဘာသာရပ်တိုင်း တွင် ထည့်သွင်းနိုင်ပြီး၊ ရည်ရွယ်ချက်ရှိရှိလည်း ထည့်သွင်းသင့်သည်။ ယခုအပိုင်းတွင် ကျောင်းသားများသည် L1 နှင့် L2 ကို အသုံးပြုပြီး ၎င်းတို့၏ ကျွမ်းကျင်မှုကို သရုပ်ပြနိုင်သည့် MLE လုပ်ဆောင်မှု (activities) များကို ဘာသာရပ်အလိုက် စုစည်းထားသည်ကို မြင်တွေ့ရမည်။ ကျောင်းသားများ အတွက် မိမိကိုယ်ကိုယုံကြည်မှု၊ လေးစားမှုနှင့် မိမိလူမျိုးကို မြှင့်တင်နိုင်ရန်လည်းအထောက်အကူပြုမည် (Cummins, 2009)။

## မိသားစု၊ ရပ်ရွာနှင့် အစိုးရ

### တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီခြင်း နှင့် ကျွန်ုပ်တို့ ပတ်ဝန်းရှိ အကူအညီလိုအပ်သူများ

L1။ ရပ်ရွာအတွင်းရှိ အခက်အခဲရှိသူများ (သို့) အကူအညီလိုသူများ အကြောင်းကို ကျောင်းသား/သူများအား စဉ်းစားပါစေ။ သက်ကြီးရွယ်အို၊ မျက်မမြင်၊ မသန်စွမ်းသူများ အစရှိသဖြင့် ဆရာမှ ဥပမာများပေးနိုင်သည်။ ကျောင်းသား/သူများအား ပတ်ဝန်းကျင်ရှိ ထိုသို့သော အခက်အခဲရှိသူများကို သိပါသလားဟု မေးပါ။

ထိုသူတွေကအသက်ဘယ်လောက်ရှိပြီလဲ။ ဘယ်သူနဲ့နေတာလဲ။ ထင်းရအောင် ဘယ်သူက သူတို့ကို ကူညီနေသလဲ။ ဘယ်သူက သူတို့ကို ရေခပ်ပေးသလဲ။

သူတို့ရဲ့တိရစ္ဆာန်တွေကိုဘယ်သူကကူညီပြုစုစောင့်ရှောက်ပေးတာလဲ။ သူတို့မှာ ဘယ်လိုအခက်ခဲတွေ ရှိသလဲ။

မင်းတို့အနေနဲ့ရောကိုယ်လုံခြုံဖို့၊တစ်နေရာကနေတစ်နေရာကို သွားဖို့ အခြားလူတစ်ဦးဦးကို မှီခိုနေရမယ်ဆို ဘယ်လိုခံစားရမလဲ။

L1 နှင့် L2။ ထို့နောက် ပတ်ဝန်းကျင်ရှိ ယခုကဲ့သို့ အကူအညီလိုနေသူများကို ကူညီနိုင်သည့်နည်းလမ်းများကို ကျောင်းသား/သူများအား စဉ်းစားခိုင်းပါ။

- သက်ကြီးရွယ်အို၊ မျက်မမြင်၊ မသန်စွမ်းဖြစ်နေတဲ့ သူတွေ ကို ဘယ်လိုကူညီနိုင်သလဲ။
- သည်လူတွေ ပျော်ရွှင်အောင် ဘာတွေလုပ်ပေးလို့ ရသလဲ။ (ကလေးများ နားမလည်နိုင်သည့် L2 စကားလုံးများကို ဆရာက ဘာသာပြန်ပေးနိုင်သည်။ )

L2။ ဆွေးနွေးပြီးနောက်၊ ကလေးများသိတဲ့ အခက်အခဲရှိတဲ့ လူတစ်ယောက်အကြောင်းနှင့် ထိုသူကိုဘယ်လို အကူအညီပေးချင်ကြောင်းကို ကဗျာ (သို့) ပုံပြင်တစ်ပုဒ်ရေးခိုင်းပါ။

### ရပ်ရွာအတွင်း အုပ်ချုပ်ရေး

L1။ ကျောင်းသား/သူများအား ရပ်ရွာ အကြောင်း စဉ်းစားခိုင်းပါ။ အဖွဲ့ငယ်များခွဲပြီး တစ်ဖွဲ့ချင်းစီကို ရပ်ရွာနှင့် ပတ်သက်သည့် မေးခွန်းများမေးပါ။

**ဥပမာ။ ။**

- ရပ်ရွာအတွင်းမှာ လူတွေ အတူတကွ ဘာလုပ်ကြသလဲ။
- ဘယ်လို သဘောထားကွဲလွဲမှုတွေရှိနိုင်သလဲ။
- အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ။
- ကိစ္စတစ်ခုခုအပေါ် ဘာသဘောထားကွဲလွဲခဲ့လျှင် ဘာဖြစ်မလဲ။ အငြင်းပွားမှုကို ဘယ်သူက ကူညီဖြေရှင်းပေးလဲ။

L1။ အတူတကွ ငြိမ်းချမ်းစွာ နေထိုင် လုပ်ကိုင်နိုင်ဖို့ ရပ်ရွာလူထုအတွက် အထိန်းအကွပ်အနေနဲ့ စည်းမျဉ်းစည်းကမ်း ဥပဒေ၊ စနစ်တွေ ထားရှိခြင်းက အစိုးရတစ်ရပ်ဖြစ်ကြောင်းကို မိတ်ဆက်ပါ။ (ဝေါဟာရအသစ်များကို L2 အသုံးပြု မိတ်ဆက်ပေးပါ။ ဥပမာ စနစ်......)

L1 နှင့် L2။ ကျောင်းသား/သူများအား ၎င်းတို့၏ ရပ်ရွာအတွင်း တာဝန်ယူထားသော ရာထူးရှိသူများ စာရင်းပြုစုပါစေ။ ကျောင်းသား/သူများ သည် ရပ်ရွာအတွက် မည်သို့ ကူညီပေးနိုင်သည် ကို စဉ်းစားခိုင်းပါ။

L2။ ကျောင်းသူ/သားတို့၏ အကြံဉာဏ်များကို အုပ်စုငယ်များ တွင် ဝေမျှစေပြီး၊ ထို့နောက် တစ်တန်းလုံးနှင့် မျှဝေခိုင်းပါ။ (ကျောင်းသား/သူများမသိသော L2 စကားလုံးများ ရှိပါက ဆရာက ကူညီပေးပါ။)

## အတူတကွယှဉ်တွဲနေထိုင်ခြင်း။ ။ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအတွင်းရှိလူများ

L1။ အသိုင်းအဝိုင်း၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် လူအများအတူတကွလုပ်ဆောင်ကြတဲ့ အလုပ်အမျိုးအစားတွေကို ကလေးတွေကို စဉ်းစားပါစေ။
**ဥပမာ။ ။** ရေတွင်းတစ်တွင်းတူးခြင်း၊ လမ်း(သို့) လမ်းသွယ်တစ်ခုဖောက်လုပ်ခြင်း နှင့်ထိန်းသိမ်းခြင်း၊ အဖွဲ့အစည်းတစ်ခု တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ လုပ်ငန်းတာဝန်များ ပြီးမြောက်စေရန် အဖွဲ့အစည်းတစ်ခုအနေဖြင့် အတူတကွလုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ကလေးများအား စဉ်းစားခိုင်းပါ။ အဖွဲ့အစည်းတစ်ခုတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်မှုမရှိသောအခါ ဘာဖြစ်မလဲ။ (L2 ဖြင့် ဝေါဟာရအသစ်များ (သို့) စကားလုံးများကို မိတ်ဆက်ပါ။)
L1 နှင့် L2။ ထို့နောက် ကလေးများအဖွဲ့အစည်းအတွင်း အတူကွလုပ်ဆောင်နေကြောင်း ပြသရန်သရုပ်ဖော်မှုတစ်ခုပြုလုပ်ပါစေ။ (အချိန်ရလျှင် ပထမဦးစွာ အဖွဲ့အစည်းအနေဖြင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းမရှိသောအခါ ဖြစ်လာမည့်အရာကိုဖော်ပြမည့် သရုပ်ဖော်ဇာတ်လမ်းတစ်ခုပြုလုပ်ပါ။

ထပ်ဆောင်း လုပ်ဆောင်မှု။
L1။ ကလေးများအားငင်းတို့၏လူ့အဖွဲ့အစည်းအတွင်းရှိ မိသားစု၊ ကျောင်းနေဖက်များ၊ သူငယ်ချင်းများ, ဘာသာရေးအဖွဲ့များ စီးပွားရေး အုပ်စုများ စသည်ဖြင့် မတူညီသော အုပ်စုအဖွဲ့အစည်းများအကြောင်း စဉ်းစားပါစေ။ (L2 ဖြင့် စကားလုံးအသစ်များကိုမိတ်ဆက်ပါ.)
L1 နှင့် L2။ အုပ်စုတစ်ခုစီအတွက်၊ ထိုအုပ်စုကို “အဖွဲ့အစည်း” ဖြစ်စေသည့် အရာနှင့်ပတ်သက်၍ ကလေးများကိုစဉ်းစားခိုင်းပါ။ အတူတူဘာလုပ်ကြသလဲ။ ဘာတွေစိတ်ဝင်စားကြသလဲ။ အချင်းချင်းဘယ်လိုကူညီကြသလဲ။
L2။ ကလေးတွေကို အဖွဲ့အစည်းအကြောင်း၊ မတူကွဲပြားတဲ့အဖွဲ့တွေက အချင်းချင်း ကူညီပံ့ပိုးပေးပုံအကြောင်း ပုံပြင်တစ်ပုဒ်ရေးခိုင်းပါ။ ကလေးများမှ အတူတကွ တစ်ခုခုလုပ်ဆောင်နေသည့် အဖွဲ့အစည်း၊အသိုင်းအဝန်းတစ်ခုပုံကိုလည်း ဆွဲနိုင်သည်။



## ရပ်ရွာမြေပုံ

အတန်းကို အဖွဲ့ငယ်များခွဲပြီး အပြင်သို့ ခေါ်သွားပါ။
L1။ ရွာ၏မြေပုံကို မြေပေါ်တွင် ကျောက်ခဲ၊ တုတ်ချောင်းနှင့် အခြားအရာဝတ္ထုများကို အသုံးပြုပြီး အဖွဲ့တိုင်းကို ဆွဲခိုင်းပါ။
အိမ်များနှင့် ဘာသာရေးစင်တာ၊ ယဉ်ကျေးမှုစင်တာ/အကကွင်း၊ ဈေး၊ ရပ်ရွာရေအရင်းအမြစ်၊ စသည့် အရေးကြီးသောရပ်ကွက်အတွင်းရှိနေရာများကို ပြသရန် အရာဝတ္ထုများကို ရှာဖွေရာတွင် တီထွင်ဖန်တီးဖို့ ကျောင်းသားများကို အားပေးပါ။ (ဖြစ်နိုင်လျှင် ရပ်ရွာနေရာများအတွက် စကားလုံးများကို L2 ဖြင့် မိတ်ဆက်ပါ။)
L1 နှင့် L2။ ထိုနောက် အခြားအဖွဲ့များ ပြုလုပ်ထားသည့် မြေပုံများကိုလိုက်လံကြည့်ရှုပါစေ။ ၎င်းတို့၏မြေပုံများနှင့် ဖန်တီးထားသောရပ်ရွာတွင်းရှိနေရာများကိုအပြန်အလှန်ရှင်းပြခိုင်းပါ။



## သူရဲကောင်းများ

L1။ ဆရာ (သို့) အခြားလူကြီးတစ်ဦးက ဒေသတွင်း (သို့) ပြင်ပမှ တစ်ချိန်က အသက်ရှင် နေထိုင်ခဲ့သော သူရဲကောင်းများ (သို့) နာမည်ကျော် ပုဂ္ဂိုလ်များအကြောင်းကို ပုံပြပြီး ပုံပြင်များပြောပြပါ။
L1 နှင့် L2။ ထိုသူ လုပ်ခဲ့သည့် ကောင်းသောအရာများကို ကျောင်းသား/သူများအား စဉ်းစားပြောခိုင်းပါ။ ထိုသူနဲ့တူအောင် ကျောင်းသား/သူများ ဘာတွေလုပ်နိုင်သလဲ စဉ်းစားခိုင်းပါ။ (ကျောင်းသား/သူများမသိသည့် L2 စကားလုံးများ (သို့) စကားစုများကို ဆရာက ကူညီပေးပါ။)
L2။ ထိုနောက် ကျောင်းသား/သူများအား ထိုသူရဲကောင်းပုံကို ဆွဲခိုင်းပြီး ၊၎င်းတို့ဆွဲထားသောပုံများ အကြောင်းကို ပြောဆိုခိုင်းပါ။



# အနုပညာနှင့် ယဉ်ကျေးမှု

## ရိုးရာစကားထာနှင့် ဆိုးရိုးများ

L1။ ဒေသ၏ မိရိုးဖလာ ပဟေဠိများ (သို့) ဆိုရိုးစကားများ (စကားပုံများ)ကို ကလေးများအား မေးပါ။ အကယ်၍ မပြောပြနိုင်ပါက ဆရာက ပြောပြဖို့ ကြိုပြီးပြင်ဆင်ထားပါ။ (စကားလုံးများ (သို့) စကားစုများကို ဆရာက L2 ဖြင့် မိတ်ဆက်ပေးပါ။)

L1 နှင့် L2။ ထို့နောက် ရပ်ကွက်အတွင်း လည်ပတ်ပြီး နောက်ထပ် ပဟေဠိများနှင့် စကားပုံများကို လေ့လာခိုင်းပါ။ L1 နှင့် L2။ နောက်တနေ့တွင် ကျောင်းသား/သူများ သင်ယူခဲ့သော ပဟေဠိများနှင့် စကားပုံများကို ပြန်လည်ဝေမျှခိုင်းပါ။ L1။ အဖွဲ့လိုက် ကျောင်းသား/သူများကို ၎င်းတို့၏ကိုယ်ပိုင် ပဟေဠိများနှင့် စကားပုံများကို အိမ်စာအနေနှင့် ရေးခိုင်းပါ။ ပဟေဠိများနှင့် စကားပုံများကို အခြားသူများနှင့် အတန်းထဲတွင် ဖလှယ်စေပြီး ကိုယ်ပိုင် ပဟေဠိများ နှင့်စကားပုံများကို ၎င်းတို့၏ဂျာနယ်စာအုပ်ထဲတွင် ရေးခိုင်းပါ။

## သစ်ရွက်ပုံ ပုံတူကူးခြင်း

L1 နှင့် L2။ ယခင်အတန်းအပြီးတွင် ကျောင်းသား/သူများကို ပုံသဏ္ဍာန်လှသော သစ်ရွက်တစ်ရွက်ကို ရှာခိုင်းပြီး ကျောင်းသို့ ယူလာခိုင်းပါ။

ဆရာလည်း နမူနာပြရန် သစ်ရွက်တစ်ရွက်ယူဆောင်လာပါ။

- သစ်ရွက်ကို စာရွက်တစ်ရွက်ပေါ်တင်ပြီး၊ သစ်ရွက်ပုံသဏ္ဍာန်ကို ခဲတံဖြင့် ပုံတူကူးပါ။
- စာရွက်ပေါ် ရှိ သစ်ရွက်ပုံကို အစစ်အတိုင်း အရောင်ခြယ်ပါ။
- ၎င်းတို့၏ စာရွက်ပေါ်တွင် နာမည် ရေးခိုင်းပါ။

(ပုံသဏ္ဍာန်များ၊ အရွယ်အစားများနှင့် နှိုင်းယှဉ်မှုအတွက် အသုံးဝင်သော ဘာသာစကားကို မိတ်ဆက်လေ့ကျင့်ပေးပါ။)

ကျောင်းသား/သူများ ၏ သစ်ရွက်များကို ဤနည်းအတိုင်း လုပ်ဆောင်ရန် ညွှန်ကြားပါ၊ လိုက်လံကူညီပေးပါ။ ကျောင်းသား/သူများ ပုံဆွဲပြီးသောအခါ သစ်ရွက်များ၏ ပုံသဏ္ဍာန်၊ အရွယ်အစား တူညီမှုများနှင့်ခြားနားချက်များ ကို ပြောပြခိုင်းပါ။

## ယဉ်ကျေးမှုပြပွဲ နှင့်ပုံပြင်

ကျောင်းသား/သူများကို ၎င်းတို့၏ ပိုမိုရှုပ်ထွေးလှသော ယဉ်ကျေးမှုအမွေအနှစ်အကြောင်းအရာများကို လေ့လာစေပြီး ထိုအရာများအပေါ် နားလည်မှု ဗဟုသုတကို သရုပ်ပြပါစေ။

- ရိုးရာသီချင်းရှည်များ၊ ကဗျာများ၊ ပဟေဠိများကို ကျောင်းသားများကိုယ်တိုင် လေ့လာ ရွတ်ဆိုခိုင်းပါ။
- ရိုးရာကိရိယာ နှင့် လှုပ်ရှားမှုများအကြောင်းလေ့လာပြီး၊ သရုပ်ပြခြင်း၊ တစ်ဖန်ပြန်လည် ရှင်းပြခြင်းမျိုး ပြုလုပ်ခိုင်းပါ။ (မီးခြစ်မပါပဲ မီးမွှေးခြင်း၊ ရိုးရာအချက်အပြုတ် ကိရိယာများ အသုံးပြုခြင်း)
- ရိုးရာကဗျာ၊ သီချင်း၊ အကဖြင့် ရိုးရာပြဇာတ်တစ်ခု ပြုလုပ်ခိုင်းပါ။

## ရိုးရာစာပေ

L1။ ကျောင်းသား/သူများကို ရပ်ကွက်ရှိ လူများထံတွင် ပဟေဠိများ၊ စကားပုံများ၊ ကဗျာများ နှင့် ပုံပြင်များကို စုဆောင်းဖို့ အားပေးပါ။ ရိုးရာစာပေ သိသည့်လူကြီးများအား မေးမြန်းရန် အားပေးပါ။ ဆရာတွင်စုစည်းထားသော အရာများရှိလျှင် ကျောင်းသား/သူများ စုဆောင်းထားသော စာပေများနှင့် မတူညီသော စာအုပ်အမျိုးအစားများ ပြုလုပ်ပါ။

**ဥပမာ။** ။ ကဗျာစာအုပ်တစ်အုပ်၊ ပဟေဠိစာအုပ်တစ်အုပ်၊ စကားပုံစာအုပ်တစ်အုပ်နှင့် ပုံပြင်စာအုပ်ငယ်များ ပြုလုပ်နိုင်သည်။ ခေါင်းစဉ်နှင့် စာရေးသူများကို အဖုံးပေါ်မှာရေးသားရန်လည်းသတိပေးပါ။ (____အတန်း______ကျောင်း၊ ဘာသာစကား နှင့် ခုနှစ်) ။ ကျောင်းသား/သူများ ဆန္ဒရှိပါက ၎င်းတို့၏ ကိုယ်ပိုင် ကဗျာများ၊ ပဟေဠိများနှင့် စကားပုံများကို L2 ဖြင့် ရေးသားနိုင်သည်။ L1 နှင့် L2။ ကျောင်းသား/သူများကို စာမျက်နှာတစ်မျက်နှာစီနှင့် စာအုပ်မျက်နှာဖုံးအတွက် ပုံများရေးဆွဲဖို့လည်း အားပေးပါ။ စာအုပ်ကို အတန်းထဲတွင် ပြသထားပါ။ ဖြစ်နိုင်ရင်လျှင် မိဘများကို ပေးဖို့ ကျောင်းသား/သူများအတွက် နောက်ထပ် မိတ္တူများကူးပေးထားပါ။

## အနုပညာနှင့် ယဉ်ကျေးမှု

### ဘာသာစကားအမွေအနှစ်

L1။ ရပ်ကွက်တွင်းရှိ ဘာသာစကားများအကြောင်းကို ကျောင်းသား/သူများနှင့် ဆွေးနွေးပါ။ ကျောင်းသား/သူများသည် ရပ်ကွက်တွင်းရှိ ဘာသာစကား ဘယ်နှစ်ခု လောက် သိထားသလဲ။
L1 နှင့် L2။ ဘာသာစကားအမွေအနှစ်သည် ဘာကြောင့် အရေးကြီးသည်ကို ကျောင်းသား/သူများ နားလည်သဘောပေါက်အောင် ကူညီပေးပါ။
(**ဥပမာ။** ။ ဒါဟာ ၎င်းတို့၏ ယဉ်ကျေးမှု အမှတ်အသားကို ဖော်ပြသည်။ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု နှင့် အယူအဆများကို ပြောဆိုရန် နည်းလမ်းတစ်ခုအဖြစ် ပံ့ပိုးပေးသည်။ လူအများ မပြောတဲ့အတွက်လည်း ပျောက်ကွယ်သွားနိုင်ပါသည်။)
L1 နှင့် L2။ ဘာကြောင့် လေ့လာဖို့ အရေးကြီးသည်ကို မေးပါ။ [လွမ်းမိုးမှုရှိသော/နိုင်ငံသုံး/နိုင်ငံတကာသုံး ဘာသာစကား] (ဒါမှလည်း လူမှုအဖွဲ့အစည်းတွင် တစ်စိတ်တစ်ပိုင်းပါဝင်နိုင်သလို၊ အတန်းပညာမှာလည်း ပိုကောင်းအောင်လုပ်နိုင်ပြီး၊ အခြားယဉ်ကျေးမှုကို ခံစားရင်း အနာဂတ်မှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုရလာနိုင်သည်။)
(ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာသာစကား ၂ မျိုး သင်ယူသူတွေဟာ ဘာသာစကားတစ်မျိုးတည်းသာ သင်ယူသူတွေထက် ပိုထက်မြက် တယ်လို့ သုတေသီများက ရှာတွေ့ထားတာကို ဆရာမှထောက်ပြနိုင်သည်) ဆရာက စကားလုံးများ (သို့) စကားစုများကို L2 ဖြင့် မိတ်ဆက်ပေးနိုင်သည်။

### ရိုးရာအနုပညာနှင့် လက်မှုပညာ

L1။ ဒေသထွက်ပစ္စည်းများကိုအသုံးပြု၍ကိုယ်ပိုင်ဂီတတူရိယာများ၊ အဝတ်အစား (သို့မဟုတ်) အခြားလက်မှုပစ္စည်းများ ပြုလုပ်ရန် ရပ်ရွာမှ တစ်ဦးဦးကို ဖိတ်ကြားပါ။
**ဥပမာ။** ။ နို့ဆီဗူးထဲတွင်ကျောက်တုံးများ၊ သစ်သားချောင်းပေါ် ရှိ သံချောင်းများကို တင်းတင်းကြပ်ကြပ် ချည်ထားသောကြိုး စသည် ဖြင့်။ ကျောင်းသား/သူများ ၎င်းတို့၏ တူရိယာများကို ပြုလုပ်ပြီးသည့်အခါ အခြားကျောင်းသားများ ကြည့်ရှုရန် ခင်းကျင်းပြသခိုင်းပါ။ ရပ်ရွာအတွင်းရှိ လူများကိုလည်း ခင်းကျင်းပြသထားသည့် တူရိယာများကို ကြည့်ရှုရန် ဖိတ်ခေါ်ပါ။ ဧည့်သည်များအတွက် ကျောင်းသား/သူများ ၎င်းတို့၏တူရိယာကို တီးမှုတ်ရန် အားပေးပါ။
L1 နှင့် L2။ ကျောင်းသား/သူများအား ၎င်းတို့၏ တူရိယာ/လက်မှုပညာ ဖန်တီးခဲ့ပုံအကြောင်းကိုဖော်ပြထားသည့် လက်စွဲစာအုပ်များ ဖန်တီးခိုင်းပါ။
[ဤလုပ်ဆောင်မှု ကို အောက်ပါအကြောင်းအရာများအတွက်လည်း အသုံးပြုနိုင်သည်။]
1. ရိုးရာအဝတ်အထည်များ ဝတ်ဆင်ရန်၊ အဝတ်အထည်အကြောင်းပြောရန်နှင့် ၎င်းတို့၏အသုံးပြုပုံများကို ဆွေးနွေးရန် ရပ်ရွာအတွင်းရှိ တစ်ဦးဦးကို ဖိတ်ခေါ်ခြင်း။
2. ရပ်ရွာအတွင်းရှိ လက်မှုပညာသည်တစ်ဦးကို ဖိတ်ခေါ် ပြီး ၎င်းတို့ ပြုလုပ်ထားသည့်အရာများကို ရှင်းပြခိုင်းခြင်း၊ အသုံးပြုပုံများကို ပြသခိုင်းခြင်းနှင့် ပစ္စည်းများ၏ သမိုင်းကြောင်းများကို ပြောပြခိုင်းခြင်း။

## ကျန်းမာရေးနှင့် လုံခြုံရေး

### ပစ္စည်းကိရိယာများကို အသုံးပြုခြင်း

ကလေးများအား နေ့စဉ်သုံးပစ္စည်းကိရိယာအချို့ (ဥယျာဉ်စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း စသည့်အရာများအတွက် အသုံးပြုသော) ကို ပြသရန် လူကြီးများကို ဖိတ်ခေါ်ပါ။
L1။ ကလေးများအား ကိရိယာတွေကို ဘယ်လို အသုံးပြုရတယ်ဆိုတာနှင့် အထူးသဖြင့် ကိရိယာတွေကို အသိသတိရှိစွာဖြင့် ဘယ်လိုအသုံးပြုရမလဲဆိုတာကို ဖိတ်ခေါ်ထားသော သူများမှ ရှင်းပြရမည်။
နောက်ပိုင်းမှာတော့ ကလေးတွေက ကိရိယာတွေကို မှားယွင်းစွာ ဘယ်လိုအသုံးပြုနိုင်သလဲဆိုတာကို သရုပ်ပြခိုင်းပါ။ ထို့နောက် ကိရိယာများကို ဘေးကင်းစွာ မည်သို့အသုံးပြုသင့်ကြောင်းပြပါ။
L1 နှင့် L2။ ကျောင်းသား/သူများသည် သရုပ်ပြကွက်များတွင်ကိရိယာများအသုံးပြုပုံနှင့်ပတ်သက် ၍ ကွဲပြားခြားနားချက်များအကြောင်း ပြောဆိုကြမည်။

### ခန္ဓာကိုယ် အစိတ်အပိုင်းများ

ခန္ဓာကိုယ် အစိတ်အပိုင်းများကို သင်ပုန်းပေါ်တွင် ဓာတ်ပုံကပ်၍ (သို့) ပုံဆွဲပြီး ပြထားပါ။
L1။ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ညွှန်ပြပြီး ကလေးများထံမှ အခေါ်အဝေါ်များ ကို မေးပါ။
L2။ L1 မှ ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ အခေါ်အဝေါ်များကို ကျောင်းသားများပြောပြီးနောက် ၊ ၎င်းတို့ကို L2 အခေါ်အဝေါ်ဖြင့် ပြန်ပြောခိုင်းပါ။
L1 နှင့် L2။ အထူးသဖြင့် ခက်ခဲသောစကားလုံးများကို ကျောင်းသား/သူများ မှတ်မိစေဖို့အတွက် ပုံများနှင့် အညွှန်းများကိုပြပြီး လေ့ကျင့်ပါ။

# ကျန်းမာရေးနှင့် လုံခြုံရေး

## ခန္ဓာကိုယ်အစိတ်အပိုင်းများကိုချိတ်ဆက်ခြင်း

ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းများကို ပြန်လည်သုံးသပ်ပြီး အစိတ်အပိုင်း တစ်ခုစီကို ကျောင်းသားများအား ညွှန်ပြခိုင်းပါ။
L1။ "သင့်ခန္ဓာကိုယ်မှာ အစိတ်အပိုင်းတစ်ခုနဲ့တစ်ခုကို ချိတ်ဆက်ထားတဲ့အစိတ်အပိုင်းတွေက ဘာတွေလဲ" လို့ မေးပါ။ (အကြိုအိမ်စာအနေနဲ့ မိဘများ (သို့) အခြားသူများထံမှ မတူညီသော ခန္ဓာကိုယ်ချိတ်ဆက် အစိတ်အပိုင်းများ၏ အခေါ်အဝေါ်များကို L1 ဖြင့် သင်ယူရမည်။)
**ဥပမာ။** ။ ဘယ်အရာက ငါတို့ခြေဖဝါးကို ခြေထောက်နဲ့ ချိတ်ဆက် ထားတာလဲ။ ခြေထောက်အောက်ပိုင်းမှ အပေါ် ပိုင်းသို့။ ခြေထောက်အပေါ် ပိုင်းမှ ခန္ဓာကိုယ် အောက်ပိုင်း သို့။ ခန္ဓာကိုယ်အပေါ် ပိုင်းမှ လက်မောင်းများသို့။ လက်မောင်း အပေါ် ပိုင်းမှ အောက်ပိုင်းသို့။ လက်မောင်း အောက်ပိုင်းမှ လက်သို့။ လက်မှာ လက်ချောင်းများသို့။ ခန္ဓာကိုယ်အပေါ် ပိုင်းမှ ဦးခေါင်းသို့။ စသဖြင့်…
L1 နှင့် L2။ အဖွဲ့တစ်ဖွဲ့စီအား ခန္ဓာကိုယ်အစိတ်အပိုင်းများအား ဆက်စပ်နေသည့်အပိုင်း၏အမည်ကို ရှာဖွေစေပြီး အတန်းသို့ တင်ပြခိုင်းပါ။ တင်ပြတဲ့အခါ အဖွဲ့တစ်ဖွဲ့စီက လှုပ်ရှားမှုဖြင့် သရုပ်ပြစေပြီး အပိုင်း ၂ ပိုင်းနဲ့ ချိတ်ဆက်တဲ့ အပိုင်းကို ပြောပြရမည်။
**ဥပမာ။** ။ "ခြေကျင်းဝတ်သည် ခြေဖဝါးနှင့် ခြေထောက်ကို ချိတ်ဆက်ထားကြောင်း တစ်ယောက်ချင်းစီက ၎င်းတို့၏ ခြေထောက်ကို လှုပ်ပြီး ပြောပြပါစေ။"
မှတ်ချက်။ ကျောင်းသား/သူများ ခန္ဓာကိုယ် အစိတ်အပိုင်း များ ၏ အမည်များကို L2 ဖြင့် ရင်းနှီးလာစေရန်နှင့် ချိတ်ဆက် အစိတ်အပိုင်းများ၏ လုပ်ဆောင်ပုံ အကြောင်း ဆွေးနွေးနိုင်ရန် ဤလုပ်ဆောင်မှု များကို သီတင်းပတ်များစွာသုံးပြီး လုပ်ဆောင်နိုင်သည်။



## စိတ်ခံစားချက်များ

L1။ ကျောင်းသား/သူများအား မတူညီသော စိတ်ခံစားချက်များ ကို သိသမျှ ပြောခိုင်းပါ။ (ပျော်ရွှင်သော၊ ဝမ်းနည်းသော၊ စိတ်ဆိုးသော၊ ပျင်းရိသော၊ မချင့်မရဲဖြစ်သော စသဖြင့်)။
သင်ပုန်းပေါ်မှာ ၎င်းတို့၏စိတ်ခံစားမှုတစ်ခုစီကို L1 ဖြင့် ရေးခိုင်းပါ။
L1 နှင့် L2။ ကလေးများ စိတ်ခံစားမှုတစ်ခုစီအကြောင်း ပြောဖို့ မေးခွန်းများမေးပါ။
အဲဒီခံစားချက် ကို ခံစားဖူးလား။ ဘယ်အချိန်ကလဲ။ (ဝေါဟာရအသစ်များကို L2 ဖြင့် မိတ်ဆက်ပေးပါ။)
စိတ်ခံစားမှုတစ်ခုစီတိုင်း၏မျက်နှာပုံကို ပြသရန် ကျောင်းသားများအား သင်ပုန်းပေါ်တွင် ရေးဆွဲခိုင်းပါ။
ကျောင်းသားတစ်ဦးမှ မတူညီသောစိတ်ခံစားမှုကို ပြသသည့် မျက်နှာမျိုး ပြုလုပ်ခိုင်းပြီး အခြားကျောင်းသားများအား ဘယ်လိုစိတ်ခံစားချက်ဖြစ်မည်ကို မှန်းဆပါစေ။ (L2 ကို အသုံးပြုဖို့ အားပေးပါ။)
L2။ ထို့နောက် ထိုစိတ်ခံစားချက်ကို ခံစားရစေမည့် အခြေအနေများကို ကျောင်းသား/သူများအား ဥပမာပေးခိုင်းပါ။





## လက်ဆေးခြင်း

L1။ တစ်နေ့တာ ကျောင်းသား/သူများ ထိတွေ့တဲ့အရာများကို စဉ်းစားခိုင်းပါ။ ထိုစဉ်းစားထားသော အရာများကို ပြောခိုင်းပါ။ မတူတဲ့အရာများကို ပြောကြတဲ့အခါ "ဘယ်အရာတွေက မသန့်ရှင်းတာလဲ" လို့မေးပါ။ မသန့်ရှင်းတဲ့အရာတွေကို ကျောင်းသားများ က အမည်ခေါ်ရမည်။
ထို့နောက်"ညစ်ပေတဲ့အရာတွေကို တို့ထိမိတဲ့အခါ ဘာဖြစ်သွားသလဲ" လို့မေးပါ။ (လိုအပ်လျှင် ဝေါဟာရများကို L2 ဖြင့် မိတ်ဆက်ပေးပါ)
L1 နှင့် L2။ ညစ်ပေတဲ့အရာတွေကို တို့ထိတဲ့အခါ ရောဂါပိုးတွေဟာ လက်မှာကပ်နေတယ်ဆိုတာ ကျောင်းသား/သူများ နားလည်အောင် ကူညီပေးပါ ။ ထို့နောက် အစားစားတဲ့အခါ လက်မှာရှိတဲ့ အညစ်အကြေး၊ ဖုန်မှုန့် အစရှိတဲ့ မသန့်စင်တဲ့လက်ပေါ်ကအရာတွေက  အစားအစာတွေနဲ့ရောပြီး ကိုယ်ခန္ဓာထဲကို ရောက်သွားပြီး ဖျားနာစေတယ်ဆိုတာနားလည်အောင်ကူညီပေးပါ။ ဖြစ်နိုင်မယ် ဆိုရင် ဖုန်မှုန့် ၊ သဲ (သို့) အုတ်အမှုန့်ကိုသုံးပြီး အဖြူရောင်အထည် (သို့) စက္ကူ ကဲ့သို့အရာတစ်ခုကိုသုံးပြီး၊ (အမှုန်၊ ဖုန်မှုန့်) တွေက လက်တွေနဲ့ မိမိကိုင်ထားတဲ့ အရာဝတ္ထုမှာ ဘယ်လိုကပ်နေလဲဆိုတာကိုသရုပ်ပြပါ။
L2။ အတန်းထဲမှာ သင်ယူခဲ့တဲ့ သင်ခန်းစာကို ပတ်ဝန်းကျင် မှာ ရှိတဲ့ လူတွေကို သင်ပေးဖို့ ပိုစတာတစ်ခုကို ဖန်တီးခိုင်းပါ။
**ဥပမာ။** ။ လက်ကို မသန့်ရှင်းဘူးဆိုရင် ဘာဖြစ်နိုင်သလဲ။

## ဖျားနာခြင်း


L1။ ကျောင်းသား/သူများကို ပတ်ဝန်းကျင်အတွင်း ဖြစ်ပျက်နေသော ဖျားနာမှုများအကြောင်း စဉ်းစားခိုင်းပါ။ ကျောင်းသား/သူများ L1မှ ရောဂါနှင့်ဆိုင်သောစကားလုံးများ ကို မသိလျှင် ပြန်လည်ပြောပြပြီး ထပ်ခါထပ်ခါ ဆိုခိုင်းပါ။ သင်ပုန်းပေါ်တွင် မသိသောစကားလုံးအသစ်များကိုရေးချပါ။
L1 နှင့် L2။ ရောဂါဖြစ်စေနိုင်သောအကြောင်းအရာများ၊ ရောဂါဖြစ်ရင်ဘာလုပ်နိုင်သလဲ စသည့်မေးခွန်းများကို မေးပါ။ (L2 ဥပမာများမှ စကားလုံးအချို့ကို မိတ်ဆက်ပေးပါ၊)
**ဥပမာ။** ။ အနားယူခြင်း၊ သန့်ရှင်းသော ရေကိုသောက်သုံးခြင်း၊ ကျန်းမာရေးစင်တာကို သွားခြင်း၊ ညွှန်းကြားချက်အတိုင်း ဆေးသောက်ခြင်း။ထို့နောက် ကျောင်းသား/သူများအား နေမကောင်း ဖြစ်သူတစ်ဦးအား မည်သို့ကူညီစောင့်ရှောက်နိုင်သည် ဆိုသည့် ဇာတ်လမ်းတို ပြုလုပ်ခိုင်းပါ။ အဖွဲ့များတွင် အချို့ကျောင်းသား/သူများကို ဖျားနားသူ၊ ဆရာဝန်၊ ပြုစုစောင့်ရှောက်သူများအဖြစ် တာဝန်ပေးပါ။ ဇာတ်လမ်းတိုတွင် ဖျားနာသောသူများသည် ဆရာဝန်ဆီလာရောက်၍ မိမိတို့၏ ရောဂါများကို ပြောပြပြီး ၊ ကျန်းမာရေးအကြံပြုချက်များ မေးမြန်းကြမည်။ ပရိသတ်များ ဇာတ်လမ်းတိုတစ်ခုစီကို ကြည့်ရှုနေစဉ်  အကြံဉာဏ်ပေးချက်များ သင့်တော်၊မတော်နှင့် ခက်ခဲသောစကားလုံးများကို နားလည်၊မလည်စစ်ဆေးရန် မေးခွန်းများမေးပါ။



# ပတ်ဝန်းကျင်

## အိမ်မွေးတိရိစ္ဆာန်များအကြောင်း

L1။ ကျောင်းသား/သူများအား ၎င်းတို့ရပ်ကွက်ရှိ အိမ်မွေး တိရစ္ဆာန် အားလုံး၏ အမည်များနှင့် ထိုတိရိစ္ဆာန်များ၏ အကျိုးပြုပုံကို ပြောခိုင်းပါ။
ဥပမာ။ ။ နွားက ကျွန်တော်တို့ကို နို့ပေးတယ်။ ဆရာ/ဆရာမမှ အိမ်မွေးတိရစ္ဆာန်များ ပါဝင်သော ရုပ်ပုံကားချပ် အကြီးရှိလျှင် ကျောင်းသားများကို ပြပြီး ပုံထဲက ဘယ်တိရိစ္ဆာန်တွေက ရပ်ရွာထဲမှာရှိသလဲ ဆိုတာ မေးမြန်းပါ။
L2။ အိမ်မွေးတိရစ္ဆာန်များ၏အမည်များကို ပြန်လည် ပြောပါစေ။
L1 နှင့် L2။ အိမ်မွေးတိရိစ္ဆာန်များ ၏အကျိုးပြုပုံ၊ လူသားတို့ အတွက် ထုတ်လုပ်ပေးသည့် အရာများကိုစဉ်းစားခိုင်းပါ။
တိရိစ္ဆာန်များကိုအသုံးပြုသည့်နည်းလမ်းများကို သင်ပုန်း ပေါ်တွင် ရုပ်ပုံဆွဲခိုင်း၍ဖြစ်စေ၊ ရုပ်ပုံကားချပ်ကိုကြည့်၍ အသုံးပြုပုံများကို ပြောခိုင်းခြင်းဖြင့်ဖြစ်စေ ကျောင်းသား များအား မေးမြန်းပါ။ အချိန်ရလျှင်ကျောင်းသားများအား ၎င်းတို့နှစ်သက်ရာ အိမ်မွေးတိရိစ္ဆာန်ပုံကို စာအုပ်ထဲတွင် ဆွဲကာ၊ ၎င်းတို့၏ အကျိုးပြုပုံ၊လူသားများအတွက် ထုတ်လုပ်ပေးသည့်အရာများကို ဖော်ပြချက် အဖြစ် ရေးသားခိုင်းပါ။
နောက်သင်ခန်းစာအချိန်တွင်ကျောင်းသားများအားအဖွဲ့များခွဲကာ အိမ်မွေးတိရိစ္ဆာန် တစ်ကောင်စီ ၏အမည်များပေးပါ။ ရရှိသောတိရိစ္ဆာန် အမည်ပေါ်မူတည်၍ ၎င်းတို့ကိုဘယ်လိုဂရုစိုက်သလဲ၊ဘယ်နေရာမှာအသုံးပြုသလဲ စသဖြင့်ပြဇာတ်သဖွယ်ပြသနိုင်ရန် စီစဉ်ရာတွင် အချိန်ပေးပါ။
အခြားအဖွဲ့မှမည်သည့်တိရိစ္ဆာန်လဲဆိုတာခန့်မှန်းရမည်။



## အစာအရင်းအမြစ်

L1။ အဖွဲ့များကို ၎င်းတို့ စားသည့် အစားအစာများ အကြောင်းနှင့် ထိုအစားအစာ ဘယ်မှရသည်ကို စဉ်းစားပါစေ။ အောက်ပါမေးခွန်းများကို မေးနိုင်သည်။

- တိရစ္ဆာန်များ (ဘယ်တိရစ္ဆာန်တွေက လူသားတွေကို အစာပေးသလဲ။ ဘယ်လိုအစားအစာတွေ ပေးသလဲ။)
- မိသားစုဥယျာဉ်များ (မိသားစုတွေက ဥယျာဉ်ထဲမှာ ဘယ်လိုအစားအစာတွေ စိုက်ပျိုးကြသလဲ။)
- အခြားအပင်များ (တခြားဘယ်အပင်တွေကို စားကြသလဲ၊ ဘယ်မှာရနိုင်လဲ။)
- စတိုးဆိုင် (မိသားစုက စတိုးဆိုင်/ဈေးမှာ ဘာအစားအစာတွေ ဝယ်ကြလဲ။)

အဖွဲ့များ တွေးဆပြောဆိုနေချိန်တွင် သင်ပုန်းပေါ်တွင် ရိုးရှင်းသောပုံ ၄ ပုံဆွဲပါ - နွား (သို့) ကျောင်းသားများစားသည့် အခြားတိရစ္ဆာန်၊ ဥယျာဉ်တစ်ခု၊ သီးပင်နှင့် စတိုးဆိုင်/ဈေး။ (သင်ကြားနေစဉ် တိရစ္ဆာန် အမည်၊ အစားအစာအမည် စကားလုံးများကို L2 ဖြင့် မိတ်ဆက်ပေးပါ။)
L1 နှင့် L2။ အဖွဲ့များ အဆင်သင့်ဖြစ်လျှင် ပထမပုံကို ညွှန်းပြပြီး ဒီတိရိစ္ဆာန်ဆီကနေဘယ်လို အစားအစာတွေ ရရှိပါသလဲ။ ကျန်အစားအစာ အမျိုးအစားသုံးမျိုးကိုလည်း ဤအတိုင်း ပြုလုပ်ပါစေ။
L2။ အဖွဲ့တစ်ဖွဲ့ချင်းစီက စဉ်းစားထားသော တိရိစ္ဆာန်များ (သို့)အစားအစာအရင်းအမြစ်နှင့်ရရှိသောအစားအစာများကိုပြောခွင့်ရပါစေ။
ကျောင်းသား/သူများကို အစားအစာ အမျိုးအစားတစ်ခုချင်းစီ၏ ပုံကို သင်ပုန်းပေါ်မှာ ဆွဲခိုင်းပါ။



## ရာသီဥတု

သင်ပုန်း၏အလယ်တည့်တည့်ကို မျဉ်းတစ်ကြောင်း ဆွဲလိုက်ပါ။ တစ်ဖက်မှာ အိမ်များ၊ အပင်များ နှင့် တောက်ပသောနေတစင်းပုံကို ပြသထားပါ။
အခြားတစ်ဖက်မှာ အိမ်များ၊ အပင်များ နှင့် တိမ်ထူပြီး မိုးရွာနေသည့်ပုံကို ပြသထားပါ။
L1 နှင့် L2။ ပုံနှစ်ပုံ၏ ရာသီဥတု ကွဲပြားခြားနားချက်များကို ကလေးများအား ဖော်ပြခိုင်းပါ။
L2။ နေသာသည့်နေ့များတွင် ကျောင်းသားများလုပ်သည့်အရာများကို ပြောခိုင်းပါ။ ထို့နောက် မိုးရွာသောနေ့များတွင် ကျောင်းသားများ လုပ်သည့်အရာများကို ပြောခိုင်းပါ။ ကျောင်းသား/သူတွေအားလုံး ၎င်းတို့၏ စိတ်ကူးများကိုမျှဝေနိုင်ရန် တတ်နိုင်သလောက် ကျောင်းသားများများကိုမေးပါ။ (L2 ၏ အသုံးအနှုန်းများကို ဘယ်လိုပြောရသလဲ မသိပါက ဆရာက ကလေးများအား ကူညီနိုင်ပါသည်။
**ဥပမာ။** ။ အဝတ်လျှော်ခြင်း၊ ငါးခြောက်လှမ်းခြင်း။
အချိန်ရပါက၊ ပုံတစ်ပုံ ဆွဲစေပြီး၊ ဤပုံတွင် ၎င်းတို့ကြိုက်နှစ်သက်သော ရာသီဥတုနှင့် ဤရာသီဥတုတွင် မိမိတို့ လုပ်ဆောင်သောအရာတွေကိုဖော်ပြခိုင်းပါ။



## ပတ်ဝန်းကျင်

### အမှိုက်များကိုစွန့်ပစ်ခြင်း

ဘာတွေလဲဆိုတာမသိအောင် ဖြစ်နိုင်ရင် ဟောင်းနွမ်းပြီး အနံ့အသက်ဆိုးတဲ့ အမှိုက်အချို့ကို မမြင်နိုင်တဲ့ ဖူးထဲတွင် ထည့်ပြီး အတန်းသို့ ယူလာပါ၊ မွေးကြိုင်တဲ့ ပန်းလေးတွေ (သို့) အနံ့ကောင်း တဲ့ သဘာဝပစ္စည်းတွေကိုလည်း ယူဆောင်လာပေးပါ။

L1။ ကျောင်းသား/သူများအား အပြင်မှာ မြင်နေရတဲ့ ကြည့်ကောင်းပြီးအနံ့အသက်ကောင်းသည့်အရာတွေ အကြောင်းကို မေးပါ (ပန်းများ၊ အပင်များ၊ မြက်၊ လေ) ။

အပင်နှင့်မြက်ပါရှိသည့် လှပသောရှုခင်းပုံတစ်ပုံကို သင်ပုန်းပေါ်တွင် ရေးဆွဲပါ။ ပန်းကို အခန်းအနှံ့သယ်သွားပြီး အနံ့ကြိုက်လားလို့ ကလေးတွေကို မေးပါ။ ကျောင်းသားများအားမျက်စိမှိတ်ခိုင်းပြီး သင်ပုန်းပေါ်တွင် ဆွဲထားသောအပုံကို မြင်ယောင်ခိုင်းပါ။ ထိုအချိန်တွင် အမှိုက်ဖူးကိုဖွင့်ပါ။ ပန်းအနံ့ကိုကြိုက်လား၊ အမှိုက်နံ့ကိုကြိုက်လား၊ ဘယ်အနံ့ကိုပိုကြိုက်လဲဆိုတာမေးပါ။

L1 နှင့် L2။ ဤဥပမာကိုယူပြီး အမှိုက်ပစ်ခြင်း အကြောင်းကိုပြောပါ။ဘာကြောင့်အန္တရာယ်ရှိသလဲ၊ ပတ်ဝန်းကျင်ကို ဘယ်လို အနှောင့်အယှက်ဖြစ်စေသလဲ။ (ယင်ကောင်များ စေတယ်၊ရောဂါဖြစ်စေတယ်)။ အမှိုက်စွန့်ပစ်ခြင်း ကကျွန်ုပ်တို့နှင့်ပတ်ဝန်းကျင်အတွက်ဘာကြောင့်မကောင်းလဲဆိုသည့် ဆွေးနွေးမှုကို လမ်းညွှန်ပေးရန် စကားလုံးများကို L2 ဖြင့် မိတ်ဆက် ပေးပါ။

L1 နှင့် L2။ နောက်သင်ခန်းစာတွင် အမှိုက်သရိုက် လျော့နည်း အောင် ရွာအတွင်းရှိလူများ မည်သို့လုပ်ဆောင် နိုင်ကြောင်း ကို ကျောင်းသား/သူများအား ဆွေးနွေးခိုင်းပါ။



### ROCK & ROLL

ဤသင်ခန်းစာမတိုင်ခင် ရက်များတွင် ဆရာနှင့်ကျောင်းသား/သူများ အတန်း သို့ ကျောက်တုံးများ ယူလာပါ။ ကျောက်တုံး အကြီး၊ အသေး အရွယ် စုံရှိပါစေ။ မြေ (သို့) ရွှံ့၊ ရေ၊ တုတ်ချောင်း၊ မြက်ရှည် အချို့ကိုလည်း ယူလာပါ။ရေကို မြေ (သို့) ရွှံ့ဖြင့် ရော မွှေပါ။ အဖွဲ့များဖွဲ့ပြီး ကျောက်တုံးများ (ရောနှောထားသော အရွယ်အစား) ကို အဖွဲ့ အားလုံးအလိုက် ခွဲဝေပါ။

L1။ ကျောင်းသား/သူများကို ကျောက်တုံးများအကြောင်း စဉ်းစားခိုင်းပါ။ ကျောက်တုံးများက ကောင်းလား မကောင်းဘူးလား။ကျွန်ုပ်တော်တို့၏ နေ့စဉ်ဘဝတွင် ကျောက်တုံးများကို ဘယ်လို အသုံးပြုသလဲ။

L1 နှင့် L2။ ကျောင်းသား/သူများအား ကျောက်တုံးများဖြင့် တစ်ခုခု ဆောက်လုပ်စေချင်ကြောင်း ပြောပြပါ။ အဖွဲ့တစ်ဖွဲ့စီကို ကျောက်တုံးများနှင့်ရွှံ့များကို ပြပါ။ ကျောက်တုံးနှင့်ရွှံ့ကို အသုံးပြုပြီး အိမ်နံရံများဆောက်လုပ်နိုင်ကြောင်း ပြောပြပါ။ တုတ်ချောင်းနှင့်မြက်ရှည်များကို အိမ်ခေါင်မိုးအတွက် အသုံးပြုနိုင်ကြောင်း ပြောပြပါ။ (သင်ကြားနေစဉ် လိုအပ်သော စကားလုံးများကို L2 ဖြင့် မိတ်ဆက်ပါ) ကျောင်းသားအားလုံး သေချာပါဝင်စေရန် ကျောင်းသားများ လုပ်ဆောင်နေစဉ် အခန်းကို လှည့်ပတ်ကြည့်ပါ။ (မှတ်ချက်-အကယ်၍ ယောကျ်ားလေးများသာလုပ်နေပြီး မိန်းကလေး များ ပါဝင်မှုမရှိပါက ယောကျ်ားလေးအဖွဲ့သီးသန့် မိန်းကလေး သီးသန့် အဖွဲ့များ ဖွဲ့ပေးပါ။)

အပြင်ဘက် (သို့) အခန်းထောင့်တစ်နေရာတွင် ဆောက်လုပ်စေပြီး ကျောင်းသားများ၏ "အိမ်များ" ကို ခြောက်သွေ့စေရန် အပြင်ဘက်တွင် ထားခဲ့ခိုင်းပါ။ အားလုံး ဆောက်လုပ်ပြီးသွားသည့် အခါ အခြားသူတွေ ဆောက်လုပ်ခဲ့သောအရာများကို လှည့်ပတ် ကြည့်ရှုပါစေ။



## သိပ္ပံ

### ရူပဗေဒ။ ။အားနှင့် အားစိုက်ထုတ်ခြင်း

L1။ အရွယ်အစားနဲ့ အလေးချိန်အမျိုးမျိုးရှိတဲ့ အရာဝတ္ထုတွေကို အတန်းထဲသို့ယူဆောင်လာပါ။ ကျောင်းသားတစ်ယောက် (သို့) နှစ်ယောက်ကို စားပွဲ၊ ကုလားထိုင် (သို့) ခုံတန်းလို အရာဝတ္ထုတစ်ခုကို ဆွဲတာ (သို့) တွန်းခိုင်းပါ။ (လိုအပ်သော စကားလုံးများနှင့် စကားစုများကို L2 ဖြင့်မိတ်ဆက်ပေးပါ)

ဥပမာ။ တည်နေရာ၊ ဦးတည်ရာအရပ်၊ အရာဝတ္ထု အပေါ် ကိုအားသက်ရောက်မှုရှိပုံ စသဖြင့်. အရာဝတ္ထု ဘယ်လို ရွေ့သလဲ ဆိုတာမေးပါ။

L1 နှင့် L2။ ကျောင်းသား/သူများကို နေရာကျယ်တစ်ခုဆီ ခေါ်လာပါ။ အတွဲလိုက် အရာဝတ္ထုတွေကို အကွာအဝေး တစ်ခုအထိ ရွှေ့အောင် လက်တွေ့လုပ်ဆောင်ခိုင်းပါ။

အရာဝတ္ထုအနေအထား ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ ကျောင်းသား/သူများကို မှတ်တမ်းတင်ခိုင်းပါ၊ အချိန် ဘယ်လောက်ကြာလဲ၊ဖြစ်နိုင်လျှင်အရာဝတ္ထုရဲ့အလေးချိန်ကိုပါ မှတ်တမ်းတင်ခိုင်းပါ။အရာဝတ္ထုတစ်ခုစီရဲ့ အနေအထား ဘယ်လို ပြောင်းသွားလဲ၊ အရာဝတ္ထုရွှေ့ဖို့ လိုအပ်တဲ့ အားပမာဏ ကို နှိုင်းယှဉ်ရန် ကျောင်းသားများ အတွက် အထောက်အကူ ပြုစေမယ့် စကားစုများ၊ မေးခွန်းများမေးပါ။



### ဇီဝဗေဒ။ ။ မျိုးစေ့ ပုံဆွဲခြင်း။

ကလေးများကို ကျောင်းပတ်ဝန်းကျင်အတွင်း ခေါ်သွားပြီး အပင်အသစ်များရှာဖွေကာ၊ မျိုးစေ့တချို့ကိုပြန်ယူလာခိုင်းပါ။ မဖြစ်နိုင်ပါက သစ်သီး (သို့) သစ်ပင်များမှ အစေ့အချို့ကို ကြိုတင်ပြင်ဆင်ပြီး စာသင်ခန်းသို့ ယူဆောင်လာပါ။

L1 နှင့် L2။ အပင်များ၏ အစေ့များပြန့်လွင့်နိုင်စေသည့် နည်းလမ်းများကိုသုံးသပ်ပါစေ။ ဥပမာ။ လေ၊ရေ နှင့် တိရစ္ဆာန် အစရှိသည်ကြောင့်။ (တချို့သော စကားလုံးများ၊ စကားစုများကို ဆရာမှ L2 အသုံးပြုပြီး မိတ်ဆက်ပေးပါ။) ကျောင်းသား/သူများကို စိတ်ကူးနှင့် လေ့လာရေးခရီး ထွက်ခိုင်းပြီး အပင်အသစ်တစ်မျိုးမျိုး ကို ရှာဖွေတွေ့ရှိတယ် ဆိုပါစို့။ အုပ်စုများခွဲကာ ၎င်းတို့၏ အပင်ပုံနှင့် ထိုအပင်၏ အစေ့ပုံကို ပုံကြီးချဲ့ထားသော ပုံရိပ်မျိုးဖြင့် ဆွဲခိုင်းပါ။

L2။ ကျောင်းသားများ၏အပင်များကို နာမည်ပေးစေပြီး ထိုအပင် များ၏မျိုးစေ့များ ဘယ်လို ပြန့်လွင့်ကြောင်း ကိုမေးမြန်းပါ။ ထို့နောက် အဖွဲ့လိုက်အတန်းကို ပြန်လည်တင်ပြခိုင်းပါ။



# သိပ္ပံ


## ရူပဗေဒ။ ။ဖိအားကိုခံစားခြင်း

အဖွဲ့တစ်ခုစီအတွက် အောက်ခြေမှာ အပေါက်ငယ်လေးပါတဲ့
ပလတ်စတစ် ပုလင်းတွေကို ပြင်ဆင်ပါ။ ပုံတွင်ပြထားသည့်
အတိုင်း ပုလင်းထဲတွင် ပူဖောင်းတစ်လုံး ထည့်ပြီး ပူဖောင်း၏
အပေါက်ကို ပုလင်းထိပ်ပေါ်တွင် ဖြန့်ထားပါ။

L1။ လေထုဖိအားရဲ့ အဓိပ္ပါယ်က ဘာလဲဆိုတာ ကျောင်းသား/သူ
များ ကို မေးပါ။ အုပ်စုငယ်လေးတွေခွဲပြီး အပေါက်ပါတဲ့
ပုလင်းတစ်လုံး နဲ့ ပူဖောင်းတစ်ခုကို ပေးပါ။ ကျောင်းသား/သူများ
လက်မနဲ့ အပေါက်ကို ပိတ်ထားပြီး ပူဖောင်းကို လေဖောင်းအောင်
လုပ်ရမည်လို့ပြောပါ။ ကျောင်းသား/သူ များ စမ်းသပ်မှုများ ကို
ပြုလုပ်နေစဉ် ဆရာမှ လှည့်လည်ကြည့်ရှုနိုင်သည်။

L1 နှင့် L2။ အဖွဲ့တိုင်းကို ပူဖောင်း လေဖောင်းဖို့ ဘာလုပ်ခဲ့သလဲလို့
မေးပါ။ ပုလင်းမှာအပေါက်မပါရင် ဘောလုံးကိုလေဖောင်းအောင်
ဘာလို့လုပ်ဖို့မလွယ်ကြောင်းကိုမေးပါ။ ပုလင်းအပေါက်မှ လက်မ
ကိုဖယ်ထုတ်လိုက်တဲ့အခါဘာဖြစ်သွားနိုင်သလဲ။ကျောင်းသား/သူ
များပူဖောင်းကိုဖောင်းအောင်
လုပ်ပြီး သော အခါ လက်မ ဖြင့် နောက်တစ်ခါ အပေါက်ကို
ထပ်မံ ပိတ်ခိုင်း ကြည့်ပါ၊ ပြီးနောက် ပူဖောင်း
ဖောင်းနေသေးသလား ဆိုတာကို ကြည့်ခိုင်းပါ။
လေဖိအားအယူအဆကို ရှင်းပြပါ။
လေထုဖိအားနှင့်ပတ်သက်သည့် နေ့စဉ်ဘဝမှဥပမာအချို့ကို
ကျောင်းသား/သူများ အား စဉ်းစားခိုင်းပါ။ ( ဆရာမှ စကားလုံး
တချို့ (သို့) စကားစုတချို့ကို L2 ဖြင့် မိတ်ဆက်ပေးနိုင်ပါသည်)

L2။ လေထုဖိအားပုံ ဥပမာတစ်ခုကို ရွေးချယ်ပြီး၊
ကျောင်းသား/သူများအား ပုံဆွဲခိုင်းပါ။ ဘယ်လို
အလုပ်လုပ်တယ်ဆိုတာ ကျောင်းသား/သူများ ရေးရမည်။



## ဓါတုဗေဒ။ ။ဓါတ်ပြောင်းလဲခြင်း

ယခုသင်ခန်းစာမတိုင်ခင် တစ်ပတ်အလိုမှာပင် ဖန်ပုလင်းနှစ်လုံး ကို
ပြင်ဆင်ပါ။ ပုလင်းတစ်ခု၏အတွင်းတွင် သံချောင်းတချို့ ထည့်ပြီး ၊
နောက်တစ်ပုလင်းတွင် သံချောင်းအချို့နှင့် ရေဖြည့်ထားပါ။
ကျောင်းသား/သူတွေကို ပုလင်းနှစ်လုံးပြပါ။

L1။ ပုလင်းနှစ်လုံးနဲ့ပတ်သက်ပြီး တွေ့ရှိချက်တွေကို
မှတ်သားခိုင်းပါ။ ဥပမာ။ သံချောင်းရဲ့ အရောင်က ဘာလဲ။
ရေအရောင်ကကောဘယ်လိုလဲ။

L1 နှင့် L2။ ဆရာက မေးခွန်းတချို့နဲ့ ဆွေးနွေးမှုကို ဦးဆောင်ပါ။
**ဥပမာ။** ။သံချောင်းက ဘယ်လိုအနံ့ရှိသလဲ။ ကိုင်ကြည့်ရင်
ဘယ်လိုကွာခြားမှုရှိသလဲ။ ရေပါတဲ့ ပုလင်းထဲက သံချောင်းတွေ
ဟာ အရင်က ဘယ်လိုပုံစံမျိုးရှိတယ်လို့ ထင်ကြသလဲ။
ဘာ ကြောင့် ပြောင်းလဲ ခဲ့ တာ လဲ ။ ဘယ်အရာက သံချောင်းတွေ
ကို သံချေးတက်စေခဲ့တာလဲ။ (အချို့သောစကားလုံးတွေကို L2 နဲ့
မသိရင် ဆရာက ကူညီပေးနိုင်ပါတယ်)
ဓာတုပြောင်းလဲမှု သဘောတရားကို မိတ်ဆက်ပေးပါ။

L2။ အတွဲလိုက်ဓာတုပြောင်းအလဲမှုများ ပါဝင်သည့် နေ့စဉ်ဘဝမှ
ဖြစ်စဉ်များကို ဇယားကွက်တစ်ခုဖန်တီးပြီး စာရင်းပြုစုခိုင်းပါ။
**ဥပမာ။** ။ထင်းမီးလောင်ခြင်း၊ ထမင်း ချက်ခြင်း။

## ဓါတုဗေဒ။ ။သဲ၊ရေ နှင့် အပူချိန်

L1။ သဲ နှင့် ရေ ဘယ်တစ်ခုက အပူချိန်တက်မြန်သလဲလို့
ကျောင်းသား/သူများကို မေးကြည့်ပါ။
အပူချိန် ပြောင်းလဲခြင်းတွင် ခြားနားချက် ရှိပါသလား။
ဘယ်တစ်ခုက အအေးမြန်ပါသလဲ။
ကျောင်းသား/သူများကို အတန်းအပြင်ခေါ်သွားပါ။ တူညီသော
အရွယ်အစား ရှိတဲ့ လင်ဗန်းနှစ်ခု ထားပါ။ ကူညီချင်တဲ့ သူတစ်ဦးကို
ခေါ်  ပြီး သဲနှင့် ရေကို တစ်ဗန်းဆီဖြည့်ခိုင်းပါ။ လင်ဗန်းတစ်ခုဆီမှ
သဲနှင့်ရေအပူချိန် သာမိုမီတာကိုအသုံးပြုပြီးတိုင်းတာပါ
(နေအောက်တွင် ထားပါ)။ ကျောင်းသားများက
သဲနှင့်ရေ၏အပူချိန်ကို ၁၀မိနစ်အတွင်း ၁ မိနစ် ကြာတစ်ခါ
တိုင်းတာပြီး ဇယားကွက်တွင် မှတ်တမ်းတင်ရမည်။

L1 နှင့် L2။ စမ်းသပ်မှုကို အတန်းနှင့်ဆွေးနွေးပါ။ ဘယ်တစ်ခုက
အပူချိန်တိုးတာမြန်ပါသလဲ။ ဘာကြောင့်လဲ။
ကျောင်းသား/သူများ၏ နားလည်မှုအဆင့်အရ သဲ၏မော်လီကျူး
များ သည် ရေထက် ပို၍မဲသောကြောင့် သဲသည်နေ၏
အလင်းရောင် ကို ပို၍စုပ်ယူသည်။ထို့ကြောင့် မြေပြင်တွင်
နေ့အချိန် တွင် အပူချိန် ပို၍မြင့်မားသည်။ L2 ဖြင့် အချို့သော
စကားလုံးများကို ဆရာမှ မိတ်ဆက်ပေးနိုင်သည်။
လင်ဗန်းနှစ်ခု ကို အရိပ်(သို့) စာသင်ခန်းထဲ ပြန်ယူလာပါ။ ထို့နောက်
လင်ဗန်းထဲက သဲနဲ့ရေရဲ့ အပူချိန်ကို ၁၀မိနစ်အတွင်း ၁မိနစ်ကြာ
တစ်ခါ ကျောင်းသား/သူတွေကို အလှည့်ကျ တိုင်းတာခိုင်းပါ။
အပူချိန်ပြောင်းလဲမှုကို မှတ်တမ်းတင်ထားဖို့ သတိပေးပါ။

L2။ အိမ်စာအနေဖြင့် သဲနှင့်ရေရဲ့ အပူချိန် ပြောင်းလဲမှုတွေကို
ပြသတဲ့ ဂရပ်တစ်ခုဖန်တီးခိုင်းပါ။

## လှိုင်ဂူ ဂိမ်း။ ။ အပေါင်းနှင့် အနုတ်

ကြမ်းပြင် (သို့) စားပွဲပေါ်မှာ အရာဝတ္ထု ၅ ခု ချထားပါ။
L1။ လက်တစ်ဖက်ကို "လိုဏ်ဂူ" ပုံစံလုပ်ပြီး ဇာတ်လမ်းတစ်ပုဒ် ပြင်ဆင်ပါ။ ဥပမာ၊ "သိုး ၅ ကောင်ကို မြင်ရတယ်။ နှစ်ကောင် လိုဏ်ဂူထဲ ဝင်သွားတယ်"။ [အောက်မှာရှိတဲ့ အရာဝတ္ထုတွေ ထဲက နှစ်ခုကို "လက်လိုဏ်ဂူ" အောက်ကိုရွှေ့ပါ။] "အပြင်မှာ ဘယ်နှစ်ကောင် ကျန်သလဲ"။ အခြားပုံပြင်များ၊ အရေအတွက်များ နှင့် စမ်းကြည့်ပါ ။ (L2 မှာ မတူညီတဲ့ ပုံပြင်တွေကို ပြောပြပြီး စမ်းကြည့်ပါ)
L1 နှင့် L2။ ထို့နောက် ကျောင်းသား/သူများအား အခြားပေါင်းစပ်မှုအမျိုးမျိုးကို လုပ်ဆောင်ရန် အတွဲများတွဲပေးပြီး စမ်းကြည့်ပါစေ။
နောက်ဆက်တွဲအနေနှင့် "လိုဏ်ဂူအပြင်ဘက်မှာ သိုးသုံးကောင်နဲ့ အတွင်းမှာနှစ်ကောင်ရှိတယ် (ပြပါ)။
အားလုံးပေါင်းဘယ်နှစ်ကောင်ရှိပါသလဲ။ (ဝမ်းဒါဂျန်းနင်း မှ)




## ပစ္စည်းများကိုအသုံးပြု၍ ဧရိယာကို ခန့်မှန်းခြင်း

အဖွဲ့များသည် စာအုပ်တစ်အုပ်၏မျက်နှာပြင်ကို အရာဝတ္ထုငယ်များဖြင့် ဖုံးအုပ်ရန် အတူတကွလုပ်ဆောင် ကြမည်။

- အဖွဲ့ ၁ဖွဲ့က ကျောက်ခဲတွေကို သုံးမည်။
- အဖွဲ့ ၁ဖွဲ့က သစ်ရွက်တွေကို သုံးမည်။
- အဖွဲ့ ၁ဖွဲ့က စက္ကူစတုရန်းလေးတွေကို အသုံးပြုမည်။

L1။ ထို့နောက် အဖွဲ့တစ်ဖွဲ့စီသည် စာအုပ်ကိုဖုံးရန် အသုံးပြုသည့် မတူညီသည့်အရာများကို ယူဆောင်လာပြီး ထိုအရာဝတ္ထုများအား ရေတွက်၍ လိုအပ်သည့် အရေအတွက်များအား နှိုင်းယှဉ်ပါ။ (လိုအပ်သလို L2 ဖြင့် နံပါတ်၊ အရာဝတ္ထုများ (သို့) အယူအဆများကို မိတ်ဆက်ပေးပါ)
L1 နှင့် L2။ အသုံးပြုခဲ့သည့် အရာဝတ္ထုအရေအတွက် နှင့် ပစ္စည်း၏ဧရိယာ ဆက်နွယ်မှုကိုစဉ်းစားစေသည့် မေးခွန်းများကို မေးပါ။

**ဥပမာ။ ။**မှတ်စုစာအုပ်တစ်အုပ်ကို ဖုံးဖို့ သစ်ရွက် ဘယ်နှစ်ရွက်လိုပါသလဲ။ သင်္ချာပုံနှိပ်စာအုပ်၏မျက်နှာပြင် ကိုဖုံးနိုင်ရန် စတုရန်းပုံစာရွက်အပိုင်းအစ ဘယ်လောက်လိုသလဲ။



## စုဆောင်းပြီး စီရီခြင်း

ကျောင်းသား/သူများကိုပတ်ဝန်းကျင်သို့ သွားပြီး ကျောက်စရစ်၊ အစေ့၊ အလုံး၊ ပုံး၊ ပုလင်း၊ တုတ်ချောင်းငယ်၊ ပိုက်၊ ပန်းပွင့်များ ၊ သစ်ရွက်များ၊ စတုရန်းပုံ၊ ထောင့်မှန်စတုဂံပုံ၊ တြိဂံပုံ၊ ဆလင်ဒါပုံ အစရှိသော နှစ်ဖက်မြင်ပုံစံငယ်များ ကိုစုဆောင်းခိုင်းပါ။
မတူတဲ့ အရာဝတ္ထုတွေကို ယူလာခိုင်းပါ။ အနည်းဆုံး အရာဝတ္ထု အမျိုးအစား တစ်မျိုးကို နှစ်ခု (သို့) သုံးခု ယူလာခိုင်းပါ။
**ဥပမာ။ ။**အရွယ်တူ (သို့) အရောင်တူသော ကျောက်တုံးငယ်နှစ်လုံး (သို့) သုံးလုံး ၊ အရှည်တူညီတဲ့ တုတ်ချောင်း နှစ်ချောင်း (သို့) သုံးချောင်း ကို ရှာခိုင်းပါ။ ရှာဖွေထားသောအရာများထည့်ရန် ပုံးတစ်ခုကိုလည်းရှာခိုင်းပါ။ ပတ်ဝန်းကျင်တွင် ပစ္စည်းများထည့်လေ့ရှိသောဘယ်လိုပုံးမျိုးမဆို။
**ဥပမာ။ ။** ပုံးတစ်ခု၊ ကတ်ထူဘူး၊ လွယ်အိတ်။ (မရှိလျှင် ဆရာက အဖွဲ့တစ်ခုစီအတွက် ပြင်ဆင်ပေးနိုင်သည်။)
L1 နှင့် L2။ အရာဝတ္ထုတွေကို နည်းအမျိုးမျိုးနဲ့ ဘယ်လို စီရမလဲဆိုတာ သရုပ်ပြပါ။ ဥပမာ။ အလေးချိန်၊ အရွယ်အစား၊ အရောင်အားဖြင့်။ (နမူနာပြရင်း အရေးကြီးတဲ့ စကားလုံးတွေကို ဘာသာပြန်ပေးပါ။)
အဲဒီနောက် ကျောင်းသား/သူများကို အတွဲလိုက် (သို့) အုပ်စုငယ်များနှင့် ရှာဖွေထားသောပစ္စည်းများဖြင့် အလားတူလုပ်ဆောင်ခိုင်းပါ။



## လှုပ်ရှားမှုလမ်းညွှန်ချက်

ယခင်အတန်းမှ လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ပါ (ယခင်သင်ခန်းစာတွင် မသင်ကြားခဲ့ရသေးလျှင် လမ်းညွှန်ချက်နှင့် တည်နေရာ စကားလုံးများကို L2 ဖြင့် မိတ်ဆက်လေ့ကျင့်ပေးပါ။)
L1။ ကျောင်းသား/သူ ၆ ယောက် (မိန်းကလေး၊ယောက်ျားလေး) ကို ဆရာရှေ့မှာ အတန်းလိုက် တန်းစီခိုင်းပါ။
တစ်ဆက်တည်းညွှန်ကြားချက်များပေးရာတွင် လမ်းညွှန်စကားလုံးများကို အသုံးပြုပါ။ ညွှန်ကြားချက်တွေကို ဂရုတစိုက်နားထောင်ပြီး ၊ အတိအကျလိုက်နာဖို့ ပြောပါ။
**ဥပမာ။ ။** ရှေ့သို့ ခြေလှမ်း ၃ လှမ်း လှမ်းပါ ၊ နောက်သို့ ၂ လှမ်းဆုတ်ပါ ၊ ဘယ်ကွေ့ပါ စသဖြင့်။
L1 နှင့် L2။ ကျန်ရှိနေသောကျောင်းသားများကို အဖွဲ့များဖွဲ့ကာ လမ်းညွှန်ချက်များကိုလိုက်လုပ်ခိုင်းပါ။ (ယခုလှုပ်ရှားမှုကို လုပ်ဆောင်ရန် လိုအပ်လျှင် စာသင်ခန်းအပြင်သို့ထွက်ပါ။)
နေရာအရေအတွက်နှင့် လမ်းညွှန်ချက်စကားလုံးအရေအတွက်ကို တဖြည်းဖြည်း တိုးချဲ့ခြင်းဖြင့် လှုပ်ရှားမှုကို စိန်ခေါ်မှု ရှိအောင် လုပ်ဆောင်ပါ။
ဖြစ် နိုင် လျှင် ၊ အဖွဲ့တစ်ခု စီ အတွက် မတူညီ သော ကလေး များအား ခေါင်းဆောင် အဖြစ်တာဝန်ယူ ဆောင်ရွက်ပါစေ။



# သင်္ချာ

## ပုံသဏ္ဍာန်ဖော်ခြင်း

ကျောက်တုံး၊ အရွက်၊ အစေ့၊ တုတ်ချောင်း စသည့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို အသုံးပြုပါ။
ကလေးတွေကို စားပွဲနားသို့လာခိုင်းပါ။ စုထားပါ။ အရာဝတ္ထု၂မျိုးကို သုံးပြီး ရိုးရှင်းတဲ့ပုံစံတစ်ခုကို ဖန်တီးပါ။
**ဥပမာ။ ။**
 **+**+**+**+
#=#=#=#=
ပုံစံငယ်များပြုလုပ်ရင်း နောက်လာမည့် အရာဝတ္ထုကို ခန့်မှန်းဖို့ ကလေးများကို အားပေးပါ။
ထို့နောက် သစ်ရွက်ပေါ်တွင် ကျောက်တုံးတင်ပြီး ဘေးတွင် တုတ်ချောင်း၊ သစ်ရွက်ပေါ်တွင် ကျောက်တုံးတင်ပြီး ဘေးတွင် တုတ်ချောင်း၊ စသည်ဖြင့် ပုံစံဖော်ပါ။ (အရာဝတ္ထုအမည်များနှင့် ညွှန်ကြားချက်စကားလုံးများကို L2 ဖြင့် မိတ်ဆက်ပေးပြီး ကလေးများအား အသုံးပြုရန် တိုက်တွန်းပါ)
L1 နှင့် L2။ အတန်းကို အဖွဲ့ ငါးဖွဲ့ခွဲပါ။ အုပ်စုတစ်ခုစီကို အရာဝတ္ထုတွေ ပေးပြီး ရိုးရှင်းတဲ့ ပုံစံတွေကို ကြိုးစား လုပ်ဆောင် ခိုင်းပါ။ ဆရာမှ အခန်းအတွင်း လှည့်ပတ်သွားလာပြီး ဘာသာစကားသုံးဖို့ အားပေးပါ။
L2။ ကျောင်းသားများ ယုံကြည်မှုရှိသည်ဟု ခံစားရသည့် အခါ တစ်ဦးချင်းအနေဖြင့် စာအုပ်ထဲတွင် ပုံစံများကို ဆွဲခိုင်းပါ။



## ကိန်းဂဏန်းများကိုရုပ်ပုံများနှင့်ယှဉ်တွဲခြင်း

L1။ ကျောင်းသား/သူများကို ၄ ယောက် တစ်ဖွဲ့ခွဲလိုက်ပါ။ တစ်ဖွဲ့စီကို
 ၁) ရိုးရာသင်္ကေတဖြင့်ရေးထားသော ၁ မှ ၁၀ အထိ နံပါတ်ပါရှိသော ရုပ်ပုံကဒ်များ
 ၂) ၁ မှ ၁၀ အထိ အရေအတွက်ပြပစ္စည်းများပါသော ရုပ်ပုံကဒ်များပေးပါ။ (ဥပမာ။ ခွေးတစ်ကောင်၊ ပုလင်းတစ်လုံး၊ ဘဲသုံးကောင် အစရှိသဖြင့်)
 ၃) သေးငယ်တဲ့ အရာဝတ္ထုပစ္စည်းများ (မျိုးစေ့ စသဖြင့်)
ဆရာမှ နံပါတ်ခေါ်လိုက်သော အခါ အဖွဲ့ထဲရှိကျောင်းသားများ မတူညီသော အလုပ်များလုပ်ဆောင်နိုင်ရန် တာဝန်များခွဲဝေပေးပါ။

- အဖွဲ့ဝင်တစ်ဦးက တူညီတဲ့ ကိန်းဂဏန်းကဒ်ကို ရှာပါ။
- အဖွဲ့ဝင်တစ်ဦးက ရုပ်ပုံကဒ်ကို ရှာပါ။
- အဖွဲ့ဝင်တစ်ဦးက မျိုးစေ့အရေအတွက်အမှန်ကို ရေတွက်ပါ။
- အဖွဲ့ဝင်တစ်ဦးက နံပါတ်ရေးပါ။

L1 နှင့် L2။ ဆရာမှနံပါတ်အသစ်တစ်ခုကိုခေါ်လိုက်တိုင်း ကျောင်းသားများမှ ၎င်းတို့၏တာဝန်များကို ပြောင်းလဲခွင့်ရပါစေ။ အချိန်ရှိလျှင် နံပါတ်ခေါ်ပေးမည့် အကူ ကျောင်းသားများ ကိုအတန်းရှေ့သို့ခေါ်ပါ။



## ပတ်ဝန်းကျင်တွင် ကိန်းဂဏန်းများကို အသုံးပြုခြင်း

L1။ လူမှုပတ်ဝန်းကျင်တွင် ကိန်းဂဏန်း များကို ဘယ်လို အသုံးပြုလဲဆိုသည် ကို ကျောင်းသား/သူ များကို ဥပမာ ပေးခိုင်းပါ။
ဆရာမှ ဥပမာများပေးပါ။ ဥပမာ။ ။ ထို့နေ့အတွက် မိသားစုစားဖို့ အာလူး အလုံးရေကိုရေတွက်စေခြင်း။
ထို့နောက် ကျောင်းသား/သူများကို အခြားသော ဥပမာများကို စဉ်းစားဖို့ အားပေးပါ။
L1 နှင့် L2။ ကျောင်းသား/သူများမှ စဉ်းစားထားသော ဥပမာများကို အဖွဲ့တွင် အရင် မျှဝေပြီး တစ်ဖန် တစ်တန်းလုံး နှင့် ထပ်မံမျှဝေခိုင်းပါ။
L2။ အိမ်စာအနေနဲ့ ကျောင်းသား/သူတွေဟာ နောက်ထပ်ဥပမာ ၃ခုကို မိဘ၊ လူကြီး တို့အား မေးမြန်းပြီး မှတ်စုတွင်ရေးချလာခိုင်းပါ။



## နားထောင်၊ရေး၊ရေတွက်

ကျောင်းသား/သူ တစ်ဦးစီကို ရေတွက်စရာပစ္စည်းများ (ကျောက်တုံး၊ အစေ့၊ တုတ်ချောင်း) ပေးပါ။
ယနေ့ရေတွက်မည်ထက် အနည်းဆုံး ၅ ခုပို၍ပေးပါ။ [အကယ်၍ ၁၀အထိရေတွက်မည်ဆိုလျှင် ၁၅ခုခန့်ပေးပါ။]
L1။ ကိန်းဂဏန်းတစ်ခုကို ခေါ်မယ်ဆိုတာ ကလေးတွေကို ပြောပြပါ။ ဥပမာ။ ၇။ ထိုနံပါတ်ကိုရေးရမည်။ နံပါတ်ဘေးတွင် ရေတွက်စရာများနှင့်ဖော်ပြရမည်။ (L2 ဖြင့် နံပါတ်များကို မိတ်ဆက်ပါ။)
L1 နှင့် L2။ ဆရာမှ နံပါတ်တွေကိုခေါ်ပေးမည့် ကျောင်းသားများကိုရွေးနိုင်သည်။လူတိုင်းပါဝင် လေ့ကျင့်နိုင်ဖို့အချိန်အလုံအလောက်ပေးပါ။



## ကိန်းဂဏန်းများကိုဖတ်ခြင်း

L1 နှင့် L2။ ကျောင်းသား/သူများကို အဖွဲ့ခွဲပြီး တစ်ဖွဲ့စီကို သေးငယ်တဲ့ အရာဝတ္ထုများနှင့် (မျိုးစေ့၊ ကျောက်တုံးတွေ) ၁ မှ ၁၀ အထိ နံပါတ်ကဒ်များပေးပါ (အတန်းငယ်များအတွက် ရိုးရာသင်္ကေတများနှင့် နံပါတ်များကိုအသုံးပြုပါ)
ကျောင်းသား/သူများက ကဒ်တွေကို မကြည့်ဘဲ ရောနှောပြီး ကဒ်တွေကို ကြမ်းပြင်ပေါ်မှာ မှောက်ခိုင်းထားလိုက်ပါ။
ကျောင်းသား တစ်ယောက်က နံပါတ်ကဒ်ယူပြီး နံပါတ်ကို ဖတ်ပြရမည်။ ထိုနံပါတ်နှင့်ကိုက်ညီသော နံပါတ်ကို အခြား ကျောင်းသား တစ်ဦးမှ အရာဝတ္ထုများဖြင့် ရေတွက်ရမည်။
နံပါတ် ၁ မှ ၁၀ ကဒ်အားလုံးကိုထိုနည်းတူစွာ လုပ်ပါ။
L1 နှင့် L2။ နောက်ထပ်တစ်ခေါက် ကျောင်းသား/သူများကို လုပ်ခိုင်းပါ။ ယခုတစ်ခေါက်တွင် နံပါတ်ခေါ်သော ကျောင်းသားများနှင့် ပစ္စည်းများရေတွက်ရသူများကို ပြောင်းလဲတာဝန်ပေးပါ။



## တိုင်းတာခြင်း

ယနေ့ အခန်းထဲမှာ မတူတဲ့အရာတွေကို တိုင်းတာမယ်လို့ ကျောင်းသား/သူ များကို ပြောပါ။ဥပမာ။ စားပွဲ ၊ ကုလားထိုင် ၊ ခုံ များ ၊ ကျောက်သင်ပုန်း၊ စာအုပ် နှင့် ဖျာ များ။
ကျောင်းသား/သူများအား မတူညီသော ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခုကို "တိုင်းတာ" ရန် အတွက် အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပါ။
**ဥပမာ။** ။ လက်၊ လက်မောင်း (လက်ချောင်းမှ တံတောင်ဆစ် အထိ)၊ ခြေထောက်။ နမူနာအနေဖြင့် ဆရာမှ စားပွဲကို လက်ဖြင့် တိုင်းတာ ပြနိုင်သည်။(တိုင်းတာနေစဉ် လိုအပ်သည့် သာမန်စကားစုများ (သို့) စကားလုံးများကို L2 ဖြင့် မိတ်ဆက်လေ့ကျင့်ပေးနိုင် သည်။)
အတန်းကို အဖွဲ့ငယ်အလိုက် ၃ ယောက် ကနေ ၄ ယောက်အထိ ခွဲပါ။
L1 နှင့် L2။ ဆရာက သီချင်းဆို (သို့) လက်ခုပ်တီးတဲ့အခါ ကျောင်းသား/သူ အားလုံးကို အခန်းထဲမှာ လမ်းလျှောက် ခိုင်းပါ။ ရုတ်တရက်ရပ်ပြီး အခန်းထဲမှ တစ်ခုခုကို တိုင်းတာဖို့ ညွှန်ကြားပါ။ **ဥပမာ။** ။လက်နှင့်ကုလားထိုင်ကို တိုင်းတာပါ၊ ဖျာကိုခြေထောက်နှင့်တိုင်းပါ၊ (သို့) စာအုပ်ကို လက်ဖျား ထိပ်များ နှင့်တိုင်းပါ။ အဖွဲ့လိုက် ညွှန်ကြားချက်တွေကို လိုက်နာဖို့ အလျင်အမြန်စုဝေးရမည်။ အရာဝတ္ထုတစ်ခုစီရဲ့ အရွယ်အစားနဲ့ အသုံးပြုတဲ့ တိုင်းတာရေးယူနစ်ကို မှတ်တမ်းတင်ထားရမည်။
**ဥပမာ။** ။ စာသင်ခန်းက မျိုးမျိုး ရဲ့ လက်မောင်း ၉ ခုစာလောက် ရှည်ပါတယ်။ သင်ပုန်းက ချစ်ချစ်ရဲ့ လက် ၇ ခုစာလောက်ရှည်ပါတယ်၊ စားပွဲက ဒိုးဒိုးရဲ့ ခြေဖဝါး လေးခုစာလောက်ရှည်ပါတယ်။ အမြန်ဆုံး နှင့် တိကျမှန်ကန်သောတိုင်းတာချက်တစ်ခုကို ပထမဆုံး ရရှိသည့် အဖွဲ့က အမှတ်တစ်မှတ်ရရှိမည်။
L2။ ထပ်မံလေ့ကျင့်လုပ်ဆောင်ပါ။ အချိန်ရှိလျှင် ကလေးတွေကို စာသင်ခန်းအပြင်ဘက်ခေါ်သွားပြီး မိမိ နှစ်သက်ရာ ခန္ဓာကိုယ်အစိတ်အပိုင်းအသုံးပြုပြီး ပစ္စည်းများကို တိုင်းတာပြီး ၎င်းတို့၏မှတ်စုစာအုပ်များတွင် ရေးမှတ်ခိုင်းပါ။

## လက်တွေ့လေ့လာခြင်း။ ။ ပတ်ဝန်းကျင်တွင်တွေ့ရသော အရာဝတ္ထုများ၏ပုံသဏ္ဍာန်ကိုခွဲခြားခြင်း။

L1။ ပုံသဏ္ဍာန်လေးမျိုးနဲ့ ၎င်းတို့၏ အမည်လေးမျိုးကို ပြန်သုံးသပ်ပါ။ (စက်ဝိုင်း၊ စတုရန်း၊ စိန်ပုံသဏ္ဍာန် ၊ တြိဂံ) ကျောင်းသားများ ကို အပြင်ခေါ်သွားပြီး ပုံသဏ္ဍာန်အမျိုးမျိုး ရှိတဲ့ အရာဝတ္ထုတွေကို ရှာဖွေခိုင်းပါ။ ဘယ်အရာတွေကစက်ဝိုင်းလို ပုံသဏ္ဍာန်ရှိသလဲ။ စတုရန်းပုံရှိသလဲ။ စိန်တုံးပုံရှိသလဲ။ ထောင့်မှန်စတုဂံပုံရှိသလဲ။ ထိုအရာတွေကို နာမည်ပေးခိုင်းပါ (သို့) အဲဒီပုံသဏ္ဍာန်တွေရှိတဲ့ အရာတွေ အတတ်နိုင်ဆုံး စဉ်းစားခိုင်းပါ။ (အရာဝတ္ထုနဲ့ ပုံသဏ္ဍာန်အမည်တွေကို L2 ဖြင့် မိတ်ဆက် လေ့ကျင့်ပေးပါ။)
L1 နှင့် L2။ စာသင်ခန်းထဲ ပြန်သွားပါ။ ကျောက်သင်ပုန်း၏အပေါ် ပိုင်းတွင် ပုံသဏ္ဍာန်လေးခု၏အမည်ကို ရေးပါ။ ထို့နောက် ကျောင်းသားများအား အပြင်တွင်တွေ့ရှိခဲ့သည့် အရာများကို ပြောခိုင်းပါ။ ကျောင်းသား/သူများက မတူတဲ့အရာတွေကို ပြောပြီး ၎င်းတို့၏ ပုံသဏ္ဍာန်ကိုလည်း ပြောရပါမည်။
**ဥပမာ။** ။ "လိမ္မော်သီးက စက်ဝိုင်းပုံသဏ္ဍာန်နှင့်တူသည်။"
ကျောင်းသား/သူများသည် အရာဝတ္ထုများကို ပြောဆိုကြစဉ် အရာဝတ္ထု၏အမည်ကို သင်ပုန်းပေါ် ရှိ သက်ဆိုင်ရာ ကော်လံတွင်ရေးပါ။
အရာဝတ္ထုအားလုံးကို စာရင်းလုပ်ပြီးသည့်အခါ ပစ္စည်းတိုင်းကို ကျောင်းသား/သူ တွေနဲ့အတူတကွ ဖတ်ပါ။
L2။ ကျောင်းသား/သူများအား မှတ်စုစာအုပ်ထဲတွင် အရာဝတ္ထုအမည် ၁၀ မျိုးရေးခိုင်းပြီး၊ ၎င်းတို့၏ပုံသဏ္ဍာန်ကိုလည်း ရေးဆွဲခိုင်းပါ။

## နံပါတ်ခန့်မှန်းပါ။

L1။ သင်ပုန်းပေါ်တွင် နံပါတ် ၁ မှ ၅ (သို့) ၁ မှ ၁၀ အထိနံပါတ် တစ်ခုကိုရေးပါ။ (သင်ကြားပြီးသော သင်ခန်းစာအပေါ် မူတည် ၍) ထို့နောက် ကျောင်းသားများ မမြင်နိုင်အောင် ဖုံးထားပါ။ ကျောင်းသား/သူ များက ဘာ ဂဏန်းလဲဆိုတာ ကြိုးစားပြီး မှန်းရမည်။ "ဆရာမရဲ့ နံပါတ်ကမြင့်တယ် (သို့) နံပါတ်က နိမ့်တယ်" စသဖြင့် ဆရာက  အဖြေကို အရိပ်အမြွက်သုံး၍ သာဖြေဆိုနိုင်သည်။ (စကားစုများကို L2  ဖြင့် မိတ်ဆက်ပါ) မှန်အောင်ခန့်မှန်းနိုင်သောသူက နောက်ထပ်ဂဏန်းတစ်လုံးကို ရေးပြီး ဝှက်ထားနိုင်သည်။ အခြားသူများက ထပ်မံခန့်မှန်း ရမည်။
L1 နှင့် L2။ အခြားကျောင်းသားများ ဦးဆောင်ဖို့ အခွင့်အရေးရရှိရန်အတတ်နိုင်ဆုံး များများ လေ့ကျင့်ပါ။

## အချိန်နှင့် လုပ်ရိုးလုပ်စဉ်

L1။ တစ်နေ့တာရဲ့ အဓိကအချိန်များအတွက်သုံးသော စကားလုံးတွေကို ပြောပြခိုင်းပါ။ ဥပမာ ၊ နံနက်၊ မွန်းတည့်၊ မွန်းလွဲ ၊ ည။
ကျောက်သင်ပုန်းပေါ်တွင် စာလုံးများကို ရေးပါ (သို့) ဓာတ်ပုံများ ကို အသုံးပြုပါ။
L1 နှင့် L2။ နံနက်ပိုင်းအတွက်သုံးသော စကားလုံး (သို့) ရုပ်ပုံ ကိုညွှန်ပြပြီး သာမန် နံနက်ပိုင်းတွင် လုပ်ဆောင်လေ့ ရှိသော အရာများကို မေးပါ။ (ကျောင်းသား/သူများ မသိသော L2 စကားလုံးများကို ဆရာမှ ကူညီပြောပြပေးနိုင်သည်)
နေ့တစ်နေ့ ၏ အခြားသောအချိန်များအတွက် ထိုနည်းတူစွာ လုပ်ဆောင်ပါ။
အချိန်ရှိလျှင် လုပ်ရိုးလုပ်စဉ်များကို ပြဇာတ်အနေဖြင့် သရုပ်ပြလုပ်ဆောင်ပါ။
L2။ မှတ်စုစာအုပ် တွင် ကျောင်းသား/သူ များ အား တစ်နေ့ တာ၏ အချိန်များ ကို ပုံဆွဲ ခိုင်းပြီး ပုံ၏ ဘေးတွင် ၎င်းတို့လုပ်ဆောင်လေ့ရှိသော အရာများကို ရေးခိုင်းပါ။

# ကိုးကားချက်များ


1. **Adesope, O. O., & Nesbit, J. C. (2013).** Verbal and nonverbal abilities and early academic achievement in a multilingual sample. International Journal of Bilingual Education and Bilingualism, 16(2), 145-164. https://doi.org/10.1080/13670050.2012.690526
2. **Baker, C. (2001).** Foundations of Bilingual Education and Bilingualism (3rd edn.) Clevedon: Multilingual Matters.
3. **Ball, J. (2011).** Educational equity for children from diverse language backgrounds: Mother tongue-based bilingual or multilingual education in the early years: Summary. Presentation to UNESCO International Symposium: Translation and Cultural Mediation, Paris: UNESCO, 22/23 February 2010, on the occasion of the 11th International Mother Language Day.
4. **Ball, J., & Ellis, S. (2019).** Language learning and development: The impact of teaching and learning contexts on language development. Language Teaching, 52(1), 1-19. https://doi.org/10.1017/S0261444818000316
5. **Benson, C. (2016).** Addressing language of instruction issues in education: Recommendations for documenting progress. Background paper commissioned by UNESCO for the global education monitoring report 2016. Paris: UNESCO. http://unesdoc.Unesco.Org/images/0024/002455/245575E.Pdf
6. **Byram, M., & Wagner, M. (2018).** Languages for intercultural communication and education. Multilingual Matters. https://doi.org/10.21832/9781783099453
7. **Chumbow, B. S. (2013).** Mother tongue-based multilingual education: Empirical foundations, implementation strategies and recommendations for new nations. In H. McIlwraith (Ed.), Multilingual education in Africa: Lessons from the Juba Language-in-Education Conference (pp. 37-55).
8. **Collier, V.P., & Thomas, W.P. (2004).** The astounding effectiveness of dual language education for all. NABE Journal of Research and Practice, 2(1), 1-20.
9. **Cummins, J. (2009).** Fundamental psycholinguistic and sociological principles underlying educational success for linguistic minority students. In Skutnabb-Kangas, Tove, Robert Phillipson, Ajit Mohanty, and Minati Panda (eds.), Social justice through multilingual education, 19–35. Clevedon, UK: Multilingual Matters.
10. **Cummins, J. (2017).** Multilingualism and cognition. Annual Review of Applied Linguistics. 37, 20-35. https://doi.org/10.1017/S0267190516000223
11. **Dekker, D. (2016).** Filipino teachers: key to nurturing learning through MTB-MLE. Fifth International Conference on Language and Development. Sponsored by UNESCO, UNICEF, SEAMEO, Mahidol University, Save the Children, SIL International. Bangkok, Thailand. October 19-21, 2016.
12. **Dekker, D. (2017).** Finally shedding the past: Filipino teachers negotiate their identities within a new mother tongue-based multilingual education policy landscape. Thesis.

13. **Droop, M. & Verhoeven, L. (2003).** Language Proficiency and reading ability in first and second language learners. Reading Research Quarterly 38. No. 1 (pp. 78–103).

14. **European Commission. (2013).** Supporting teacher competence development for better learning outcomes. European – Education and Training.

15. **Garcia, O., & Wei, L. (2014).** Translanguaging: Language, bilingualism and education. Palgrave Macmillan. https://doi.org/10.1057/9781137385765

16. **Kuhl, P. K. (2010).** Brain mechanisms in early language acquisition. Neuron, 67(5), 713-727. https://doi.org/10.1016/j.neuron.2010.08.038

17. **Lightbown, P., & Spada, N. M. (2006).** How languages are learned. Oxford [England: Oxford University Press.

18. **Malone, D. & Malone, S. (2011).** Teacher Education for Mother Tongue-Based Education Programs. SIL International.

19. **Malone, D. and Malone, S. (2012).** Presentation at training-workshop on bridging between languages in mother language-based education under the new K-12 curriculum. May 14-26, 2012. St. Louis University, Baguio City, Philippines.

20. **Malone, S. (2004).** Planning learner-centered adult literacy programs in ethnic minority communities. Bangkok: UNESCO.

21. **Malone, S. (2007).** Education in ethnic minority communities: Questions to consider and problems to solve. In Caroline Haddad (ed.), Promoting literacy in multilingual settings, 10–16. Bangkok: UNESCO.

22. **Malone, S. (2010).** Activities for early grades of mother tongue (l1)-based multilingual education programs. SIL International.

23. **Malone, S. (2013).** Resource for developing graded reading materials for mother tongue-based education. SIL International archived materials. http://www.sil.org/sites/default/files/files/resource_for_developing_graded_reading_materials_2013.pdf

24. **Malone, S. (2014).** L1-L2-L1 in primary grades. SIL International.

25. **Malone, S. (2016).** Supporting MTB MLE to achieve sustainable development for all: what have we learned about successful programs? Keynote Address. Fifth International Conference on Language and Development. Sponsored by UNESCO, UNICEF, SEAMEO, Mahidol University, Save the Children, SIL International. Bangkok, Thailand. October 19-21, 2016.

26. **Nicoladis, E. (2018).** Cognitive benefits of bilingualism/second language learning. Language Teaching, 51(2), 157-166. https://doi.org/10.1017/S0261444817000429

27. **SEMEAO. (2009).** Mother tongue as bridge language of instruction: Policies and experiences in Southeast Asia. Bangkok.

28. **Thomas, W. P., & Collier, V. P. (2017).** Dual language education for a transformed world. Teachers College Press. https://doi.org/10.1177/1525740118820164

29. **Trudell, B. & Young, C. (2016).** Good answers to tough questions in mother tongue-based multilingual education. SIL International.

30. **UNESCO (2004).** Manual for developing literacy and adult education programmes in minority language communities. Revised edition. Prepared and edited by Dr. Susan Malone. Bangkok: UNESCO Asia and Pacific Regional Bureau for Education.

31. **UNESCO. (2003).** Education in a multilingual world. UNESCO Education Position Paper. Paris: UNESCO. http://unesdoc.unesco.org/images/0012/001297/129728e.pdf

32. **UNESCO. (2006).** Promoting literacy in multilingual settings. UNESCO Bangkok. ISBN-9-292-23100-6

33. **UNESCO. (2007a).** Advocacy kit for promoting multilingual education: Including the excluded. Bangkok: UNESCO Bangkok.

34. **UNESCO. (2007b).** Mother tongue-based literacy programmes: Case studies of good practice in Asia. Bangkok: UNESCO Bangkok.

35. **UNESCO. (2008).** Improving the quality of mother tongue-based literacy and learning.

36. **UNESCO. (2017).** Child-to-Adult dictation in teaching and learning to read in a multilingual context: Ways forward for three sub-Saharan African countries (Burkina Faso, Niger, Senegal).

37. **UNESCO. (2019).** Global Education Monitoring Report 2019: Migration, displacement and education: Building bridges, not walls. UNESCO Publishing.

38. **UNHCR. (2023).** Figures at a glance. Accessed April 18, 2023. https://www.unhcr.org/figures-at-a-glance.html


39. **Williams, A., Metila, R., and Pradilla, L.A. (2015).** Understanding best practices in MTB-MLE in the Philippines. ACTRC Forum.









# THE INCLUSIVE EDUCATION FOUNDATION ၏ ဘာသာစကားမျိုးစုံသုံးပညာရေးဆိုင်ရာ အခြားသောအရင်းအမြစ်များ




**ဘာသာစကားမျိုးစုံသုံးပညာရေးတွင် ဆရာ/မများ၏ အရည်အသွေးစံချိန် စံနှုန်း မူဘောင် (Multilingual Education Teacher Competency Standards Framework)** သည် ကမ္ဘာတစ်ဝှမ်းမှ ဘာသာစကာမျိုးစုံသုံး သင်ကြားရေး နှင့်သင်ယူလေ့လာရေး အတွက် အသုံးပြုသော၊ ညွှန်ပြထားသော နည်းလမ်းများနှင့် အလေ့အကျင့်ကောင်း များကို ရှာဖွေဖော်ထုတ် စစ်ဆေးရန် ကြိုးပမ်းထားပါသည်။ နယ်ပယ် ၃ ခုနှင့် ဆရာ/မ အရည်အသွေး စံနှုန်း ၂၀ ခု သည် ထိရောက်မှုရှိသော ဘာသာစကား လေ့လာခြင်း၊ ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားနိုင်ခြင်းတို့ကို ဖြစ်စေသော အသိပညာဗဟုသုတကြွယ်ဝမှု၊ ကျွမ်းကျင်မှုများ၊ နားလည်နိုင်စွမ်း၊ တန်ဖိုးများနှင့် သဘောထားများကို အကဲဖြတ်နိုင်ရန်ရည်ရွယ်သည်။ MLE မူဘောင် သည် ဘာသာစကားအမျိုးမျိုးပြောသော လူမှုရပ်ဝန်းများတွင် ဆရာ/မများအား စစ်မှန် သော သင်ယူလေ့လာခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ် သော အဓိကလိုအပ်သည့် ဘာသာစကားမျိုးစုံသုံး သင်ကြားရေးဆိုင်ရာ အရည်အသွေး များ ကို စုစည်းဖော်ပြထားသည်။ အရည်အသွေးမီ ဘာသာစကားမျိုးစုံ သုံး သင်ကြားရေး အတွက် ကိုးကားချက်၊ အခြေခံစံနှုန်းသတ်မှတ်ချက်အဖြစ် အသုံး ပြုနိုင်မည့် ပင်မအရည်အသွေးစံသတ်မှတ်ချက်များကို ဤမူဘောင်မှ တင်ပြ ထား သည်။





ဘာသာစကားအမျိုးမျိုးအသုံးပြုသောစာသင်ခန်းတွင် သင်ကြားပေးသော ဆရာများ အား ၎င်းတို့၏ သင်ကြားရေးနည်းစနစ်များပေါ်တွင် ဝေဖန်အကြံပြုချက် တိတိကျကျ ပေးနိုင်ရန်အတွက် MLE ဆရာအရည်သွေးစံချိန်စံနှုန်းမူဘောင်ကို **စာသင်ခန်း စောင့်ကြည့်လေ့လာခြင်း ကိရိယာ** ဖန်တီးရာတွင် အသုံးပြုခဲ့သည်။ ဆရာ/မများကို ပုံမှန် စောင့်ကြည့်လေ့လာသောအခါ ၎င်းကို ဆရာ/မများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင်လည်း အသုံးပြုနိုင်သည်။ စောင့်ကြည့်လေ့လာခြင်းကိရိယာ ကို အင်္ဂလိပ်၊ မြန်မာနှင့် စကောကရင် ဘာသာစကားတို့ဖြင့် ရယူနိုင်သည်။




ကျောင်းသားများစွာကို ကိုင်တွယ်ရခြင်း၊ သင်ထောက်ကူပစ္စည်းများကို ပြင်ဆင်ရခြင်းနှင့် သင်ကြားရေးပြင်ပတာဝန်များကို ဆောင်ရွက်ရခြင်းတို့ကြောင့် တစ်နေ့တာကာလတွင် ပြန်လည်စဉ်းစားသုံးသပ်ရန်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု စဉ်ဆက်မပြတ် တိုးတက်စေရန် အတွက် အချိန်လုံလောက်မှုမရှိပါ။ သင်ယူ-ရွေးချယ်-အသုံးပြု (LCU) နည်းလမ်းကို ဆရာ/မများအတွက် နေ့စဉ် သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် ဆရာ/မများနှင့်အတူ အကောင်အထည် ဖော်ထားခြင်းဖြစ်သည်။ သင်ကြားရေး နည်းဗျူဟာများ၊ နည်းလမ်းများ၊ လုပ်ရိုးလုပ်စဉ်များနှင့် ဆရာ/မများကို ထိရောက်မှုရှိစွာ မိတ်ဆက်ပေးနိုင်ရန်၊ ဆရာ/မများနှင့် ၎င်းတို့ စာသင်ခန်းများ အတွက် မှန်ကန်သည့် သင်ကြားရေး နည်းလမ်းများကို ရွေးချယ်နိုင်ရန် LCU နည်းလမ်းကို ဖန်တီးပုံဖော်ထားခြင်းဖြစ်သည်။

# THE INCLUSIVE EDUCATION FOUNDATION မှထုတ်ဝေထားသော MLE သုတေသနများ



Journal of Multilingual Theories and Practices

JMTP (PRINT) ISSN 2632-4490
JMTP (ONLINE) ISSN 2632-4504

Article

## Assessing multilingual teacher competencies: A case study of indigenous teachers on the Thai–Myanmar border

*Greg Tyrosvoutis,[a] Lawi Chan,[b] Naing Win,[c] Saw Eh Kwe Htoo,[d] Khun John Bosco Wai Lwin Oo (1988–2021),[e] Naw New Temple Htun,[f] Naw Paw Kolo Htoo,[g] Saw Dah Chit,[h] Saw Naing Lin[i] and Nai Rot Ong Mon[j]*

**Abstract**

There are 117 living languages in Myanmar (Lewis et al., 2016). In a country of 53 million people, over 23 million are fluent in one of the seven main indigenous language clusters: Shan, Mon, Rakhine (Rohingya), Chin, Kachin, Karenni (Kayah), and Karen (Kayin) (World Bank, 2018). Even during the January 2011 – January 2021 period under a democratically elected civilian government, the official language of oral and written instruction in all government schools remained rigidly singular. In many of Myanmar's ethnolinguistic minority communities, the national language is only first encountered in schools and rarely used at home. An assessment of multilingual education (MLE) teacher competencies was used to assess the specific proficiencies needed to effectively promote multilingual education with 16 teachers working in areas under ethnic administration in southeastern Myanmar, as well as one temporary shelter on

**Affiliations**

[a] TeacherFOCUS, Thailand (corresponding author)
email: gregteacherfocus@gmail.com
[b] TeacherFOCUS, Thailand
[c] TeacherFOCUS, Thailand
[d] Thailand
[e] Kayan New Generation Youth (KNGY), Myanmar
[f] Karen Education and Cultural Department (KECD), Myanmar
[g] The Karen Teachers' Working Group (KTWG), Myanmar
[h] The Karen Refugee Committee - Education Entity (KRCEE), Thailand
[i] Rural Indigenous Sustainable Education (RISE), Myanmar
[j] The Mon National Education Committee (MNEC), Myanmar

Submitted: 2019-06-18 Accepted: 2022-06-26

JMTP VOL 3.2 2022 274–297
https://doi.org/10.1558/jmtp.11860


©2022, EQUINOX PUBLISHING

equinox
equinoxonline

ဘာသာစကားမျိုးစုံသုံး ပညာရေး (MLE)မှ ဆရာ/မများ၏အရည်အသွေးများကို အကဲဖြတ်ခြင်းအား ထိုင်း-မြန်မာနယ်စပ်ရှိ ယာယီခိုလှုံရာနေရာတစ်ခုနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်မှ ဒေသများတွင် အလုပ်လုပ်နေသော ဆရာ/မ ၁၆ ယောက်နှင့် ဘာသာစကားမျိုးစုံသုံးပညာရေးကိုထိရောက်စွာမြှင့်တင်နိုင်ရန် အတိအကျလိုအပ်သော ကျွမ်းကျင်မှုများကို အကဲဖြတ်ခြင်းအတွက် အသုံးပြုခဲ့သည်။ ထိုသို့အကဲဖြတ်ရခြင်း၏ရည်ရွယ်ချက်မှာ ရှိနေပြီးသား အရည်အသွေးများနှင့် တိုးတက်အောင်လုပ်ဆောင်၍ရသေးသော နယ်ပယ်များကို ရှာဖွေဖော်ထုတ် နိုင်ရန်ဖြစ်သည်။ ခြုံပြောရလျှင် ကလေးများကို ၎င်းတို့၏မိခင်ဘာသာစကားမှ L2 (အခြေအနေပေါ်မူတည်၍ မြန်မာ (သို့) အင်္ဂလိပ်ဘာသာစကား)ကို ကောင်းမွန်စွာကူးပြောင်းနိုင်အောင်ပံ့ပိုးပေးရန် အနိမ့်ဆုံး MLE အရည်အသွေး လိုအပ်ချက်များကို ပြည့်မီကြောင်း စောင့်ကြည့်လေ့လာထားသည့် တိုင်းရင်းသားနှင့် ဒုက္ခသည် ဆရာ/မများ၏ ၉၄%က ပြသခဲ့သည်။ KECD၊ KNGY၊ KTWG၊ MNEC၊ RISE၊ KRC–EE နှင့် ထိုင်းနှင့်မြန်မာ ကမ္ဘာ့ပညာရေး အဖွဲ့များအားလုံးအတူတစ်ကွ ဤစာတမ်းကို အကောင်အထည် ဖော်ခဲ့သည်။




InEd's MLE ဆရာ/မများ၏အရည်အသွေးစံချိန်းစံနှုန်းမူဘောင်ကို အသုံးပြုပြီး ဘာသာစကားမျိုးစုံသုံးသော စာသင်ခန်းများတွင် သင်ကြားပေးနေသော ကရင်ဆရာ/မ ၁၂ ယောက်၏ MLE အရည်အသွေးများကို အကဲဖြတ်ရန် KECD နှင့် ပူးပေါင်း၍ စာသင်ခန်းကို စောင့်ကြည့်လေ့လာခြင်းကို ကျင့်သုံးသည့် စာတမ်းတစ်စောင်ကို လုပ်ဆောင်ခဲ့သည်။ ဤစာတမ်းသည် စက်တင်ဘာလ ၂၀၁၉ ခုနှစ်တွင် ဘန်ကောက် ၌ ကျင်းပခဲ့သော အားလုံးပါဝင်နိုင်ခြင်း၊ လွတ်လပ်စွာ ရွေ့ပြောင်းနိုင်ခြင်း နှင့် ဘာသာစကားမျိုးစုံသုံးပညာရေးဆိုင်ရာ ကွန်ဖရင့်မှ မျှဝေခဲ့သော ဘာသာစကားမျိုးစုံ သုံးပညာရေး နယ်ပယ်မှ“ အလေ့အကျင့်ကောင်းများ” နှင့်ပတ်သတ်သော ဟောပြောချက်များကို မီးမောင်းထိုးပြရန်နှင့် စိန်ခေါ်မှုများ သော MLEစာသင်ခန်းများတွင် သင်ကြားပေးနေသော ဒေသတွင်း သင်တန်းပေးထားသော ဆရာ/မများ၏ တစ်မူထူးခြားသော အရည်အသွေးများ ကိုလည်း ထင်ရှားပေါ်လွင်စေရန် ရည်ရွယ်ပါသည်။


A
诶
தமிழ்
टी
T
ض
अ
Hi!
嗨
FR
ไทย
EN
Hola!
中文
한글
A
안녕
अ
文
あ
A